# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖြို ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၃ ရက်၊ ကြာသပတေးနေ့။ 7, Thursday July 2016 (၈၆၀၅)


**မွေ့လျော်ကြကုန်၏**

မမေ့လျော့သောပညာရှိတို့သည် ဤသို့ ထူးခြားကြောင်းကိုသိ၍ မမေ့လျော့သောသတိတရား၌ ရွှင်လန်းဝမ်းမြောက်ကုန်လျက် အရိယာတို့၏ ကျက်စားရာ လောကုတ္တရာတရားကိုးပါးတို့တွင် မွေ့လျော်ကြကုန်၏။

**အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၂)**

# မနော်ဒါးခူ ကို ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်ကြောင်း ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၆

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူကို ရွေးချယ်၍ ကျေးဇူးတင်လွှာ ထုတ်ပြန်ပေးလျက်ရှိရာ ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ခဲ့သည့် မွေးရာပါလက်နှစ်ဖက်မပါရှိသူ မနော်ဒါးခူ ကို ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဇူလိုင် ၅ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ ကျေးဇူးတင်လွှာ**
**၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)**

၁။ နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးနှင့် လိုက်လျောညီထွေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး၊ နိုင်ငံသူနိုင်ငံသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးဟူသော ရည်မှန်းချက်များချမှတ်၍ ပြည်သူလူထုနှင့်လက်တွဲကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့တောင်အာရှနှင့် အာရှမှသည် နိုင်ငံတကာမျက်နှာစာထိ နိုင်ငံတော်၏ဂုဏ်သိက္ခာ၊ ပုံရိပ်ပြန်လည် မြှင့်တင်နိုင်ရန်အတွက် နိုင်ငံသူနိုင်ငံသားတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကဏ္ဍတစ်ရပ်အဖြစ် ဖော်ဆောင်လျက်ရှိရာ နိုင်ငံသူနိုင်ငံသားများကလည်း လှုံ့လဝီရိယ၊ ပညာ၊ မေတ္တာ၊ စေတနာတို့ကို အရင်းတည်၍ ဝိုင်းဝန်းကြိုးပမ်းအထောက်အကူပြုနေကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိနေရပါသည်။

၃။ နိုင်ငံတော်တည်ဆောက်ရေးတွင် အနာဂတ်ခေါင်းဆောင်များအဖြစ် နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြရမည့် ယနေ့လူငယ်လူရွယ်များ၏ စာရိတ္တမဏ္ဍိုင်၊ တွေးခေါ်မြော်မြင်နိုင်စွမ်းပြည့်ဝသည့် ကိုယ်ရည်ကိုယ်သွေး စိတ္တမဏ္ဍိုင်နှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုပညာ့မဏ္ဍိုင်တို့ အခြေခံကျကျလိုအပ်နေပါသည်။ သဘာဝသယံဇာတဟူသည် ကုန်ခန်းနိုင်သော သဘောသဘာဝရှိပြီး လူငယ်တို့၏

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်မြင့်တက်နိုင်

**နေပြည်တော် ဇူလိုင် ၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် နှစ်ပေခန့်နှင့် ဟုမ္မလင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေများသည် ခန္တီးမြို့တွင် နောက်တစ်ရက်အတွင်း ပေဝက်ခန့်နှင့် ဟုမ္မလင်းမြို့တွင် နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားကြောင်း သိရသည်။

**(ကြေးမုံ)**





ဓာတ်ပုံ - mykhayee.com

# ကျောက်ခေတ်မြန်မာ ပြဒါးလင်းဂူမှာလေ့လာ

မြန်မာနိုင်ငံတွင် ပြည်တွင်း/ပြည်ပ ခရီးသွားများ တစ်နှစ်ထက်တစ်နှစ်များပြားလာသည်။ ၂၀၁၄ ခုနှစ်အတွင်း ပျူမြို့ပြနိုင်ငံများဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းတို့သည် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင်ခဲ့သည်။ ၂၀၁၅ခုနှစ် ဇွန်လ ၉ ရက်နေ့ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် (၃၇)ကြိမ်မြောက် သဘာဝပတ်ဝန်းကျင်အစည်းအဝေးတွင် ရှမ်းပြည်နယ် အင်းလေးဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံး လူနှင့် ဇီဝအဝန်းနယ်မြေအဖြစ် ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီးက အတည်ပြုသတ်မှတ်ခဲ့သည်။ ထိုသို့ထူးခြားစွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံအား ကမ္ဘာ့နိုင်ငံအသီးသီးမှ သိရှိသူများပြားလာပြီး ကမ္ဘာလှည့်ခရီးသွားများ ပိုမိုများပြားလာခဲ့သည်။ ရှေးဟောင်းစေတီပုထိုးများရှိရာ ပုဂံညောင်ဦး၊ ရခိုင်ပြည်နယ်ရှေးဟောင်းစေတီပုထိုးများရှိရာ မြောက်ဦး၊ ငပလီနှင့် ချောင်းသာကမ်းခြေ၊ ရှမ်းပြည်နယ် အင်းလေးကန်ဒေသများအပြင် နယ်ပယ်ဒေသသစ်များ ရှာဖွေဖို့လိုအပ်လာသည်။

ကရင်ပြည်နယ်ရှိ မြိုင်ကြီးငူဒေသနှင့် သံတောင်ဒေသ၊ ကချင်ပြည်နယ်တွင် အင်းတော်ကြီးကန်နှင့် ရေခဲများဖုံးလွှမ်းနေသည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




☆ ရှေ့ဖုံးမှ

စွမ်းအားအရင်းအမြစ်သည်သာ မကုန်ခန်းနိုင်သော နိုင်ငံ၏ကြွယ်ဝမှု သယံဇာတပင် ဖြစ်ပါသည်။ နိုင်ငံတော်ကို တည်ဆောက်ကြရာတွင် လူငယ်တို့၏ အနာဂတ်နှင့် ဆက်စပ်တည်ဆောက်ကြရန် လိုအပ်သည့် နည်းတူ လူငယ်များကလည်း ကိုယ်စီကြိုးပမ်း အားထုတ်မှုများဖြင့် ပါဝင်လျှောက်လှမ်းကြရန် အရေးကြီးပါသည်။

၄။ မျိုးဆက်သစ် လူငယ်တစ်ဦးဖြစ်သော မနော်ဒါးခူသည် ၂၀၁၃-၂၀၁၄ နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခဲ့ရာတွင် ကျရှုံးခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အောင်မြင်အောင် ဖြေဆိုနိုင်ခဲ့ပါသည်။ မနော်ဒါးခူသည် တပ်မတော်စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်သော ဖခင်ဖြစ်သူ တပ်ကြပ်စောသာဒေါနှင့် ဖခင်ပေါ်သာ မှီခိုနေရသည့် မိခင်ဖြစ်သူ ဒေါ်နော်ဖောကိုတို့၏ မွေးချင်း ငါးယောက်ထဲမှ အငယ်ဆုံးဖြစ်ပြီး မွေးရာပါ လက်နှစ်ဖက်လုံးမပါရှိသူ ဖြစ်သော်လည်း ခြေထောက်ဖြင့် စာရေးနိုင်အောင် သူငယ်တန်းမတက်မီကပင် ကြိုးစားလေ့ကျင့်ခဲ့သူ ဖြစ်ပါသည်။ မနော်ဒါးခူ၏ မိဘများမှာလည်း နွမ်းပါးသူများဖြစ်သဖြင့် ကျောင်းနေကာလတစ်လျှောက်လုံးတွင် ပြင်ပကျူရှင်များ လုံးဝတက်ရောက်နိုင်ခြင်းမရှိခဲ့ဘဲ ဆရာဆရာမများက ကျောင်းစာသင်ချိန်အတွင်း၌သာ ပို၍အလေးထားသင်ကြားပေးခဲ့ရုံသာရှိပါသည်။ မနော်ဒါးခူသည် မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့သူဖြစ်သော်လည်း ဘဝကိုအလွယ်တကူအရှုံးမပေးဘဲ ခိုင်မာသည့် စိတ်ဓာတ်၊ ထက်သန်သည့် လုံ့လဝီရိယတို့ဖြင့် အများနည်းတူ ပညာသင်ကြားအောင်မြင်ရေးနှင့် ဘွဲ့တစ်ခုခုရရှိအောင်ကြိုးစားပြီး ဘွဲ့ရရှိပါက သင့်လျော်သည့် လုပ်ငန်းဌာနတစ်ခုခုတွင် နိုင်ငံ့တာဝန် ထမ်းရွက်မည်ဟူသော ရည်မှန်းချက်ချမှတ်ထားသူဖြစ်ပါသည်။ ဤကြိုးပမ်းအားထုတ်မှုများသည် မနော်ဒါးခူကဲ့သို့ သော မသန်စွမ်းကလေးသူငယ်များအတွက်သာမက လူငယ်လူရွယ်၊ ကျောင်းသားကျောင်းသူများ အားကျအတုယူဖွယ်ရာ ပြယုဂ်တစ်ခုအဖြစ် ဝမ်းမြောက်ဖွယ်တွေ့ရှိရပါသည်။

၅။ သို့ဖြစ်၍ ယခုနှစ် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မနော်ဒါးခူအား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၆။ မနော်ဒါးခူနည်းတူ နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မိမိနိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံသားစိတ်ဓာတ်ကိုအရင်းခံလျက် ကြိုးပမ်းဖြည့်ဆည်း ဝိုင်းဝန်းကူညီပေးကြရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

## လူတန်းစေ့စေ့ နေနိုင်ဖို့

ကျွန်တော်တို့ ပြောကောင်းရုံကလေးအတွက် ကြိုးပမ်းနေကြတာမဟုတ်ဘူး။ ခပ်တိုတို ပြောရင် လူတန်းစေ့စေ့နေနိုင်အောင် လုပ်ပေးဖို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတာ၊ အဲဒီတော့ လွတ်လပ်ပြီးတဲ့နောက် လူတန်းစေ့စေ့နေနိုင်ဖို့ အလုပ်တွေကို မလုပ်ရဘဲ ကဖျက်ယဖျက်သမားတွေရဲ့ နှောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနဲ့သာ အချိန်ကုန်နေကြရမယ်ဆိုရင် လွတ်လပ်ရေးရတာဟာ အဓိပ္ပာယ်ကို ရှိမှာမဟုတ်ဘူး။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ ရေဒီယိုအသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



## ၂၀၁၆ ခုနှစ် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူ ထူးချွန်လူငယ် မနော်ဒါးခူ ကိုယ်ရေးအကျဉ်း



တပ်ကြပ် စောသာဒေါ၊ နော်ဖောကိုတို့၏ သမီး မနော်ဒါးခူကို ၁၀-၇-၁၉၉၆ ခုနှစ်တွင် အမှတ်(၅၄)ခြေလျင်တပ်ရင်း တပ်ရင်းဆေးခန်း၌ မွေးဖွားခဲ့သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း သူငယ်တန်းမှ စတုတ္ထတန်းထိ အမှတ်(၅၄)ခြေလျင်တပ်ရင်း တပ်တွင်းမူလတန်းကျောင်း၌ ပညာသင်ကြားခဲ့ပြီး ၂၀၀၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းထိ လှိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ယူခဲ့သည်။

ပညာသင်ကြားစဉ် မွေးရာပါလက်နှစ်ဖက်မပါသဖြင့် ခြေထောက်ဖြင့် စာရေးသားနိုင်ရေးကို သူငယ်တန်းမတက်မီကပင် မိဘများ၏ အကူအညီဖြင့် ခက်ခဲစွာ လေ့ကျင့်ခဲ့ရသည်။ အခက်အခဲများရှိသော်လည်း မလျှော့သည့် ဇွဲ၊ လုံ့လဖြင့် ကြိုးစားမှုကြောင့် သူငယ်တန်းမှ အဌမတန်းအထိ နှစ်စဉ်အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သည်။ ကျန်းမာရေးအခြေအနေကြောင့် နဝမတန်း၌ ပထမနှစ်ကျရှုံးခဲ့ပြီး နှစ်နှစ်ဖြေဆိုခဲ့ရသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်နှစ်ကျရှုံးခဲ့ပြီး မလျှော့သောဇွဲဖြင့် ဆက်လက်ဖြေဆိုခဲ့ရာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ အောင်မြင်စွာဖြေဆိုနိုင်ခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲအား ကျောင်းနှင့်နီးသည့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်)တွင် တာဝန်ထမ်းဆောင်နေသော ကိုယ်ပိုင်အမှတ်၊ တ-၁၆၈၈၂၃ တပ်သားမျိုးထွန်းဦး၏ဇနီး မနော်သမေဖော(အစ်မအရင်းဖြစ်သူ)၏ နေအိမ်တွင် မှီခိုနေထိုင်ရင်း အစ်မနှင့်အစ်မ၏ ခင်ပွန်းဖြစ်သူတို့၏ ကူညီစောင့်ရှောက်မှု၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်)ရှိ တပ်မိသားစုများ၏ ကူညီစောင့်ရှောက်မှုများဖြင့် အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သည်။

### အနာဂတ်ရည်မှန်းချက်

တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်အောင် ကြိုးစား၍ ဖြေဆိုနိုင်ခဲ့ပြီးဖြစ်သည်။

သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးခဲ့သည့်အချိန်အထိ စုစုပေါင်း ကျောင်းနေသက် (၁၇)နှစ်ကြာမြင့်အောင် ကြိုးစားခဲ့ပြီးမှ အစ်ကိုနှင့်အစ်မများကဲ့သို့ ကျောင်းမထွက်လိုပါ။ သင့်တင့်မျှတသော အဆင်ပြေမှုဖြင့် မိဘနှစ်ပါးကို ရော ခဲအိုနှင့်မိသားစုတို့အတွက်ကိုပါ ဝန်ထုပ်ဝန်ပိုးလည်း မဖြစ်စေလိုပါ။

တက္ကသိုလ်တွင် ဘွဲ့ရသည်အထိ ဆက်လက်ပညာ သင်ကြားလိုပါသည်။ ဘွဲ့မရရအောင်ယူပြီး မိမိနှင့်သင့်လျော်သည့် ဌာန/အလုပ်တစ်ခုခု၌ တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိပါသည်။

❖ ကျောက်ခေတ်မှ

ခါကာဘိုရာဇီတောင်ရှိသည့် ပူတာအိုဒေသ၊ ချင်းပြည်နယ် သဘာဝအလှနှင့် "ရိဒ်"ရေကန်၊ တနင်္သာရီ မြိတ်ကျွန်းစုဒေသဟူ၍ ခရီးသွားနယ်မြေသစ်များ ပေါ်ထွက်လာသည်။

ရေမြေတောတောင် သဘာဝအလှပေါကြွယ်ဝသော ရှာငံမြို့နယ်တွင်လည်း ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် ပြဒါးလင်းဂူ၊ အမြင့် ၇၇၅၂ ပေရှိသည့် အရှေ့မြင်အနောက်မြင်တောင်၊ ကျောက်ငှက်ရေဝင်ဂူ၊ ထူးခြားသည့် ဆင်ခေါင်းအင်း၊ရေထွက်၊ ရေတံခွန်၊ ကျောက်ဂူတိရေတံခွန်၊ စယဉ်းရေတံခွန်၊ ပျံလွှားငှက်တွင်း စသည့် လည်ပတ်လေ့လာစရာများ အများအပြားရှိပါသည်။ ခရီးသွားနယ်မြေသစ် တိုးချဲ့ဆောင်ရွက်သင့်သော နယ်မြေတစ်ခုဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အထူးစိတ်ဝင်စားသော ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် ပြဒါးလင်းဂူအကြောင်းကို လေ့လာမိသမျှ ရေးသားဖြန့်ဝေလိုပါသည်။

ပြဒါးလင်းဂူသည် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ရှမ်းကုန်းမြေမြင့် အနောက်ဘက်ခြမ်း တောင်စွယ်အခြေပိုင်း ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းတွင် တည်ရှိသည်။ ပြဒါးလင်းဂူသည် ရှာငံမြို့အနောက်ဘက် ၁၂ မိုင်ခန့် အကွာတွင်တည်ရှိသည်။ ပြဒါးလင်းဂူ အမှတ်(၁)နှင့် (၂)ဟူ၍ နှစ်ဂူရှိသည်။ ပြဒါးလင်းဂူအမှတ်(၁)မှာ ခန့်မှန်းမြေပုံညွှန်း L-856624 နှင့် အမှတ်(၂) ခန့်မှန်းမြေပုံညွှန်း L-854623 ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၁၀၀ ကျော်တွင် တည်ရှိပါသည်။ တစ်ဂူနှင့်တစ်ဂူ ကိုက် ၂၀၀ ကွာဝေးသည်။ နံရံဆေးရေးပန်းချီများနှင့် ကျောက်စက်ပန်းဆွဲများ တွေ့မြင်နိုင်သည်။ ဂူအမှတ်(၂)မှာ အမှတ်(၁)ထက် ကျယ်ဝန်းမှုရှိပြီး အတွင်းပိုင်းတွင် ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော် အများအပြားတွေ့ရသည်။ ပြဒါးလင်းဂူအမှတ်(၁)မှာ အလင်းရောင်နှင့် လေကောင်းလေသန့် ကောင်းစွာ ရရှိပြီး ဂူအစမှဂူအဆုံးအထိ ပေ ၃၀၊ ပေ ၄၀ ခန့်ကျယ်ဝန်းသောကြောင့် ကျောက်ခေတ်လူသားများ နေထိုင်ရန် သင့်တော်သည့်အတွက် ယင်းဂူတွင် နေထိုင်ခဲ့ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ယူဆကြသည်။

ပြဒါးလင်းဂူနှစ်ဂူအနက် အရှေ့ဘက်ဂူအမှတ်(၁)ဂူကို ၁၉၆၁ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၆၉ ခုနှစ် ဇန်နဝါရီလမှာတစ်ကြိမ်၊ ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှာ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တူးဖော်သုတေသန ပြုလုပ်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင်တူးဖော်မှုမှ ကျောက်လက်နက်ကောင်း၊ အကျိုး စုစုပေါင်း ၁၆၀၀ ကျော်၊ တိရစ္ဆာန်အရိုးအပိုင်းအစများ၊ မီးသွေးများ၊ မြေနီခဲများ၊ အရိုးများ၊ အိုးခြမ်းပဲ့များ တူးဖော်တွေ့ရှိခဲ့ပါသည်။ ကျောက်ခေတ် လက်နက်ကောင်း ၄၂၂ ခုကို ဆက်လက်လေ့လာမှုပြုရန် ရန်ကုန်မြို့သို့ ယူဆောင်သွားပြီး ကျန်လက်နက်များ အရှေ့ဘက်ဂူတွင် မြှုပ်နှံထားခဲ့ကြောင်း သိရသည်။ ၂၀၀၉ ခုနှစ်တူးဖော်မှု၌ ကျောက်ခေတ်လက်နက် ၄၀၀ ကျော် ရရှိခဲ့သည်ဟု သိရှိရသည်။ မီးသွေးနှင့် တိရစ္ဆာန်အရိုးအပိုင်းအစများ၏ ခေတ်ကာလကိုသိရှိရန် နယူးဇီလန်နိုင်ငံသို့ ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ရန် ပေးပို့ခဲ့ပါသည်။ ဓာတ်ခွဲစမ်းသပ်ချက်အရ လွန်ခဲ့သော နှစ် ၆၆၇၀ ကျော်မှ ၁၃၄၀၀ ကျော်အထိ ရှေးကျသော ကျောက်ခေတ်လူသားများ နေထိုင်သွားကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၌ ကျောက်ခေတ်ဟောင်းတွင် လူသားများနေထိုင်ခဲ့ကြောင်း ခိုင်မာသည့် အထောက်အထားများကို ပြဒါးလင်းဂူတွင် ရှာဖွေတွေ့ရှိခဲ့ပါသည်။ ဂူအတွင်းမှ ကျောက်ခေတ်လက်နက်များ တွေ့ရှိခဲ့သည်။ အမှတ်(၁) ဂူနံရံပေါ်တွင် တက်နေဝန်းပုံ၊ ငါးပုံ၊ နွားသားအမိပုံ၊ လက်ဝါးပုံနှစ်ပုံ၊ သမင်ပုံ၊ ဆင်ပုံ၊ တောဝက်ပုံ၊ ပြောင်ပုံစသည့် နံရံပန်းချီ ၁၂ ပုံကိုတွေ့ရှိခဲ့သည်။ ပန်းချီပုံမှာ ထုံးရည်ကြည်များ ဖုံးနေသည်ကို တွေ့ရသည်။ ၁၉၆၉ ခုနှစ် ဇန်နဝါရီလက တူးဖော်မှုတွင်တွေ့ရသော မြေနီခဲ(Red Ochre) တွေ့ရှိခဲ့ရသဖြင့် ကျောက်ခေတ်လူသားများ ရေးဆွဲခဲ့သည်မှာ ထင်ရှားကြောင်းတွေ့ရသည်။

ဂူထဲတွင် အစဉ်မပြတ်မီးဖိုပြီးနေခဲ့၍ ပြာထု လေးပေ ကျန်ရစ်ခဲ့သည်။ ပြာထုအရ ခန့်မှန်းလိုက်လျှင် ဂူအတွင်းမှလူများသည် အနှစ်တစ်သောင်းကျော် နေခဲ့ကြသည်ဟု ဆိုနိုင်သည်ဟု လေ့လာသိရှိရပါသည်။ ပြဒါးလင်းဂူနေ လူသားများသည် နံရံဆေးရေးပန်းချီ အထောက်အထားများအရ ကျောက်ခေတ်ဟောင်း ခရိုမတ်ဂနွန်(ပြင်သစ်)များ၏ ဓလေ့နှင့် တူညီနေရာ ကျောက်ခေတ်ဟောင်းလူသားများဖြစ်ကြောင်း တွေ့ရပါသည်။ ပြဒါးလင်းဂူတွင် ကျောက်ခေတ်ဟောင်းနှင့် ကျောက်ခေတ်သစ် ကျောက်လက်နက်များတွေ့ရှိသဖြင့် ကျောက်ခေတ်လူသားများ စဉ်ဆက်မပြတ် နေထိုင်ခဲ့သော အထောက်အထားများဖြစ်ကြောင်း ဆရာကြီးချစ်စံဝင်းရေးသည့် "ပျူ" စာအုပ်တွင် လေ့လာမှတ်သားရပါသည်။

ပြဒါးလင်းဂူအနက် အမှတ်(၁)ဂူအရှေ့ဘက်ဂူမှာ Cupules ခေါ် ကျောက်ခွက်ငယ်လေးများကို တွေ့ရှိရသည်။ Cupules ဆိုသည်မှာ Cup Stones, Cup Marks ဟုအဓိပ္ပာယ်ရပါသည်။ Cupules ဆိုသည့် အခေါ်အဝေါ်ကို ကမ္ဘာကျော်ရှေးဟောင်း သုတေသနပညာရှင် Robert G.Bednarik က ၂၀၀၃ ခုနှစ်တွင် အမည်ပေးခဲ့ခြင်းဖြစ်သည်။ Cupules မှာ အစောဆုံး သမိုင်းမတင်မီခေတ်အနုပညာ (Prehistoric Art)ဖြစ်သည်။ ခွက်ငယ်ပုံသဏ္ဍာန် (Cup-Shaped)ရှိပြီး လူလုပ်သည့် ကျောက်ခေတ်အနုပညာ (Man-made Rock Art)ဖြစ်သည်မှာ ထင်ရှားသည်။ ထုံးကျောက်မျက်နှာပြင်ကို လူ၏လက်ဖြင့် ခွက်ငယ်ကလေးများပုံသဏ္ဍာန်ဖြစ်အောင် ရိုက်ခတ်ပြုလုပ်ထားသည့် ကျောက်ခွက်ငယ်လေးများ ဒေါင်လိုက်(သို့မဟုတ်) အလျားလိုက်နှစ်မျိုးတွေ့ရသည်။ ကျောက်ခွက်ငယ်လေးများကို ကုန်းတွင်းပိုင်း အရှေ့တောင်အာရှ (Mainland Southeast Asia)နိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ မလေးရှား၊ ကမ္ဘောဒီးယားနိုင်ငံများအနက် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းမှာသာ ထူးခြားရှားပါးစွာ တွေ့ရှိခဲ့ရသဖြင့် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖြစ်ကြောင်းကို ပါမောက္ခ ဒေါက်တာရည်ရည်အောင်ရေးသည့် ပြဒါးလင်းဂူမှ အသစ်တွေ့ရှိချက်များ ဆောင်းပါးတွင် လေ့လာမှတ်သားရပါသည်။

ကျောက်ခေတ်နံရံ ဆေးရေးပန်းချီများကို ကင်းတားဆည်၏ အနောက်တောင်ဘက် ပြဒါးလင်းဂူရှိသည့် တောင်ကြောအနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာတွင် ထပ်မံတွေ့ရှိရသည်။ သဘာဝကျောက်တုံးကြီးခုနစ်တုံး တစုတစည်းတည်း တည်ရှိနေသည့်အနက် အလျားပေ ၈၀၊ အနံပေ ၄၀ ခန့်ရှိ အမိုးသဖွယ်ဖြစ်နေသော အကြီးဆုံးကျောက်တုံးကြီး၏ မျက်နှာကြက်ကဲ့သို့နေရာတွင် လက်ဝါးပုံ၊ တိရစ္ဆာန်ပုံများ တွေ့ရသည်။ အမိုးပုံကျောက်တုံးကြီး၏ အရှေ့ ပေ ၅၀ ခန့်အကွာတွင် အမြင့် ၂၂ ပေရှိသည့် နံရံတွင်လည်း အလျား ၁၄ ပေ၊ အမြင့် ကိုးပေအရွယ်ရှိသော ဆင်ရုပ်ကြီးနှင့် အခြားရုပ်ပုံများကိုလည်း မှေးမှိန်စွာ တွေ့ရှိရသည်။ အလားတူ အမိုးပုံကျောက်တုံးကြီး၏ တောင်ဘက်ရှိ ကျောက်တုံးတစ်တုံး အောက်ခြေတွင်လည်း ပုံအချို့တွေ့ရပြီး ပုံများအားလုံးမှာ ရေစီးကြောင်းများ၊ ဖုန်မှုန့်များ၊ ကျပ်ခိုးများကြောင့် ပေါ်လွင်ထင်ရှားမှုအားနည်းကြောင်း သိရသည်။

ပြဒါးလင်းဂူသည် မြန်မာနိုင်ငံတွင် ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည်။ အချက်အလက်အထောက်အထား ခိုင်ခိုင်လုံလုံရှိသည့် ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းရာ နယ်မြေတစ်ခုဖြစ်သည်။ ပန်းလောင်နှင့်ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းတည်ရှိသဖြင့် သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာနိုင်သည့်အတွက် သဘာဝတောတောင်ရေမြေ အထူးထိန်းသိမ်းရန် လိုအပ်လျက်ရှိပါသည်။ ပြဒါးလင်းဂူကို ပြည်ပခရီးသွားများက စိတ်ဝင်စားသဖြင့် တစ်နှစ်ပတ်လုံး သွားရောက်လေ့လာနိုင်ရန် ရှာငံ-ပြဒါးလင်းဂူလမ်းကို ကတ္တရာလမ်းအဖြစ် အမြန်တိုးချဲ့ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ ဓနုဒေသတစ်ခုဖြစ်သည့် ရှာငံမြို့နယ်သို့ ခရီးသွားကုမ္ပဏီများက ပြည်တွင်း ပြည်ပခရီးသွားများအတွက် ခရီးစဉ်များတွင် ထည့်သွင်းရေးဆွဲပေးနိုင်ပါရန်နှင့် ဟိုတယ်နှင့်ခရီးသွားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံကြပါရန် တိုက်တွန်းရေးသားဖော်ပြအပ်ပါသည်။

**လှိုင်ဘွား(စီမံကိန်း)**

❐

# ကလင်တန်သမ္မတဖြစ်ရေး အိုဘားမား မဲဆွယ်ပေး



**ဝါရှင်တန် ဇူလိုင် ၆**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းဖြစ်ရန် သေချာသလောက်ဖြစ်နေသည့် ဟီလာရီကလင်တန်၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုတွင် ဟီလာရီကလင်တန်နှင့်ပူးပေါင်း၍ ပထမဆုံးအကြိမ်မဲဆွယ်ပေးခဲ့သည်။

အိုဘားမားနှင့် ကလင်တန်တို့သည် ဇူလိုင် ၅ ရက်က မြောက်ကာရိုလိုင်းနားပြည်နယ်၌ မဲဆွယ်စည်းရုံးမှုတစ်ခု၏ စင်မြင့်ပေါ်တွင် အတူလက်တွဲရပ်တည်ကာ မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ခဲ့သည်။

ကလင်တန်က အိုဘားမားသည် အမေရိကန်နိုင်ငံ၏ လုံခြုံရေးနှင့် ခိုင်မာတောင့်တင်းရေးကို ဘယ်လိုထိန်းသိမ်းထားရမည်ကို သိသည့် သမ္မတတစ်ဦးဖြစ်သည်ဟု ချီးမွမ်းခဲ့သည်။ အိုဘားမားစွမ်းဆောင်ခဲ့သည့် ပုဂ္ဂလိကကဏ္ဍ အလုပ်အကိုင် ၁၄ သန်း ဖန်တီးပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်နှင့် သန့်ရှင်းသည့် စွမ်းအင်ကဏ္ဍ ဖော်ဆောင်ရေးစီမံကိန်းများကို ရည်ညွှန်း၍ ကလင်တန်က ချီးမွမ်းပြောဆိုခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံတွင် နောက်တက်လာမည့်သမ္မတ၏ အလုပ်သည် အိုဘားမား ဖော်ဆောင်ခဲ့သည့်စီမံကိန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဟု ကလင်တန်က ပြောကြားသည်။

အိုဘားမားက အမေရိကန်သမ္မတရာထူးအတွက် အမျိုးသားရော အမျိုးသမီးပါ ကလင်တန်လောက်အရည်အချင်းရှိသူ တစ်ဦးတစ်ယောက်မျှမရှိဟု ပြောကြားပြီး ကလင်တန်ကို ယုံကြည်မှုရှိသည့်အတွက် မဲဆွယ်စည်းရုံးမှုတွင် ပူးပေါင်းပါဝင်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ကလင်တန် အနိုင်ရရှိရေး မိမိလိုလားသည်ဟုလည်း ဆက်လက်ပြောကြားသည်။

ဒီမိုကရက်တစ်ပါတီတွင် လူကြိုက်များသည့် သမ္မတအိုဘားမား၏ထောက်ခံမှုသည် ကလင်တန်အတွက် များစွာအရေးပါပြီး အိုဘားမား၏ ထောက်ခံမှုကို အခြေခံလျက် လာမည့်နိုဝင်ဘာရွေးကောက်ပွဲအတွက် ထောက်ခံမှုများ ပိုမိုရရှိရန်နှင့် အနိုင်ရရှိရေးအတွက် ကလင်တန်က ကြိုးပမ်းသွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

## ပြည်တွင်းဖြစ်သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီး တရုတ်လေတပ်တွင် တရားဝင်တာဝန်ထမ်းဆောင်

**ချန်ဒူး ဇူလိုင် ၆**

ပြည်တွင်းလုပ် ဝိုင်-၂၀ အမျိုးအစားကုန်တင်လေယာဉ်ကြီးတစ်စင်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ်တွင် ဇူလိုင် ၅ ရက်တွင် တရားဝင်တာဝန်ထမ်းဆောင်ကြောင်း ယနေ့ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အဆိုပါလေယာဉ်သည် အလေးချိန်တန် ၂၀၀ အထိ တင်ဆောင်ပျံသန်းနိုင်သည်။ ရာသီဥတုအခြေအနေမရွေး ခရီးရှည်ပျံသန်းနိုင်သော လေယာဉ်ဖြစ်ကြောင်း၊ ကုန်စည်များကိုရော ခရီးသည်များကိုပါ ပို့ဆောင်ပေးနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဝိုင်-၂၀ အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် တာဝန်ထမ်းဆောင်ခြင်းသည် တရုတ်လေတပ်တိုးတက်ရေးအတွက် အရေးပါသောခြေလှမ်းဖြစ်ပြီး မဟာဗျူဟာမြောက် စွမ်းရည်မြှင့်တင်ခြင်းလည်းဖြစ်ကြောင်း တရုတ်လေတပ် ပြောရေးဆိုခွင့်ရှိသူ ရှင်ဂျင်ကီက ပြောကြားသည်။

တရုတ်လေတပ်သည် စွမ်းရည်ပိုမိုမြင့်မားသော သယ်ယူပို့ဆောင်ရေးလေယာဉ်အများအပြားကို လိုအပ်လျက်ရှိသည်။ နိုင်ငံတော်၏ပိုင်နက်နယ်မြေလုံခြုံရေး၊ ပြည်တွင်းနှင့် နိုင်ငံတကာကယ်ဆယ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် သယ်ယူပို့ဆောင်ရေးလေယာဉ်များ လိုအပ်နေကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မကြာသေးမီနှစ်များအတွင်းက သဘာဝဘေးဒဏ်သင့်ရောက်ခဲ့သော ပါကစ္စတန်၊ မွန်ဂိုလီးယား၊ထိုင်းနှင့် နီပေါနိုင်ငံတို့သို့ တရုတ်လေတပ်မှ လေယာဉ်များက ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ထောက်ပံ့ပေးခဲ့သည်။

ပြည်တွင်းလုပ် ဝိုင်-၂၀ အမျိုးအစားလေယာဉ်စမ်းသပ်ပျံသန်းမှုကို ၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်ခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသည့် (၁၀)ကြိမ်မြောက် တရုတ်နိုင်ငံတကာလေကြောင်းနှင့် အာကာသပြပွဲတွင် ပထမဆုံးအကြိမ်ပါဝင်ပြသခဲ့သည်။

**ဆင်ဟွာ။**



## မြောက်ကိုရီးယားနိုင်ငံက သတိပေးချက်မထုတ်ပြန်ဘဲ ဆည်ရေများဖောက်ချ

**ဆိုးလ် ဇူလိုင် ၆**

မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားနှစ်နိုင်ငံအကြား စစ်မဲ့ဇုန်ကို ဖြတ်သန်းစီးဆင်းထားသော မြစ်အတွင်းသို့ မြောက်ကိုရီးယားနိုင်ငံက သတိပေးချက်ထုတ်ပြန်ကြေညာခြင်းမပြုဘဲ ၎င်းနိုင်ငံအတွင်းရှိ ဆည်ရေများကို ဖွင့်ဖောက်ချခဲ့သည်ဟု တောင်ကိုရီးယားအာဏာပိုင်များက ဆိုသည်။

ထိုသို့ဆည်ရေများဖွင့်ဖောက်ချခဲ့သည့်အတွက် တောင်ကိုရီးယားနိုင်ငံအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်နိုင်ကြောင်း အာဏာပိုင်များကဆိုသည်။

ဇူလိုင် ၆ ရက် နံနက် ၆ နာရီ (တောင်ကိုရီးယားစံတော်ချိန်)တွင် မြောက်ကိုရီးယားနိုင်ငံက အင်ဂျင်းမ်မြစ်ပေါ်တွင်တည်ဆောက်ထားသော ရေကာတာအတွင်းရှိ ရေများကို ဖောက်ချခဲ့သည်ဟု တောင်ကိုရီးယားကာကွယ်ရေးအရာရှိများက ပြောကြားခဲ့သည်။

ယင်းသို့ ဆည်ရေများဖွင့်ချခဲ့ခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံ၏ ပင်လယ်ရေမျက်နှာပြင် စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနိုင်ကြောင်း တောင်ကိုရီးယားကုန်းမြေ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ဆိုသည်။ ပြည်သူများအား ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ကြရန် ယင်းဝန်ကြီးဌာနက တိုက်တွန်းထားကြောင်း သိရသည်။

ထိုသို့မြောက်ကိုရီးယားနိုင်ငံက သတိပေးအကြောင်းကြားခြင်းမရှိဘဲ ဆည်ရေဖောက်ချခြင်းသည် ကိုရီးယားနှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးဆွေးနွေးခြင်းနှင့် ပြန်လည်စည်းလုံးညီညွတ်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုကို မလိုလားကြောင်း ပြသခြင်းပင်ဖြစ်သည်ဟု ကိုရီးယားနှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျောင်ဂျုံးဟီက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၀၉ ခုနှစ် စက်တင်ဘာလကစပြီး ဆည်ရေဖောက်ချခြင်းကို တောင်ကိုရီးယားနိုင်ငံအား သတိပေးအကြောင်းကြားပြီးမှသာ လုပ်ဆောင်မည်ဖြစ်ကြောင်း သဘောတူညီခဲ့သည်။ သို့သော် ၂၀၁၁ ခုနှစ်မှစပြီး ကြိုတင်သတိပေးရန် မြောက်ကိုရီးယားနိုင်ငံက ပျက်ကွက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှု အိန္ဒိယအပေါ် အကျိုးသက်ရောက်မှု နည်းပါးနိုင်

**ပေကျင်း ဇူလိုင် ၆**

ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံနုတ်ထွက်ရန် ပြည်သူများ၏ ဆုံးဖြတ်ချက်သည် အိန္ဒိယနိုင်ငံအပေါ် ဘူမိပထဝီဝင်အရ အကျိုးသက်ရောက်မှုအလွန်နည်းပါးလိမ့်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင်သတင်းစာဖြစ်သော ဂလိုဘယ်တိုင်းသတင်းစာက ဇူလိုင် ၆ ရက်တွင် ရေးသားဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားနေခြင်း မရှိသဖြင့် အီးယူမှ ဗြိတိန်နုတ်ထွက်မှု၏ အကျိုးသက်ရောက်မှုကို ထူးထူးခြားခြား တွေ့ကြုံခံစားရဖွယ်မရှိကြောင်း အဆိုပါသတင်းစာက ရေးသားဖော်ပြသည်။

အဖွဲ့ဝင် ၂၈ နိုင်ငံပါဝင်သော ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်ခြင်းကြောင့် အဆိုပါအဖွဲ့အစည်း အနေဖြင့် ပိုမိုအားနည်းသွားမည်ဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံသည် အိန္ဒိယကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များ ထံသို့ လက်နက်များ ပိုမိုတင်ပို့ရောင်းချလာဖွယ်ရှိကြောင်း ဂလိုဘယ်တိုင်းက ရေးသားဖော်ပြသည်။

ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမှာ စီးပွားရေးနှင့် ကုန်သွယ်ရေးတို့အပေါ်တွင်သာ အဓိက အလေးထားကြောင်း ဂလိုဘယ်တိုင်းသတင်းစာ၏ ဆောင်းပါးတွင် ရေးသားဖော်ပြသည်။

ဥရောပသည် နိုင်ငံရေးအရ အမေရိကန်ပြည်ထောင်စုနှင့်အမြဲတစေ အတူယှဉ်တွဲရပ်တည်သွားမည်ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂသည် အင်အားကြီးထွားနေသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် ယင်း၏ဩဇာလွှမ်းမိုးမှုကို မြှင့်တင်သွားနိုင်မည်ဖြစ်ကြောင်း ဂလိုဘယ်တိုင်းသတင်းစာတွင် ဖော်ပြသည်။

**ရိုက်တာ။**

## တိုယိုတာ ထိုင်းစက်ရုံခွဲ ပိုလျှံဝန်ထမ်းလျှော့ချမည်

**တိုကျို ဇူလိုင် ၆**

တိုယိုတာမော်တော်ကား ကော်ပိုရေးရှင်း၏ ထိုင်းစက်ရုံခွဲမှ အလုပ်အကိုင်နေရာ ၈၀၀ ခန့်ကို လျှော့ချရန် စီစဉ်လျက်ရှိကြောင်း ဂျပန်နိုင်ငံအခြေစိုက် အဆိုပါကော်ပိုရေးရှင်း၏ ဇူလိုင် ၆ ရက် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကမ္ဘာ့စီးပွားရေးနှင့်ပတ်သက်၍ မရေရာမှုများ ပေါ်ထွက်လျက်ရှိပြီး ထိုင်းနိုင်ငံ၏စီးပွားရေးတိုးတက်မှု နှေးကွေးလာနေချိန်တွင် တိုယိုတာမော်တော်ကား ကော်ပိုရေးရှင်းသည် ပြည်တွင်းကားထုတ်လုပ်ရေးလုပ်ငန်းမှာရော ပြည်ပကားရောင်းချရေးဈေးကွက်မှာပါ ဆိုးကျိုးသက်ရောက်မှုများနှင့် တွေ့ကြုံလာရကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အထက်ဖော်ပြပါ အခြေအနေအရ မော်တော်ကားထုတ်လုပ်မှု ပမာဏကို လျှော့ချရန် လိုအပ်လာကြောင်း၊ အလုပ်သမားများ၏ အချိန်ပိုလုပ်အားခနှင့် လစဉ်လုပ်ခလစာတို့နှင့်ပတ်သက်၍ ပြန်လည်ချိန်ညှိရန် လိုအပ်လာကြောင်း၊ ပိုလျှံဝန်ထမ်းလျှော့ချရေးအစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ထိုင်းစက်ရုံခွဲ၏ အလုပ်သမားသမဂ္ဂဥက္ကဋ္ဌ ဆာမာတာက ပြောကြားသည်။

**ရိုက်တာ။**



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁) ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေး ဆပ်ကော်မတီ (၁) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းနှင့် တက်ရောက်လာကြသူများက နိုင်ငံရေးဆွေးနွေးပွဲကျင်းပသည့် ဖွဲ့စည်းပုံတစ်ခုလုံး၏ အားသာချက်၊ အားနည်းချက်များနှင့် ညှိနှိုင်းဆွေးနွေးမည့်ပုံစံ၊ အမျိုးသားအဆင့်ဆွေးနွေးပွဲများအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကျင်းပမည့်ပုံစံ၏ အားသာချက်၊ အားနည်းချက်များ၊ လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ နိုင်ငံသားအများစုနှင့်ဆိုင်သော အကြောင်းအရာအခြေခံကိစ္စရပ်များ၊ CSOs ဖိုရမ်ဆိုင်ရာကိစ္စရပ်များနှင့် ဆွေးနွေးမည့်ခေါင်းစဉ်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပတ်သက်သောလုပ်ငန်းလမ်းညွှန်မှုကိစ္စရပ်များအား ဆက်လက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဦးခွန်မြင့်ထွန်းနှင့် ဦးခွန်မောင်သောင်းတို့က ၎င်းတို့၏အမြင်များကို ပြောပြခဲ့သည်-



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း



ဦးခွန်မြင့်ထွန်း



ဦးခွန်မောင်သောင်း

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း**
**အတွင်းရေးမှူး(၁)**
**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)**

ဆပ်ကော်မတီ (၁)ရဲ့ အစည်းအဝေးဟာ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို ပြန်လည်သုံးသပ်ဖို့ဖြစ်ပါတယ်။ ပြန်လည်သုံးသပ်တဲ့နေရာမှာ ဘာတွေပါမလဲ၊ ဘယ်သူတွေ ပါမလဲ ဆွေးနွေးတယ်။ အခုက အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲအဆင့်ကိုပါ ဆွေးနွေးတယ်။

အဓိကဆွေးနွေးတာက နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်မှာ ဆွေးနွေးမယ့်အကြောင်းအရာတွေကို ကဏ္ဍကြီးငါးခုထဲကနေ အကြောင်းအရာ ၁၀ ခု ရွေးချယ်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ UPDJC က အဓိက Negotiation လုပ်ရမယ်။ အဲဒီအဆင့်မှာ တကယ့်အခြေခံမူတွေနဲ့ ပတ်သက်တာတွေကို ဆွေးနွေးမယ်။ ဒီအောက်မှာ ကဏ္ဍကြီးငါးခုအလိုက် လုပ်ငန်းကော်မတီတွေဖွဲ့မယ်။ ဒီလုပ်ငန်းကော်မတီကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ တက်ရောက်မယ့် ကိုယ်စားလှယ်တွေနဲ့ဖွဲ့မယ်။ UPDJC အတွင်းရေးမှူးအဖွဲ့တွေကနေဦးဆောင်ပြီး မူဝါဒပိုင်းဆိုင်ရာတွေ ဆွေးနွေးမယ်။

ဒီလုပ်ငန်းကော်မတီကပဲ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ကျင်းပမယ့် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ဆွေးနွေးကြပြီး ကျင်းပမယ်လို့ ဆွေးနွေးထားပါတယ်။ ပြီးတော့ Civil Society ကဏ္ဍကလည်း နိုင်ငံရေးဆွေးနွေးပွဲမှာ ဆွေးနွေးနိုင်တယ်။ အထူးသဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ဆွေးနွေးနိုင်တယ်။ ဒီနေ့ဆွေးနွေးပွဲမှာ သူတို့ဆွေးနွေးမယ့် အကြောင်းအရာတွေကို သတ်မှတ်ပေးတယ်။ သူတို့ရဲ့ ဆွေးနွေးပွဲရလဒ်တွေကို UPDJC အတွင်းရေးမှူး အဖွဲ့တွေကနေ ဦးဆောင်တဲ့ လုပ်ငန်းကော်မတီမှာ တင်ပြမယ်။ ပြီးရင် UPDJC တင်မယ်။ UPDJC ကနေတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ သဘောတူညီခဲ့ရင် ဒီသဘောတူညီချက်တွေက ပြည်ထောင်စုသဘောတူစာချုပ် ဖြစ်သွားမှာ ဖြစ်ပါတယ်။

**ဦးခွန်မြင့်ထွန်း**
**အဖွဲ့ဝင်**
**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)**

(၂၁)ရာစုပင်လုံအတွက် နှစ်ဖက်အပြန်အလှန်ဆွေးနွေးတာ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုက ပိုပြီးရလာတယ်။ အထူးသဖြင့် (၂၁)ရာစုပင်လုံအတွက် ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေကို ဆုံးဖြတ်နိုင်ခဲ့တယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဒီလ ၁၇ ရက်မှာ ဆွေးနွေးဖို့ရှိတယ်။ အရင်အစိုးရလက်ထက်တုန်းက လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ညီလာခံကျရင် မူဘောင်ရေးဆွဲတဲ့အထဲမှာ ပါဝင်ပေးဖို့၊ ညီလာခံကျရင် ပါဝင်တက်ရောက်ဆွေးနွေးခွင့်ပေးဖို့ တောင်းဆိုတာ မအောင်မြင်ခဲ့ဘူး။

ခုဒီမှာကျတော့ လက်မှတ်မထိုးရသေးတဲ့ ညီနောင်တွေ ပါဝင်တက်ရောက်ခွင့်၊ ဆွေးနွေးခွင့်ရရှိမယ်။ ပြီးတော့ ကြားကာလမှာ လက်မှတ်ရေးထိုးဖြစ်ရင်ဖြစ်စေ၊ မထိုးဖြစ်ရင်ဖြစ်စေ ဘယ်လိုပဲဖြစ်ဖြစ် ညီနောင်တွေ ညီလာခံကို တက်ရောက်ခွင့်ရှိမယ်။ အားလုံးရဲ့ သဘောထားကို တင်ပြခွင့်ပြုမယ်လို့ ဆုံးဖြတ်နိုင်ခဲ့တယ်။ ဒါက နှစ်ဖက်အတွက် ကောင်းတဲ့အချက်ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း**
**အဖွဲ့ဝင်**
**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)**

ပင်လုံဆိုတဲ့ စကားလုံးပါလာတာနဲ့ တိုင်းရင်းသားတွေ နှစ်သက်ကြပါတယ်။ မြန်မာနိုင်ငံမှာရှိနေတဲ့ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးက အရင်ပင်လုံညီလာခံကနေ သတ်မှတ်ခဲ့တဲ့ ကတိကဝတ်တွေကနေ ဆင်းသက်လာတယ်။ အခု (၂၁)ရာစုပင်လုံက ငြိမ်းချမ်းရေးရရှိနိုင်မယ့် လမ်းစလို့ တိုင်းရင်းသားအားလုံးက မြင်ပါတယ်။

တိုင်းရင်းသားအားလုံးက ငြိမ်းချမ်းရေးကို မျှော်လင့်ကြတယ်။ နှစ်ပေါင်း ၆၀ ကျော် မဖွံ့ဖြိုးသေးတဲ့ ကိစ္စတွေ၊ အခက်အခဲတွေ၊ ယုံကြည်မှုနည်းတာတွေဟာ တည်ငြိမ်အေးချမ်းမှု ကွယ်ပျောက်သွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသားအားလုံး ကျရာအခန်းကဏ္ဍကနေ ပါဝင်ပေးကြဖို့ ပြောချင်ပါတယ်။ လက်မှတ်ရေးထိုးဖို့ အားလုံးပါဝင်နိုင်လေ ကောင်းလေဖြစ်ပါတယ်။

**သတင်း-မျိုးမြင့်၊ ဟန်နီဝင်း၊ ဓာတ်ပုံ-ထိန်နန်နော်**

# အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံဆရာဝန်များအသင်းသို့ အလှူငွေကျပ်သိန်း ၃၀၀ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၆**

မြန်မာနိုင်ငံ ဆရာဝန်များအသင်း၏ အရေးပေါ်လူနာ အသက်ကယ်တင်ကူသပို့ဆောင်ရေးဖောင်ဒေးရှင်း (Emergency Ambulance Service Foundation-EASF) သို့ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် BFM က လှူဒါန်းငွေကျပ်သိန်း ၃၀၀ ကို ကမ္ဘောဇကုမ္ပဏီများအုပ်စု အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က EASF ဥက္ကဋ္ဌ ဒေါက်တာဦးတင်ဇော်မောင်ထံ ယနေ့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



BFM က လှူဒါန်းရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ BFM အနေဖြင့် မွန်မြတ်လှသည့် အရေးပေါ်လူမှုအသက်ကယ်ဆယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာနိုင်ငံဆရာဝန်အသင်း၏ ဦးဆောင်မှုအောက်ရှိ EASF သို့ ယခင်က အရေးပေါ်အသက်ကယ်မော်တော်ယာဉ်လှူဒါန်းခဲ့ကြောင်း၊ အသင်းရှိ အရေးပေါ်လူနာအသက်ကယ်ယာဉ်များဖြင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်လုပ်ဆောင်ရန်အတွက် ယခုကဲ့သို့ ထပ်မံလှူဒါန်းရခြင်းဖြစ်ကြောင်း ဦးညိုမြင့်က ပြောကြားခဲ့သည်။

အရေးပေါ်လူနာအသက်ကယ်တင်ကူသပို့ဆောင်ရေး ဖောင်ဒေးရှင်း (EASF)သည် ကူသဆောင်ရွက်ပေးသည့် ပရဟိတဖောင်ဒေးရှင်းတစ်ခုဖြစ်ပြီး အရေးပေါ်ယာဉ်တိုင်းတွင် နှလုံးနှိုးစက် (Defibrillator) အပါအဝင် အရေးပေါ်ကယ်ဆယ်ကုသရေးနှင့်ပတ်သက်သည့် ပစ္စည်းအပြည့်အစုံထားရှိပေးထားပြီး ဆရာဝန်တစ်ဦး၊ ဆေးကျွမ်းကျင်သူတစ်ဦး လိုက်ပါလျက် အရေးပေါ်လူနာများအား အခင်းဖြစ်သည့်နေရာတွင် ချက်ချင်းကုသပေးခြင်း၊ အရေးပေါ်လူနာတင်ယာဉ်အတွင်း၌ ကုသပေးခြင်း၊ လိုအပ်ပါက သင့်တော်ရာအနီးဆုံးဆေးရုံသို့ ပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကာ EASF စတင်ချိန်မှစ၍ ယနေ့အထိ စုစုပေါင်းလူနာ ၂၇၀၀ ခန့်အား အသက်ကယ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစားနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ၂၀၀၇ ခုနှစ်မှစ၍ ယနေ့ထိ ငွေကျပ် ၁၀၃ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(ဝ၁ဝ)**

# အကူအညီတောင်းခံမှုများကို Call Center ဖွင့်၍ စတင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူများ၏ သတင်းအချက်အလက်များ ပေးပို့တိုင်ကြားနိုင်ရန်နှင့် အကူအညီများတောင်းခံနိုင်ရန် Call Center ဖွင့်လှစ်၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် အရေးပေါ်ဆက်သွယ်မှု "199" ဖုန်းခြောက်လုံးကို လွယ်ကူလျင်မြန်စွာ ခေါ်ဆိုနိုင်ရန်အတွက် Call Center အဖြစ် ဖွင့်လှစ်၍ နေ့ ည တာဝန်ကျအဆိုင်းများဖြင့် ရဲတပ်ဖွဲ့ဝင်များက ဇူလိုင် ၄ ရက်မှစတင်ကာ ကူညီဆောင်ရွက်ပေးနေပြီ ဖြစ်သည်။ ကွပ်ကဲရေးရုံးမှ လက်ခံရရှိသော "199" Call Complain များကို အချိန်နှင့်တစ်ပြေးညီ လှည့်ကင်းယာဉ် ၄၇ စီးသို့ ဆက်သွယ်ရေးကွန်ရက်စနစ်ဖြင့် အခင်းဖြစ်ရပ်သို့ အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိပြီး သတင်းပေးတိုင်ကြားမှုများ ပြုလုပ်ရာတွင် တိုင်ကြားသူ၏ အမည်နှင့် ဖုန်းနံပါတ်များကို Call Center အနေဖြင့် မပေါက်ကြားအောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် အရေးပေါ်ဖုန်း "199"သို့ ဆက်သွယ်ခေါ်ဆိုရာတွင် အချိန်ကြန့်ကြာမှုများဖြစ်ပေါ်နေပါက အရေးပေါ်ဖုန်း ၀၁-၂၃၂၃၁၉၉ သို့ ဆက်သွယ်နိုင်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စက်မှုပိုင်းဆိုင်ရာကန့်သတ်ချက်အနေဖြင့် CDMA 450, CDMA 800 မိုဘိုင်းဖုန်းဆက်သွယ်ရေးစနစ်များ၌ Location Base Routing စနစ်မပါရှိ၍ ယင်းဖုန်းများ၏ "199" ခေါ်ဆိုမှုသည် ယင်း၏ပင်မအိတ်ချိန်းရှိရာ မြို့နယ်၏ မြို့မရဲစခန်းရှိ "199" သို့သာ ရောက်ရှိသွားမည်ဖြစ်ပြီး CDMA 450, CDMA 800 ဖုန်းများနှင့် ၀၁-၂၃၂၃၁၉၉ နံပါတ်နှိပ်၍ ခေါ်ဆိုမှသာ "199" ကွပ်ကဲမှုရုံးခန်းသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင်လည်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးကဲ့သို့ "199" Call များ ကွပ်ကဲမှုရုံးသို့ စုစည်းရောက်ရှိသောစနစ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ကျန်တိုင်းဒေသကြီး / ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတို့တွင် အော်တိုတယ်လီဖုန်းရရှိသော မြို့နယ်အဆင့် ရဲစခန်းများတွင် MPT, Ooredoo, Telenor GSM ဖုန်းများမှ မြို့နယ်ရဲစခန်းများရှိ "199"တယ်လီဖုန်းများသို့ ခေါ်ဆိုရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**



# ပဲခူးဘူတာမှာလေ . . .

ဦးဟန်ညွှန့်(ဥပဒေ)

**ပဲခူးဘူတာမှာလေ**

"ပဲခူးဘူတာမှာလေ ငနဲသူခိုးလူညာတွေမှုန်းလိုက်ပါသတဲ့. . .။ပျောက်သဟာထန်းခေါက်ဖာတစ်လုံးရယ်နဲ့. . . " အစချီသော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကဗျာလေးချိုးကြီးကို ရေရွတ်သတိရမိသည်။ အစအဆုံးကဗျာကြီးကို အလွတ်မရတော့သော်လည်း "ပဲခူးဘူတာမှာ ထန်းခေါက်ဖာပျောက်ခဲ့သည့်အချက်"ကို တစ်သက်မမေ့နိုင်အောင် ဆရာကြီးက ကဗျာစပ်ခဲ့သည်။ ကျောင်းသားဘဝကတည်းက မမေ့နိုင်သည့်ကဗျာအရှည်ကြီး။ပြီးတော့ပဲခူးဘူတာမှာ ပစ္စည်းတွေပျောက်တတ်ပုံကို သတိထားတတ်အောင် နှိုးဆော်ခဲ့သည်ကို သတိရနေသည်။ ဝန်ထမ်းဘဝမှာ ပဲခူးဘူတာကို မီးရထားနှင့် အကြိမ်ကြိမ်ဖြတ်သန်းခဲ့ရပုံတွေကိုလည်း ယနေ့တိုင်မမေ့နိုင်။ ခေတ်တွေပြောင်းလဲလာသည်နှင့်အမျှ ပဲခူးဘူတာကြီးတိုးတက်လာပြီဆိုနိုင်သည်။ သို့သော်ငြား. . .။

**Facebook တစ်ခွင်**

Facebook ကြိုက်သော ကျွန်တော်သည် ပဲခူးဘူတာအကြောင်း အမြဲဖတ်ရသည်။ မြင်ရသည်။ ယခုလည်း ပါလာပြန်ပြီ။ ဖတ်ကြည့်ပါဦး။

**အောက်ပါအတိုင်း ဖြစ်ပါ၏။**

ရန်ကုန်၌ ဘုရားဖူး၍ အပြန်တွင်ပဲခူးဘူတာ၌ ဈေးသက်သာသောကြောင့် ဝယ်ယူခဲ့သည့် ဒူးရင်းသီးများမှာ စားပြီးသားအစေ့များနှင့်အပုပ်များဖြစ်နေသည့်အကြောင်း-

(မန္တလေးမှဖေ့ဘွတ်သုံးသူတစ်ဦး)

**ပြန်လည်မျှဝေသူ နှစ်သောင်းခန့်ရှိသည်။**

ငါးချဉ်ဝယ်တာ ဖက်ကဆယ်ထပ်။

လောက်စလုံးလောက် ထမင်းစေ့တွေပဲပါတယ်။

ဘယ်သူမှအပြစ်မရှိ။

ဝယ်သူမှာသာအပြစ်ရှိသည်။

ဟင်းတော်တော်လည်တယ်နော်

အညာသားတွေ တွေ့မှယုံ။

**ဘူတာမှာလူစုံ**

ပဲခူးသူ ပဲခူးသား၏ အပြစ်မဟုတ်ပါ။ ဘူတာမှာဆိုတော့ လူစုံတာပေါ့။ ဘယ်ကလူညစ်တွေ ဈေးလာရောင်းသလဲ။ ပဲခူးသူ ပဲခူးသားတွေ ငြိမ်ခံမနေကြနဲ့။ လူညစ်၊ စိတ်ပုပ်တဲ့သူတွေ ဝိုင်းဖမ်းပေး။ (စေတနာရှင်)

**ပဲခူးဈေးထဲလာဝယ်ပါ**

ပဲခူးဈေးထဲ ဒူးရင်းသီးလာဝယ်ကြည့်ပါ။ ဒူးရင်းသီးအစစ်တွေပါ။ သေသေချာချာခွဲပြမယ်။ လက်တွေ့ကြိုက်မှ ဝယ်စား။ မမှန်ရင် ငွေတစ်ပြားမှမပေးနဲ့။ ဘူတာထဲ ရောင်းတဲ့ စိတ်ပုပ်သူ(တချို့) ကြောင့် ပဲခူးဘူတာနာမည်ပျက်ရတာ။ ရထားက ထွက်သွားပြီလေ။ ဈေးသည်က ပဲခူးဘူတာ ပလက်ဖောင်းမှာ ကျန်ခဲ့ပါပြီကော။ ရထားထဲမှာဖောက်ဖွင့်ကြည့်မှ(မန္တလေး ရောက်မှ တချို့က ပြန်ကြည့်တော့)အတု ဖြစ်နေရင်လည်း ဘာတတ်နိုင်တော့မလဲ။ ဩော် ဒုက္ခ၊ ဒုက္ခ။ ဒီအကွက်ကိုသိ၍ အပေါ်ယံဗန်းပြပြီး ဈေးဝယ်သူကို အနိုင်ယူလိုက်တာပါ။စိတ်ကောင်းမရှိဘူး။ ဝဋ်လည်မယ်။

**နှစ်ပေါင်းများစွာ**

နှစ်ပေါင်းများစွာလုပ်စားနေတဲ့ ပဲခူးဘူတာက ဈေးသည်တချို့ကြောင့် ဒီလိုဖြစ်ရတာပါ။ နောင်မဖြစ်စေရဘူး။ မီးရထားရဲတွေကို တိုင်ရဦးမယ်။ လူလိမ်တွေကို ဖမ်းပေးပါ။ ဘယ်ဈေးသည်က လိမ်တတ်တယ်ဆိုတာ မီးရထားရဲတွေကအသိဆုံး။ ခရီးသည်တွေကို ကာကွယ်ပါ။

မီးရထားရဲတွေက ဘယ်ဖမ်းပါ့မလဲ။ ဈေးရောင်းစားနေတဲ့သူတွေကို အားပေးနေသလားမှမသိ။ သူ့ဆွေမျိုးဖြစ်ချင်ဖြစ်နေမှာ. .။

**(မျှဝေသူတစ်ဦး၏အသံ) Facebook**

**တခြားမြို့တွေ**

ပဲခူးဘူတာမှာသာမက တခြားမြို့တွေမှာလည်း ဒီလိုပဲ။ ဒီထက်တောင်ဆိုးဦးမယ်။ ဈေးသည်တွေက အကြွင်းအကျန်တွေ၊ အပုပ်အသိုးတွေအပေါ်ယံက ကောင်းတာအယောင်ပြပြီး အထဲကမကောင်းတဲ့ ရောဂါရမယ့် ပစ္စည်းဟောင်းတွေ ထည့်ရောင်းနေတာ ကြာပြီ။ ဘယ်သူမှလည်း တရားမစွဲ။ စွဲချင်ပေမယ့်လည်း အချိန်မရ။ ဒုက္ခပင်လယ်ဝေနေကြတယ်။

**မြန်မာစိတ်ဓာတ်**

"ပေး၍မကုန်၊ လှူ၍မခန်း" ဆိုတဲ့ မြန်မာစိတ်ဓာတ် ဘယ်ပျောက်သွားပြီလဲ။ မြန်မာဆိုတာ သနားတတ်တယ်။ ကြင်နာတတ်တယ်။ လှူဒါန်းချင်တယ်။ ကျွေးချင်တယ်။ ယခုတော့ ဒီစိတ်ဓာတ်တွေပျောက်နေပြီလား။ ခရီးသွားတွေ ခေတ္တခဏတွေ့ချိန်၊ မီးရထားရပ်နားတဲ့အချိန်၊ မော်တော်ကား ရပ်နားတဲ့အချိန်တွေမှာ ဒီလိုလုပ်တာ လုပ်သင့်သလား။(ဖိုးဖိုး)(Facebookပိုင်ရှင်)

**သူကြိုက်လို့သူဝယ်သွား**

သူကြိုက်လို့သူဝယ်သွားတာ။ အစကတည်းက သေသေချာချာစိစစ်ပါလား။ ငါ့လက်ကလွတ်ပဲ။ ငါလုပ်စားလာတာ ဒီဘူတာမှာ ကြာပြီ။ ဘယ်သူလာဖမ်းရဲလဲ။ ဤလိုဈေးသည်မျိုးလည်းရှိသည်။ တရားဥပဒေသမားများ သိထားပြီးသားဖြစ်မှာပါ။ အမှားလုပ်သူကပင် ပြောင်းပြန်ဟစ်နေလေသည်။ အများအကျိုးမဆောင်ကြတော့ဘူးလား။ တကယ်တော့ လက်ပိုက်မကြည့်သင့်၊ ဈေးသည်မှားလျှင်ဈေးသည်။ တရားဥပဒေအကာအကွယ်ပေးသင့်ပါပြီ။ (တစ်ဦး)

**ဝက်သားပေါက်စီ**

ဝက်သားပေါက်စီကို ကျွန်တော်ကြိုက်သည်။ တစ်နေ့က လက်ဖက်ရည်ဆိုင်မှာ ဝက်သားပေါက်စီဝယ်စားသည်။ အမယ်လေး။ ပေါက်စီတစ်ကိုက်ကိုက်လိုက်ရုံဖြင့် အပုပ်နံ့ထွက်လာသည်။ ဆိုင်ရှင်ကိုချက်ချင်းခေါ်ပြော။ နောက်ထပ်ပေါက်စီတစ်လုံးအစားကျွေးပါရစေဟု တောင်းပန်စကားပြောသည့်ဆိုင်ရှင်ကိုနှုတ်မဆက်ဘဲထွက်ခဲ့သည်။ အစားကျွေးသည့်ပေါက်စီထဲက ဝက်သားမှာလည်းမပုပ်ဟုတော့ ဆိုင်ရှင်ကအာမမခံ။ ဒီဆိုင်ကိုလည်း ဘယ်တော့မှမထိုင်တော့ဟု ဆုံးဖြတ်လိုက်ပါပြီ။ တာဝန်ရှိသူတွေကို ဒီဆိုင်အကြောင်းပြောပြရဦးမည်။ တိုင်ကြားအရေးယူဖို့ကျတော့အားနာမိသေး။

**အရက်အတု**

တစ်နေ့က ဂေါက်ကွင်းမှာ Hole in one ကျွန်တော်ရသည်။ ထုံးစံအတိုင်း သူငယ်ချင်းဂေါက်ရိုက်ဖက်များက အားပေးသည်။ ဝီစကီတစ်လုံးပေါ့။ ပထမဝီစကီတစ်လုံးကုန်ပြန်ပြီ။ နောက်တစ်လုံးချ။ နောက်တစ်လုံးကျမှအတု။ မူးမူးနှင့်ပျော်သူ၊ သောက်သူ(ကျွန်တော်တို့အဖွဲ့) စောစောကမသိ။ နောက်နေ့ ခေါင်းတဟွပ်ဟွပ်ဆိုးမှသတိရကြသည်။ အရက်တုရောင်းသူကလည်း ဘယ်အချိန်မှာအတုရောင်းရမလဲ။ နောကျေနေပြီ။ အတုရောင်းတာခံရသည်။ ဘယ်အရက်သမားမှ အတုနှင့်မလွတ်။ အတုအစစ်ခွဲခြားတတ်ပါသည်ဆိုသော အရက်ဘုရင် (ကျွန်တော့်သူငယ်ချင်း စာရေးဆရာ ဦးယမကာ)လည်း ဘာမှမတတ်နိုင်။ အရက်ပုလင်းကို ထောင်ကြည့်လိုက် ။မှောက်ကြည့်လိုက်၊ လှုပ်ကြည့်လိုက်။ ငါသိပါတယ်ကွ။ ဒါအစစ်ပါဟုအာမခံသော်ငြား လှုပါးပုလင်းကွဲထိတာပါပဲ။ အတုမှန်းသိပေမယ့် မရှောင်နိုင်သော ကျွန်တော်တို့အကြောင်းကို ဆိုင်ရှင်(အတုရောင်းသူက) သိပြီးသားပါ။ ဘယ်အချိန်၊ ဘယ်ပုလင်း၊ ဘယ်အရက်၊ ဘယ်အတုကို တိုက်ကျွေးရမလည်းဆိုတာကိုနောကျေပြီးသားပါ။ ခံပေဦးရော့ ဦးယမကာ။

**ဘယ်သူ့ကို အပြစ်တင်ရမလဲ**

ဘယ်သူကို အပြစ်တင်ရမလဲ။ အတုလုပ်သူက အဓိက။ မစစ်ဆေးသူက ဒုတိယ။ စားသုံးသည့်အစားအစာတိုင်း ကျန်းမာရေးနှင့် ညီညွတ်ရမည်။ စားသုံးသူအကျိုး ဦးစားပေးရမည်။ ဘေးဥပဒ်အန္တရာယ် မဖြစ်စေရ။ အရည်အသွေးပြည့်ဝပါစေ။ ဒါပဲပြောနိုင်သည်။

**တာဝန်ခံရမည်**

ပစ္စည်းထုတ်လုပ်သူ၊ ရောင်းချသူ၊ ဖြန့်ချိသူများသည် တန်ရာတန်ဖိုးယူကြပါ။ အာမခံချက်လည်းပေးပါ။ အပြန်အလှန် တာဝန်ခံရမည်ပေါ့။ ရောင်းသည့်ပစ္စည်းပေါ်တွင် အမည်၊ နာမ၊ လိပ်စာ၊ တယ်လီဖုန်း၊ တံဆိပ်၊ စံချိန်၊ စံညွှန်းကပ်ထားပါ။ ဖွင့်ဖောက်စစ်ဆေးမှုခံယူရမည်။ ပြဿနာရှင်းနိုင်ရမည်။ ဘာကျန်သေးလဲ။

**ဥပဒေများ**

(၁) အမျိုးသားဆေးဝါးဥပဒေ

(၂) တိုင်းရင်းဆေးဝါးဥပဒေ

(၃) အမျိုးသားအစားအသောက်ဥပဒေ

(၄) စားသုံးသူများ ကာကွယ်ရေးဥပဒေများလည်းပြဋ္ဌာန်းပြီးဖြစ်သည်။ တရားဥပဒေအကာအကွယ်အဖြစ် ပြည်သူ့အကျိုးကာကွယ်ကြစို့။ ထုတ်လုပ်သူနှင့် စားသုံးသူအပြန်အလှန်တာဝန်ယူ။

**ပဲခူးဘူတာမှာလေ**

ရေးသာရေးရသည်။ ပြောသာ ပြောရသည်။

ပဲခူးငါးချဉ်ကြိုက်သော ကျွန်တော်သည် ပဲခူးဘူတာဖြတ်သည့်အခါ ပဲခူး ငါးချဉ်ထုပ်ကိုရော၊ ဒူးရင်းသီးကိုပါ မစစ်မဆေးဘဲ ဝယ်မိဦးမှာ အသေအချာ။ ။

## ပိတောက်ချောင်းအနီးလမ်းဘေးတစ်လျှောက် အမှိုက်မျိုးစုံစွန့်ပစ်မှု မြင်တွေ့နေရ

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်မြို့ လှိုင်မြို့နယ် ပိတောက်ချောင်းအနီး ဘုရင့်နောင်လမ်းမကြီး၏ မြို့ထဲမှလာသော ယာဉ်ကြောဘေး တစ်လျှောက်တွင် အမှိုက်မျိုးစုံ၊ မြေကြီး၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ စွန့်ပစ်သည့် အင်္ဂတေတုံးအပါအဝင် စွန့်ပစ်ပစ္စည်းမျိုးစုံတို့ ပြန်လည်စွန့်ပစ်ထားသည့် ကားစီးလုံးအလိုက် အပုံများပြန်လည် မြင်တွေ့လာရသည်ဟု ဇူလိုင် ၅ ရက် မွန်းလွဲပိုင်း ယင်းနေရာမှဖြတ်သန်းသွားသည့် လိုင်းကားစီးခရီးသည် အင်းစိန်မြို့နယ်နေ ကိုသန်းကျော်ဌေးက ဆိုသည်။

ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီဝန်းကျင်က ယင်းနေရာတစ်လျှောက် ယာဉ်ပိတ်ဆို့မှုနှင့် ကြုံတွေ့နေရာ အဆိုပါ မြင်ကွင်းများကို လိုင်းကားများပေါ် ဖုန်းဖြင့်ရိုက်၍ ယူထားခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါနေရာတွင် လမ်းနယ်နိမိတ်အတွင်း အမှိုက်စွန့်ခြင်း၊ မြေကြီးစွန့်ခြင်းများ မပြုလုပ်ရ၊ မြို့တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်ဟု ရေးသားထားသော တားမြစ်အသိပေးဗီနိုင်းစာတန်းအနီများ စိုက်ထူထားမှုရှိသော်လည်း ယခုအခါ တစ်နေရာသာ မြင်တွေ့ရသည်။ အခြားနေရာများတွင် ယခင်ရှိခဲ့သော စာတန်းနီများပျောက်ကွယ်မှုနှင့်အတူ မြေကြီး၊ အမှိုက်နှင့်အခြားပစ္စည်းမျိုးစုံ ကားစီးလုံးလာရောက်စွန့်ပစ်သည့်အပုံများ များပြားစွာ ပြန်လည်မြင်တွေ့လာရသည်။



မြေကြီး၊ အမှိုက်မစွန့်ပစ်ရန်တားမြစ်ထားသော ပိတောက်ချောင်းအနီး ဘုရင့်နောင်လမ်းမလမ်းနယ်နိမိတ်တွင် နေ့ဘက်ပါလာရောက်စွန့်ပစ်သည့် ယာဉ်များရှိသော်လည်း အရေးယူမှုအားနည်းသဖြင့် ဇူလိုင် ၅ ရက်တွင် မြင်တွေ့ရသကဲ့သို့ အပုံများ များလာခြင်းဖြစ်သည်။ ထိရောက်သော အရေးယူမှုမရှိလျှင် လအနည်းငယ်အတွင်း လမ်းဘေးအစွန်ယာဉ်ကြောပေါ်ထိ ရောက်ရှိသွားနိုင်သည်။

နှစ်စဉ် ယင်းနေရာတွင် မြေကြီး၊အမှိုက်မျိုးစုံ ထုထည်ကြီးမားစွာ လာရောက်စွန့်ပစ်မှုရှိတတ်ရာ သက်ဆိုင်ရာမှ စက်အား၊ လူအားဖြင့် ငွေကြေးအကုန်အကျခံကာ ရှင်းလင်းပြီး တားမြစ်စာတန်းများစိုက်ထူထားလေ့ရှိသည်။ သို့သော်လအနည်းငယ်အကြာ စာတန်းတိုင်များ ပျက်စီးချိန်ပြန်လည်စွန့်ပစ်လာခြင်းကို မြင်တွေ့ရပြီး စက်အား၊လူအားဖြင့် ရက်အတန်ကြာ ပြန်လည်ရှင်းလင်းရဦးမည်ဖြစ်သည်။ ယင်းသို့ ရှင်းပြီးချိန် ပြန်စွန့်ပစ်ခြင်းတို့သည် နှစ်စဉ်မကြာခဏ မြင်တွေ့နေရဆဲဖြစ်သည်။ လအနည်းငယ်ကြာလျှင် ငွေကြေးကုန်ကျခံကာ စက်အား၊လူအားဖြင့် ရှင်းလင်းပေးရဦးမည်ဖြစ်ရာ နှစ်စဉ်ပုံမှန်လုပ်ဆောင်ရမည့် လုပ်ငန်းသဖွယ်ဖြစ်နေသည်ဟု ယင်းလမ်းကြောင်းတွင် ဖြတ်သန်းသွားလာနေသော အငှားယာဉ်မောင်း ကိုနိုင်က ဆိုသည်။ **(မောင်စေအောင်)**

## ဘိုကလေး၌ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အသိပညာပေးဟောပြော

**ဘိုကလေး ဇူလိုင် ၆**

ဘိုကလေးမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးနှင့် လူသရမ်ဝေါလ်ဖက်ဒရေးရှင်း(မြန်မာ)တို့ ပူးပေါင်းကျင်းပသည့် ကျေးရွာအခြေပြု ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ အသိပညာပေးဟောပြောပွဲကို ဇွန်နောက်ဆုံးပတ်က ဘိုကလေးမြို့နယ် ကံစုအရှေ့ကျေးရွာအုပ်စု အပြင်မရမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဘိုကလေးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးခိုင်က ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ထားရှိခြင်းနှင့် ဝန်ဆောင်မှုပေးလျက်ရှိသည့် ဌာနများအကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လူသရမ်ဝေါလ်ဖက်ဒရေးရှင်း(မြန်မာ)မှ စီမံကိန်းညှိနှိုင်းရေးမှူး ဦးနေလင်းက အခမ်းအနား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီဝင်းက အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ဥပဒေများအားလည်းကောင်း၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးရဲထွတ်က မြေယာပိုင်ဆိုင်ခွင့်အကြောင်းအရာများအားလည်းကောင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်လွဲ့လွဲ့အေးက စာပေအကျိုးကျေးဇူးနှင့် ကွမ်းစားခြင်း၏ဆိုးကျိုးများ လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးကြီးကြပ်(၁) ဦးအောင်အောင် က သွေးလွန်တုပ်ကွေးရောဂါအကြောင်းအားလည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြရာ ဌာနဆိုင်ရာများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာ ၁၈ ရွာမှ ပြည်သူအင်အား ၈၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**(သပြေထွန်း)**

စာအုပ်စာပေလှူမိတ်ဆွေ

# ဘရာဇီး အိုလံပစ်နှင့် ဇီကာရောဂါပြဿနာ

**ဒေါက်တာကံညွန့်**

ဘရာဇီးနိုင်ငံက နွေရာသီအိုလံပစ်ပွဲတော်ဟာ ယခုနှစ် ဩဂုတ် ၈ ရက်မှာ စတင်ကျင်းပတော့မှာပါ။ ဒီပွဲကို ရက်ရွှေ့ပြီး သို့မဟုတ် နေရာပြောင်းပြီးကျင်းပဖို့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဆရာဝန်ကြီး ၁၀၀ ကျော်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထံ အိတ်ဖွင့်ပေးစာပေးပြီး တောင်းဆိုခဲ့ကြပါတယ်။ ဒီအထဲမှာ အမေရိကန်နိုင်ငံ University of Texas က Professor of Public Health Department Dr. Seema Yasmin လိုပုဂ္ဂိုလ်တွေ ဦးဆောင်ပါဝင်နေပါတယ်။ ဒါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ဒေါက်တာမာဂရက်ချန်က မလိုအပ်ဘူးလို့ ငြင်းဆိုလိုက်ပါတယ်။

သူ့ရဲ့ငြင်းဆိုချက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဟာ အကြီးတန်းပညာရှင်များပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ကို လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး သုံးသပ်ရန်နဲ့ နွေရာသီအိုလံပစ်ပွဲသို့ လာရောက်မယ်လို့ မျှော်လင့်ရတဲ့ အားကစားပရိသတ်အား အန္တရာယ်တကယ်ဖြစ်လာနိုင်မှုရှိ၊ မရှိ သုံးသပ်ရန် လေးကြိမ်တိတိ စေလွှတ်ခဲ့တယ်လို့ ရှင်းပြထားပါတယ်။ ယင်းအဖွဲ့ရဲ့ သုံးသပ်ချက်အရ ဩဂုတ်လမှာ ကျင်းပမယ့် အိုလံပစ်ပွဲတော်ကို ရွှေ့ဆိုင်းစရာလည်းမလို၊ နေရာပြောင်းရွှေ့ကျင်းပစရာလည်း မလိုဘူးလို့ဆိုပါတယ်။ ဒါဟာ အမေရိကန်အထက်လွှတ်တော်အမတ်တစ်ဦးရဲ့ ဇီကာဗိုင်းရပ်စ်ရောဂါဖြစ်ပွားနေတဲ့ ဘရာဇီးနိုင်ငံမှာ အိုလံပစ်ပွဲတော်ကျင်းပခြင်းဖြင့် ပြည်သူ့ကျန်းမာရေး အန္တရာယ်ဖြစ်ပေါ်လာနိုင်ခြင်းအပေါ် သက်သေမကင်းဖြစ်မှုကိုလည်း တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ ဇီကာဗိုင်းရပ်စ်ရောဂါအခြေအနေဟာ အားကစားသမားတွေအတွက် ကျန်းမာရေးကို အန္တရာယ်မပြုနိုင်ဘဲ အိမ်ထောင်ရှင်တွေအတွက် ကိုယ်ဝန်မရှိနိုင်အောင် ပဋိသန္ဓေတားဆေးသုံးစွဲဖို့နဲ့ လိင်ဆက်ဆံသူတွေအတွက် Condom အသုံးပြုခြင်းဖြင့် ဇီကာကူးစက်မှုမှ ကာကွယ်နိုင်ကြလိမ့်မယ်လို့ အကြံပြုထားပါတယ်။

အမှန်တော့ ဇီကာဗိုင်းရပ်စ်ရောဂါဟာ သာမန်လူတွေအတွက် ထိတ်လန့်စရာရောဂါတစ်ခုမဟုတ်ပါဘူး။ ဇီကာရောဂါကူးစက်ခံရသူတစ်ဦးဟာ သာမန်အားဖြင့် အနည်းငယ်ဖျားခြင်း၊ အဆစ်အမျက်ကိုက်ခြင်း၊ အရေပြားပေါ်တွင် အနီစက်ပေါ်ခြင်း၊ မျက်လုံးနီခြင်းလောက်သာဖြစ်တတ်ပြီး အကိုက်အခဲပျောက်ဆေးလောက်သောက်ရုံနဲ့ ပျောက်ကင်းနိုင်တဲ့ရောဂါပါ။ ဒီရောဂါအတွက် ကာကွယ်ဆေးရော ကုသမယ့်ဆေးပါမရှိပါဘူး။ ဒီရောဂါဟာ ငှက်ဖျားရောဂါလို Aedes Aegypti ဆိုတဲ့ ခြင်မှတစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါတစ်ခုဖြစ်ပေမယ့် လူတွေထံမှာ ငှက်ဖျားရောဂါလောက်ပြင်းထန်တဲ့ ဝေဒနာမခံစားရတဲ့ ရောဂါပါ။ ဒီရောဂါဖြစ်ပြီး အသက်ဆုံးရှုံးရတဲ့လူလည်း အလွန်ရှားပါတယ်။

ဒီဇီကာဗိုင်းရပ်စ်ရောဂါကို ၁၉၄၇ ခုနှစ် ယူဂန်ဒါနိုင်ငံမှာ စတင်တွေ့ရှိခဲ့တာပါ။ဒါပေမယ့် ဒီရောဂါဟာ အပူပိုင်းဒေသဖြစ်တဲ့ အာဖရိကနိုင်ငံတွေနဲ့ အာရှနိုင်ငံတချို့မှာသာ ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် သေလောက်အောင် အန္တရာယ်မရှိတဲ့ရောဂါဖြစ်လို့ ကုသဆေးရော ကာကွယ်ဆေးပါ ဆေးပညာရှင်တွေ မရှာဖွေခဲ့ကြတာဖြစ်ပါတယ်။

ဒါပေမယ့် ဒီရောဂါဖြစ်စေတဲ့ ဗိုင်းရပ်စ်ဟာ အချိန်ကြာလာတဲ့အခါ Mutation ခေါ် အသွင်သဏ္ဌာန်ပြောင်းလာခဲ့တယ်လို့ ဆေးပညာရှင်တွေယူဆခဲ့ကြတယ်။ တချို့ကလည်းရာသီဥတုပူပြင်းလာမှုနဲ့လည်း ဆိုင်တယ်လို့ယူဆကြတယ်။ ဒီလိုယူဆရတဲ့အကြောင်းကလည်း ဘရာဇီးနိုင်ငံကပဲ စခဲ့တာပါပဲ။ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲကို ဘရာဇီးနိုင်ငံမှာ ကျင်းပခဲ့တာနဲ့ တိုက်ဆိုင်နေပါတယ်။ အာဖရိကနိုင်ငံတွေနဲ့ကမ္ဘာအရပ်ရပ်က အားကစားသမားတွေဟာ အသွင်ပြောင်းနေပြီဖြစ်တဲ့ ဒီဇီကာဗိုင်းရပ်စ်ပိုးကို ဘရာဇီးနိုင်ငံမှာ ထားခဲ့ကြတယ်လို့ ယူဆကြပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ ၂၀၁၅ ခုနှစ်မှာ ဘရာဇီးနိုင်ငံမှာ Microcephaly ခေါ် ဦးနှောက်သေးတဲ့ ကလေးငယ်ပေါင်း ၄၀၀၀ ခန့် မွေးခဲ့လို့ပဲဖြစ်ပါတယ်။

ဒီတော့ ဆေးပညာရှင်တွေ အထိတ်တလန့်ဖြစ်ကြရတော့တာဖြစ်တယ်။ အခုလောလောဆယ်မှာ အားလုံးလက်ခံလိုက်ကြတာကတော့ ဇီကာဗိုင်းရပ်စ်ရောဂါဟာ သာမန် လူတွေမှာဖြစ်ရင် ဖျားနာရုံကလွဲပြီး ဘာမှမဖြစ်ဘူး။ ကိုယ်ဝန်ဆောင်စမိခင်တွေမှာ ကူးစက်ရင် မွေးလာတဲ့ ကလေးမှာ Microcephaly ခေါ် ဦးနှောက်သေးတဲ့ရောဂါ Gullain Barre Syndrome ခေါ်တဲ့ အကြောသေရောဂါနဲ့ တခြားအာရုံကြောဆိုင်ရာ ရောဂါတချို့ဖြစ်နိုင်ကြောင်း လက်ခံထားကြပါပြီ။ Gullain Barre Syndrome ဆိုတာ ဆေးပညာဝေါဟာရအရ Auto Immune ရောဂါမျိုးတစ်ခုပါ။ Auto Immune ရောဂါဆိုဟာ Infection တစ်ခုခုကြောင့်ဖြစ်စေ၊ နှိုးဆွမှုတစ်ခုခုကြောင့်ဖြစ်စေ ခန္ဓာကိုယ်ထဲမှာ Antibody ခေါ်တဲ့ ကိုယ်ခံအား Cells တွေပေါ်လာတယ်။ ဒီ Cells တွေက ရောဂါပိုးတွေကို တိုက်ခိုက်ရုံမက မိမိခန္ဓာကိုယ်အစိတ်အပိုင်းတွေကိုပါ တိုက်ခိုက်တတ်တဲ့ရောဂါပါ။ အခုဒီဇီကာဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ ရောဂါမှာတော့ အာရုံကြောတွေ တိုက်ခိုက်ခံရပြီး ရုတ်တရက် ခြေလက်မသန်မစွမ်းဖြစ်ပြီး လေဖြတ်ရောဂါလိုဖြစ်ကြရတာဖြစ်ပါတယ်။ G-B Symdrome ဟာ အဖြစ်အလွန်နည်းပါးပြီး လူတစ်သိန်းမှာ တစ်ယောက်လောက်သာဖြစ်နိုင်တာပါ။ အခု ဇီကာဗိုင်းရပ်စ်အပြင် အခြားဗိုင်းရပ်စ်ရောဂါတွေဖြစ်တဲ့ Herpes Virus, CMV Virus တို့ကြောင့်လည်း ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ကုသမှုခံယူရင် လေးပတ်အတွင်း ပြန်ကောင်းနိုင်တဲ့ရောဂါပါ။ ယခုနောက်ပိုင်းဇီကာရောဂါနှင့်ပတ်သက်ပြီး ထူးခြားလာတာကတော့ ဇီကာဗိုင်းရပ်စ်ဟာ လိင်ဆက်ဆံမှုကပါ ကူးစက်နိုင်တယ်ဆိုတာဖြစ်ပါတယ်။ ဒီအချက်ဟာ အိုလံပစ်ပွဲတော်ကိုရောက်လာကြမယ့် ကမ္ဘာအရပ်ရပ်က ဧည့်သည်တွေအတွက် သတိထားစရာဖြစ်ပါတယ်။

ဆေးသိပ္ပံပညာရှင်တွေကတော့ ဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ရောဂါတွေဟာ သဘာဝပတ်ဝန်းကျင်ကို လိုက်ပြီး ကြာလာတဲ့အခါ Mutation ခေါ် အသွင်ပြောင်းပြီး လူတွေကို ဒုက္ခပေးနိုင်တယ်။ ယခုလောလောဆယ် အာဖရိကနိုင်ငံတွေမှာဖြစ်ခဲ့တဲ့ အီဘိုလာရောဂါနှင့် ယခုဇီကာဗိုင်းရပ်စ်ရောဂါတွေလိုမျိုး တခြားဘယ်ဗိုင်းရပ်စ်ရောဂါကိုမှ လျှော့မတွက်ကြဖို့ သတိပေးထားကြပါတယ်။ ဇီကာဗိုင်းရပ်စ်ဟာလည်း ကမ္ဘာပေါ်မှာ ၁၉၄၇ ခုနှစ်ကပဲ စရှိခဲ့ပြီး ယခုမှ လူတွေကို ဒုက္ခပေးတဲ့ရောဂါတစ်ခုဖြစ်လာတာလို့ ဆိုပါတယ်။ သိပ္ပံပညာရှင်တွေကလည်း ရာသီဥတုပြောင်းလဲလာမှု၊ ကမ္ဘာကြီးပူနွေးလာမှုကို သတိထားဖို့ ထောက်ပြကြပါတယ်။ လူတွေ အပူဒဏ်ကို မခံနိုင်ကြပေမယ့် ခြင်တွေကတော့ ပိုမိုပူပြင်းလာလေ ပိုပြီးအသက်ရှည်နိုင်ပြီး ပေါက်ပွားနိုင်၊ ပိုပြီးရောဂါပိုးတွေ သယ်နိုင်ကြလေလို့ဆိုပါတယ်။ ဒါပေမယ့် ယခုဇီကာပိုးကို သယ်ဆောင်နိုင်တဲ့ Aedes ခြင်မျိုးလုံးဝမတွေ့ရတဲ့နိုင်ငံ၊ ယင်းခြင်မျိုးလုံးဝမပေါက်ပွားနိုင်ဘဲ ဇီကာရောဂါလုံးဝမဖြစ်နိုင်တဲ့နိုင်ငံနှစ်နိုင်ငံလည်း ကမ္ဘာမှာရှိတယ်လို့ ဆိုပါတယ်။ ဒီနှစ်နိုင်ငံကတော့ ချီလီနိုင်ငံနဲ့ ကနေဒါနိုင်ငံတို့ဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။ ။

G-B Symdrome ဟာ အဖြစ်အလွန်နည်းပါးပြီး လူတစ်သိန်းမှာ တစ်ယောက်လောက်သာဖြစ်နိုင်တာပါ။ အခု ဇီကာဗိုင်းရပ်စ်အပြင် အခြားဗိုင်းရပ်စ်ရောဂါတွေဖြစ်တဲ့ Herpes Virus, CMV Virus တို့ကြောင့်လည်း ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ကုသမှုခံယူရင် လေးပတ်အတွင်း ပြန်ကောင်းနိုင်တဲ့ရောဂါပါ။ ယခုနောက်ပိုင်းဇီကာရောဂါနှင့်ပတ်သက်ပြီး ထူးခြားလာတာကတော့ ဇီကာဗိုင်းရပ်စ်ဟာ လိင်ဆက်ဆံမှုကပါ ကူးစက်နိုင်တယ်ဆိုတာဖြစ်ပါတယ်။ ဒီအချက်ဟာ အိုလံပစ်ပွဲတော်ကိုရောက်လာကြမယ့် ကမ္ဘာအရပ်ရပ်က ဧည့်သည်တွေအတွက် သတိထားစရာဖြစ်ပါတယ်။

## ကျွန်းစုမြို့နယ်၌ လွှတ်တော်ရန်ပုံငွေသိန်း ၁၀၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေး ညှိနှိုင်း

**ကျွန်းစု ဇူလိုင် ၆**

ကျွန်းစုမြို့နယ်၌ ရပ်ကွက်အသီးသီးနှင့် ကျေးရွာများတွင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လွှတ်တော်ရန်ပုံငွေသိန်း ၁၀၀၀ ဖြင့် လျာထားဆောင်ရွက်နိုင်ရေးကို ကျွန်းစုမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီခန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဥက္ကာမင်းနှင့် ဦးဇော်ဟိန်းတို့က ရန်ပုံငွေရရှိရေးနှင့် ပတ်သက်၍ ရပ်ကွက်/ ကျေးရွာများမှ အမှန်တကယ် လိုအပ်ချက်ရှိသည့် ပြည်သူများနှင့်သက်ဆိုင်သော ကျေးရွာလူထုကို ဗဟိုပြုနိုင်သော လုပ်ငန်းများကို ဦးစားပေးရွေးချယ်နိုင် ရေးဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က ရပ်ကွက်/ ကျေးရွာများ၏ တင်ပြချက်များအပေါ် လွှတ်တော် ရန်ပုံငွေသိန်း ၁၀၀၀ ဖြင့် ရပ်ကွက်/ ကျေးရွာအုပ်စု တစ်စုလျှင် သိန်း ၄၀ ကျော်ခန့် ခွဲဝေချထားမှုအရ ဦးစားပေးဆောင်ရွက်မည့် ကျေးရွာများနှင့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့သည်။

အဆိုပါ လွှတ်တော်ရန်ပုံငွေဖြင့် ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာ ရပ်မိရပ်ဖများက မိမိတို့ကျေးရွာများတွင် လမ်း၊ တံတား၊ သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် ကျေးရွာပြည်သူများ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်ပေးနိုင်ရေးကို တင်ပြဆွေးနွေးခဲ့ကြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ် အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများက ဦးစားပေးအဆင့်အလိုက် သတ်မှတ်ကာ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရန်နိုင်(ပြန်/ဆက်)**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**နေပြည်တော် ဇူလိုင် ၆**

အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိ ပညာပေးဟောပြောဆောင်ရွက်မှုအား ယမန်နေ့တွင် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် ရေပြာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် ဟောပြောဆောင်ရွက်ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် ဟောပြောရာ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်ငါးမျိုး၊ ခြေကျင်လမ်းလျှောက်သူ၊ အနေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများ၊ မီးပွိုင့်နှင့်အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန်သရုပ်ပြပုံများ၊ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများကို အသေးစိတ်ချပြ ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင် ၄၀၀ အား ဝေငှခဲ့သည်။ **(သတင်းစဉ်)**



# မြန်မာ-ဂျပန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တတဲရှိ ဟိဂုချီနှင့် ဟီတာချီ လီမိတက်၏ ဒါရိုက်တာဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ခံအမှုဆောင်အရာရှိချုပ် မစ္စတာဟိရိုအကိ နာကာနိရှိနှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံရေးတွင် ဂျပန်နိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဂျပန်နိုင်ငံမှ ပုဂ္ဂလိကကုမ္ပဏီများ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အကူအညီများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ရေးဆိုင်ရာများ၊ မြန်မာ-ဂျပန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ရခိုင်ပြည်နယ်အတွင်းက ပြည်သူတွေဟာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ညီညီညွတ်ညွတ်တိုင်တိုင်ပင်ပင် ဆောင်ရွက်ရမယ်

ဇွန်လ ၁၇ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပခဲ့သည့် လူ့အခွင့်အရေးညီလာခံတွင် ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ မြန်မာကိုယ်စားလှယ်၏ တင်သွင်းခဲ့မှုနှင့် လူမှုကွန်ရက်စာမျက်နှာတွင်ပျံ့နှံ့ခဲ့သည့် လူမျိုးအမည်သုံးနှုန်းမှုများအပေါ် ဇူလိုင်လဆန်းပိုင်းတွင် ရခိုင်ပြည်နယ်၌ ဆန္ဒထုတ်ဖော်မှုများဖြစ်ပွားခဲ့သည်။ ထိုဆန္ဒထုတ်ဖော်မှုများနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းစွာသိရှိနိုင်ရန် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသား တင်ပြလိုက်ရပါသည်-

**မေး။ ။ ဝန်ကြီးချုပ်ခင်ဗျား၊ ရခိုင်ပြည်နယ်မှာရှိတဲ့ လူမျိုးအမည်အသုံးအနှုန်းနဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပေါ်နေတဲ့ ဆန္ဒထုတ်ဖော်မှုတွေရဲ့ အဓိကအကြောင်းရင်းကို ပြောပြပေးပါ။**

ဖြေ။ ။လူမှုကွန်ရက်စာမျက်နှာပေါ်ပျံ့နှံ့ခဲ့တဲ့ ရခိုင်ပြည်နယ်အတွင်းက လူမျိုးအမည် သုံးနှုန်းမှုအပေါ် ရခိုင်လူမျိုးတွေက မကျေမနပ်ဖြစ်ကြတာပါ။ ထုတ်ပြန်တဲ့ စာမှာ ရခိုင်ပြည်နယ်အတွင်းရှိ မူဆလင်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ အစ္စလာမ်ဘာသာကိုးကွယ်သူများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာကိုးကွယ်သူများလို့ရေးထားတယ်ဆိုတာ သိရတယ်။ အဲဒီအပေါ် ရခိုင်လူထုက မကျေမနပ်ဖြစ်ပြီး ဆန္ဒပြကြတာဖြစ်ပါတယ်။

ကျွန်တော်ဖတ်ကြည့်တဲ့အခါ ဒါဟာ အတည်ပြုချက် ရယူဆဲဆိုတာသိရတယ်။ ဒါပေမယ့် လူထုထဲ ပျံ့နှံ့သွားတဲ့အခါ စိုးရိမ်ပူပန်မှုတွေရှိပြီး ဆန္ဒထုတ်ဖော်ကြတာဖြစ်တယ်။

ရခိုင်ပြည်နယ်မှာ ၂၀၁၂ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေနဲ့ပတ်သက်ပြီး ရခိုင်လူမျိုးတွေရဲ့ ခံစားချက်တွေဟာ အခုချိန်အထိ မပျောက်သေးပါဘူး။ အဲဒီပဋိပက္ခအပေါ် စိုးရိမ်စိတ်တွေရှိတယ်။ ကြောက်ရွံ့မှုတွေ၊ သံသယဖြစ်မှုတွေလည်း အခုချိန်အထိ ကြီးမားနေဆဲဖြစ်ပါတယ်။ ဒါကြောင့် လူမျိုးအမည်အခေါ်အဝေါ်နဲ့ ပတ်သက်လာရင် အဲဒီအပေါ် ပြင်းပြင်းထန်ထန်တုံ့ပြန်တာမျိုးတွေအမြဲလိုလိုရှိနေတာ ဖြစ်ပါတယ်။

**မေး။ ။ ပြည်နယ်အစိုးရအနေနဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုတွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်တော်တို့အစိုးရ တာဝန်ယူပြီးနောက်ပိုင်းမှာ အဲဒီပဋိပက္ခတွေကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေတယ်။ တစ်ဖက်မှာလည်း ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်နေတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ဝန်ကြီးဌာနအားလုံးက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်နေကြတယ်။ နိုင်ငံတကာကလည်း ဝိုင်းဝန်းပံ့ပိုးနေတဲ့အတွက် တည်ငြိမ်ဖွံ့ဖြိုးမှု အလားအလာကောင်းနေတယ်လို့ပြောလို့ရပါတယ်။ ဒီလိုဆန္ဒပြမှုတွေ မဖြစ်စေချင်ပါဘူး။ နိုင်ငံရေးအပြောင်းအလဲတွေနဲ့အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းတွေ ရနေပြီဆိုတာ အားလုံးက လက်ခံထားတယ်။ တိုးတက်မှုတွေ ဖွံ့ဖြိုးမှုတွေကိုမျှော်လင့်နေကြတယ်။ ဒါကြောင့် ကျွန်တော်တို့ အစိုးရတာဝန်ယူပြီးနောက်ပိုင်း ရခိုင်ပြည်နယ် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအစီအစဉ်အနေနဲ့ ဆောင်ရွက်နေတယ်။

**မေး။ ။ ပြည်နယ်ဝန်ကြီးချုပ်တစ်ဦးအနေနဲ့ အခုလိုဆန္ဒထုတ်ဖော်မှုတွေအပေါ် ဘယ်လိုသဘောထားအမြင်ရှိပါသလဲ။**

ဖြေ။ ။ ဝန်ကြီးချုပ်တစ်ဦးအနေနဲ့ ပြောရရင် ရခိုင်လူမျိုးတွေဟာ ၂၀၁၂ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ အကြောင်းအရာတွေအပေါ် ခုချိန်ထိစိုးရိမ်ကြောင့်ကြမှုတွေ၊ ထိခိုက်နာကျင်မှုတွေရှိနေတဲ့အတွက် သူတို့ရဲ့ခံစားမှုတွေကို ထုတ်ဖော်တာလို့မြင်တယ်။

ရွေးကောက်ပွဲပြီးတဲ့နောက် နိုင်ငံရေးအပြောင်းအလဲဖြစ်လာပြီး နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ဖို့အလားအလာကောင်းတွေဖြစ်ပေါ်နေတဲ့အခြေအနေဖြစ်တယ်။ ဒီအခြေအနေမျိုးမှာ ကိုယ့်ပြည်နယ်ဖွံ့ဖြိုးအောင်၊ ကိုယ့်နိုင်ငံတိုးတက်အောင် ဒီလိုအလားအလာကောင်းတွေကို ဆုပ်ကိုင်ပြီး ပိုင်ပိုင်နိုင်နိုင်အသုံးချရမှာဖြစ်ပါတယ်။ ဒါတွေလုပ်ဆောင်တဲ့အခါ ရှုထောင့်ပေါင်းစုံ ဘက်ပေါင်းစုံကနေ ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်တယ်။

ရခိုင်လူမျိုးတစ်ဦးအနေနဲ့ပြောရရင် ရခိုင်လူမျိုးတွေဟာ သမိုင်းအစဉ်အလာနဲ့ နေလာခဲ့ကြတာဖြစ်တယ်။ ကမ္ဘာတည်သရွေ့ရခိုင်လူမျိုးတည်မြဲရမယ်ဆိုတာ ရခိုင်လူမျိုးတိုင်းရဲ့ ယုံကြည်ချက်ဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်လူမျိုးဆိုတဲ့ အနေအထားအပေါ် သံသယဖြစ်စရာ၊ စိုးရိမ်စရာပေါ်လာရင် ရခိုင်လူမျိုးတိုင်းက လက်ခံမှာမဟုတ်ပါဘူး။

အခုတော့ဆန္ဒပြတာတွေပြီးသွားပါပြီ။ ရှေ့ဆက်ပြီး ဒီလိုဆန္ဒပြမှုတွေပေါ်ပေါက်မလာအောင်၊ ပေါ်ပေါက်လာရင် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ဘယ်လိုအကောင်းဆုံးဖြစ်အောင်လုပ်ရမလဲဆိုတာကို အဓိကလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒါမှ သေးငယ်တဲ့ပြဿနာဆိုရင် ပျောက်ကွယ်သွားမှာဖြစ်တယ်။ ဒီလိုမလုပ်နိုင်ရင် သေးတာကနေ ကြီးလာပြီး ပြောင်းလဲနေတဲ့ ရလဒ်ကောင်းတွေအချည်းအနှီးဖြစ်သွားမှာကို နားလည်ဖို့လိုတယ်။ ရှေ့ဆက်ပြီး ဘယ်လိုအကောင်းဆုံးဖြစ်အောင်ဆောင်ရွက်သွားရမလဲဆိုတာ အရေးကြီးပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ ရခိုင်လူမျိုးဟာ ရခိုင်ပါပဲလို့ ဆက်သုံးသွားမယ်။ ရခိုင်လူမျိုးတွေဟာ ဗုဒ္ဓဘာသာကိုးကွယ်ကြသူတွေဖြစ်တယ်။ ဗုဒ္ဓဘာသာကိုးကွယ်သူတိုင်း ရခိုင်လူမျိုးဖြစ်ချင်မှဖြစ်မယ်။ အခြားဘာသာကနေပြောင်းလဲလာသူတွေလည်း ဖြစ်ချင်ဖြစ်မယ်။ တရားဝင်မထုတ်ပြန်တဲ့ အမည်တစ်ခုကြောင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုကို မထိခိုက်စေချင်ဘူး။ ဒီလိုပြဿနာတွေမဖြစ်အောင်ထိန်းသိမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နှစ်ပေါင်းများစွာ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့အတွက် တစ်ဖက်က ဖွံ့ဖြိုးမှုကို ဦးစားပေးလုပ်သလို တစ်ဖက်က တည်ငြိမ်အေးချမ်းဖို့လိုအပ်တယ်။ ဒီနှစ်မျိုးက ခွဲခြားလို့မရဘူး။ ရခိုင်ပြည်နယ်အတွင်းက ပြည်သူတွေဟာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ညီညီညွတ်ညွတ်တိုင်တိုင်ပင်ပင် ဆောင်ရွက်ရမယ်။ ဒါမှဖွံ့ဖြိုးတိုးတက်မှုမျှော်လင့်ချက်တွေ အမြန်ဆုံးပြည့်စုံလာမှာ ဖြစ်တယ်။

**မေး။ ။ ဇူလိုင် ၄ ရက်က ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာခဲ့တဲ့ ကြေညာချက်အမှတ် ၂/၂၀၁၆ ရဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ။ ။ ရခိုင်လူမျိုးဆိုတာ ဟိုးအရင်ကတည်းကလည်း ရခိုင်လူမျိုး၊ ယခုလည်း ရခိုင်လူမျိုးပါပဲ၊ ဒါကြောင့် ရခိုင်ပြည်နယ်က ရခိုင်လူမျိုးလို့သုံးနှုန်းဖို့ ရည်ရွယ်ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

**အမေးနှင့်အရေး -မင်းမင်းဇော်(ကလေး)**

**ဓာတ်ပုံ-အေးသန်း**



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု

## ရခိုင်လူမျိုးဆိုတာ ဟိုးအရင်ကတည်းကလည်း ရခိုင်လူမျိုး၊ ယခုလည်း ရခိုင်လူမျိုးပါပဲ၊ ဒါကြောင့် ရခိုင်ပြည်နယ်က ရခိုင်လူမျိုးလို့သုံးနှုန်းဖို့ ရည်ရွယ်ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ယခုမိုးရာသီကာလအတွင်း မီးသုံးသူပြည်သူများ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးရေးအတွက် ရှုပ်ထွေး Service ဝိုင်ယာကြိုးများရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများဖြင့် လဲလှယ်တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို " ပြည်သူပါဝင်သော လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက်" အနေဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အပတ်စဉ် (စနေ၊ တနင်္ဂနွေ)နေ့တိုင်း ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၉ ရက်တွင် ဒဂုံဆိပ်ကမ်း၊ မရမ်းကုန်း၊ ဗဟန်း၊ ကမာရွတ်၊ လှိုင်၊ အလုံ၊ ကြည့်မြင်တိုင်၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ ဒလ၊ ကော့မှူး၊ ဆိပ်ကြီးခနောင်တို၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ထောက်ကြန့်၊ ဖောင်ကြီး၊ လှည်းကူး၊ ထန်းတပင်၊ တိုက်ကြီး၊ ဥက္ကံ၊ အဖျောက်၊ အင်းတိုင်၊ မြောင်းတကာ မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ဇူလိုင် ၁၀ ရက်တွင် ဒဂုံအရှေ့၊ မရမ်းကုန်း၊ လှိုင်၊ ဒဂုံ၊ အလုံ၊ လသာ၊ လမ်းမတော်၊ သန်လျင်၊ မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံမြို့နယ်များ၏ ရက်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ယခုပန်ကြားလွှာတွင် ဖော်ပြပါရှိသောမြို့နယ်များ၏ ရပ်ကွက်အချို့၊ နေရာအချို့တို့တွင်သာ အချိန်ပိုင်း ဓာတ်အား ပြတ်တောက်မည်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်လုံး လျှပ်စစ်မီးပြတ်တောက်မှုမျိုးမဟုတ်ပါကြောင်းနှင့် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူသို့ အသိပေးပန်ကြားထားသည်။ **(ကြေးမုံ)**

# မိမိတို့ရရှိထားသော သမိုင်းမှတ်တမ်းကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်တည်ဆောက်ရာတွင် အရေးပါအရာရောက်သူများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်






**နေပြည်တော် ဇူလိုင် ၆**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော တပ်မတော်သား မိသားစုဝင်သား သမီးများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများ၊ စစ်သည်များနှင့် ဘက်စုံပညာ ထူးချွန်လူငယ်များ၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံးဆုရရှိသူများနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ခံရသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိပိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပညာ၏ အရေးပါမှုနှင့်ပတ်သက်၍ "ပညာသမာအာဘာနတ္ထိ" "ပညာနှင့်တူသော အရာမရှိ"ဆိုသည့် မြန်မာဆိုရိုးနှင့်အညီ "ပညာ" ဆိုသည်မှာ အဖိုးထိုက်တန်သော ရတနာတစ်ပါးလည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံများသည် ပညာရေးနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံသူနိုင်ငံသားများ၏ ပညာမြှင့်တင်မှုများကို အနာဂတ်ကာလအတွက် အကောင်းဆုံးသောရင်းနှီးမြှုပ်နှံမှုအဖြစ် အလေးထားဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မျက်မှောက်ခေတ်ကာလတွင် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများကသာ ကမ္ဘာကြီးကို ဦးဆောင်နေကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် "Knowledge is Power"ပညာသည် စွမ်းအားဖြစ်ခြင်းကြောင့် နိုင်ငံ့စွမ်းအား တည်ဆောက်ရာတွင် ပညာရေးကိုအခြေပြုပြီး အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်အနေဖြင့် ကျောင်းသား ကျောင်းသူများ၏ ဗလငါးတန် ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ အတွေးအခေါ် မှန်ကန်စေရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ ရေရှည်အကျိုးကို မြော်ကိုးပြီး လက်တွေ့ကျကျ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ၂၀၁၂ ခုနှစ်မှ စ၍ ပညာရည်ထူးချွန်သော စစ်သည်များ၊ ကျောင်းသား ကျောင်းသူများကိုလည်း ဒေသန္တရဗဟုသုတ ရရှိစေရန် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများသို့ ပြည်ပလေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးလျက်ရှိရာ လေးနှစ်တာကာလအတွင်း ထူးချွန်စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း သားသမီး ၁၆၈၆ ဦးကို ဆုချီးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ယင်းလုပ်ငန်းရပ်များကို စဉ်ဆက်မပြတ် လုပ်ဆောင်နေခြင်းသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် သမိုင်းစဉ်ဆက် ဆောင်ရွက်ခဲ့သည့် အမျိုးသားရေးတာဝန်များကို မပျက်မကွက်ထမ်းရွက်နေခြင်းပင် ဖြစ်ကြောင်း။

မိဘများ၏ အားပေးသွန်သင်ဆုံးမမှု၊ ဆရာ ဆရာမများ၏ သင်ကြားလေ့ကျင့်ပေးမှုများနှင့် မိမိကိုယ်တိုင် အပတ်တကုတ် ကြိုးစားအားထုတ်မှုတို့ကြောင့် ယခုကဲ့သို့ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ခြင်း ဖြစ်ကြောင်း။

အသိပညာ၊ အတတ်ပညာသင်ကြားပေးသော ဆရာဆိုသည်မှာ ထာဝရဆရာပင်ဖြစ်သည်ကို မမေ့ရန်လိုကြောင်း၊ မကြာမီအဆင့်မြင့်ပညာများကို ဆက်လက်လေ့လာဆည်းပူးသင်ယူရတော့မည်ဖြစ်၍ မှန်ကန်သော ရွေးချယ်မှုနှင့် မှန်ကန်သော ထိန်းကျောင်းမှုများ ရှိရန်လိုကြောင်း။

မိမိကိုယ်ကို ထိန်းကျောင်းမှုဖြင့် ကိုယ့်မိသားစု အသိုက်အဝန်းနှင့် နိုင်ငံတော်မှ အားကိုးအားထားပြုနိုင်မည့်ပညာရှင်များ ဖြစ်လာအောင် ပညာရေးကိုသာ အားသွန်ခွန်စိုက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာခေတ် Knowledge Age နှင့် ကိုက်ညီသည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း၊ အခြေခံတတ်သိရမည့်ပညာရပ်များကို တတ်သိသောလူ့ဘောင်အဖွဲ့အစည်း Average Citizen များဖြစ်ပေါ်လာရေး တပ်မတော်မှ ပါဝင်ဆောင်ရွက် မြှင့်တင်ပေးနေမှုများတွင် စွမ်းအားရှိသရွေ့၊ စွမ်းရည်ရှိသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ ဘက်စုံပညာထူးချွန်လူငယ်များ၊ နိုင်ငံတော်အဆင့်ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ကဗျာဆုရရှိသူများနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ခံရသော ကျောင်းသား ကျောင်းသူများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများက ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းများနှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ဆုများပေးအပ်ချီးမြှင့်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ခြောက်ဘာသာဂုဏ်ထူးနှင့် ဘက်စုံပညာထူးချွန်လူငယ်ဆုပူးတွဲရရှိသူ မအိဇင်မျိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယနေ့ကျင်းပသော ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ တပ်မတော် ပညာရေးကျောင်း သုံးကျောင်းတို့အားလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရရှိကြသော စစ်သည် ၁၆ ဦး၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သားသမီးများဖြစ်သော ခြောက်ဘာသာ ဂုဏ်ထူးရှင် ၅၄ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၈၇ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၂၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃၃ ဦး၊ နိုင်ငံတော်အဆင့်ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆ ဦးကို လည်းကောင်း၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူခြောက်ဦး၊ အဆင့်မြင့်ပညာအဆင့်အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ပညာသင်ဆုရရှိသော တပ်မတော်သားမိသားစုဝင်များနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီး ၇၀ နှင့် အကြောင်းအမျိုးမျိုးကြောင့် အခမ်းအနားမတက်ရောက်နိုင်သူ ၁၂ စုစုပေါင်း ၅၃၀ တို့အား ဂုဏ်ပြုရွှေပြားဆု၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့အပြင် ယနေ့ပညာရည်မြှင့်တင်မှု ဂုဏ်ပြုအခမ်းအနားတွင် ပညာဒါနစေတနာရှင် အလှူရှင်များက လှူဒါန်းငွေများဖြင့် ဂုဏ်ထူးရစစ်သည်များ၊ တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများမှ တစ်ဘာသာဂုဏ်ထူးရရှိသူ ၇၄၃ ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၉၈ ဦးအပါအဝင် ဂုဏ်ထူးရရှိသူ စုစုပေါင်း ၁၃၅၇ ဦးအား ဂုဏ်ထူးတစ်ဘာသာလျှင် ဂုဏ်ပြုငွေကျပ် ၁၀၅၅၀၀ ကျပ်နှုန်းဖြင့် ထပ်ဆောင်းချီးမြှင့်ခဲ့သည်။

**(သတင်းစဉ်)**

❖

### ❖ ရှုံးထွက်ပြိုင်ပွဲမှ

ချေပဂိုးပြန်ရရန် ကြိုးပမ်းလာသော်လည်း တစ်ဦးချင်းကစားပုံမကောင်းသည့်အပြင် တိုက်စစ်ကစားပုံ အမှားများခဲ့သောကြောင့် ရခိုင်နောက်တန်း အလွယ်တကူ ဖျက်ထုတ်နိုင်ခဲ့သည်။ ဧရာဝတီအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားအပြောင်းအလဲလုပ်ခဲ့သော်လည်း ထူးထူးခြားခြား ကစားအားတက်မလာပေ။ ရခိုင်အသင်းသည် အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့ပြီး အဖိုးတန်နိုင်ပွဲရယူသွားခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဇွဲကပင်အသင်းက Southern အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဇွဲကပင်အသင်းသည် ယခုပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၁၂ မိနစ်တွင် ပက်ထရစ်၊ ၂၈ မိနစ်တွင် အေးကိုကိုမောင်၊ ၈၃ မိနစ်တွင် အောင်သူဝင်းတို့က သွင်းယူခဲ့သည်။

ဒုတိယအဆင့်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ရန်ကုန်နှင့်ဟံသာဝတီ၊ မြဝတီနှင့် ရတနာပုံ၊ မကွေးနှင့်ရှမ်းယူနိုက်တက်၊ဇွဲကပင်နှင့်ရခိုင်အသင်းတို့ တွေ့ဆုံလျက်ရှိကာ ဇူလိုင် ၁၃၊ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဖော်**

### ❍ အရှေ့တောင်အာရှမှ

လည်း ၂၆-၂၈ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ထိုင်းအသင်းသည် ဒုတိယပွဲငယ်တွင် ၂၅-၂၂ မှတ်၊ တတိယပွဲငယ်တွင် ၂၅-၁၈မှတ်တို့ဖြင့် အနိုင်ကစားခဲ့ပြီး ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ချန်ပီယံဆုကို နှစ်ကြိမ်ဆက်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

တတိယနေရာလုပွဲတွင် အင်ဒိုနီးရှားအသင်းက မြန်မာ(ခ) အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာ(ခ)အသင်းသည် အင်ဒိုနီးရှားကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ၂၄-၂၆ မှတ်၊ ၂၆-၂၄ မှတ်၊ ၂၀-၂၅မှတ်၊ ၂၅-၂၇မှတ်တို့ဖြင့် သုံးပွဲတစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံးဆုရ ကန်တာပတ်ခွန်မီး(ထိုင်း) အား မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက ဆုချီးမြှင့်သည်။ ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က တတိယဆုရ အင်ဒိုနီးရှားအသင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဒုတိယဆုရ မြန်မာ(က)အသင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပထမဆုရ ထိုင်းအသင်းတို့အား ဆုများပေးအပ်ချီးမြှင့် သည်။

**(ရဲရင့်ရှိုင်း)**

### ❒ ယူရိုမှ

ယူရို ၃၅၄ ဒသမ ၂၇ သန်းအား အရောင်းစာရင်းတွင် ငွေမချေသဖြင့် ဒီပိုစစ် ၅ ရာခိုင်နှုန်းဖြစ်သည့် (၁၇ ဒသမ ၅၄)သန်းကိုသာ ဗဟိုကော်မတီက သိမ်းဆည်းနိုင်ခဲ့သည်။ ထိုသိမ်းဆည်းငွေ ယူရို ၁၇ ဒသမ ၅၄ သန်းမှ ၁၀ ရာခိုင်နှုန်းအား ဌာနမှ ဒဏ်ကြေးအဖြစ်ယူပြီး တစ်ရာခိုင်နှုန်းအား ဗဟိုကော်မတီ၏ရန်ပုံငွေသို့ ထည့်ဝင်ခဲ့၍ ကျန် ၈၉ ရာခိုင်နှုန်းအား ကျောက်အတွဲပိုင်ရှင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ငွေမချေသည့် ကျောက်မျက်ရတနာကုန်သည်များကို ဒီပိုစစ်ငွေ ငါးရာခိုင်နှုန်းသိမ်းသည့်အပြင် ပြပွဲသုံးနှစ်တက်ရောက်ခွင့်ပိတ်သိမ်းခဲ့သည်။

ယခင်ပြီးခဲ့သည့်အကြိမ်က ရောင်းချခဲ့ရသည့် ကျောက်စိမ်းအတွဲ ၅၈၄၃ တွဲအနက် ၄၃၇၅ တွဲကိုသာပေးချေခဲ့သဖြင့် ဒဏ်ကြေးငွေအပါအဝင် ယူရို ၅၈၉ သန်းကျော်ဖိုးသာ ငွေရရှိခဲ့ပြီး ယခုနှစ်(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ဝယ်ယူသူများ၏ ၇၃ ရာခိုင်နှုန်းမှာ ငွေပေးချေမည်ဟု မျှော်လင့်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကမ်းပါးများပြိုကျမှုဖြစ်ပွား

**စေတုတ္တရာ ဇူလိုင် ၆**

မင်းဘူးခရိုင် စေတုတ္တရာမြို့၏ တောင်ဘက်ရှိ ရခိုင်ရိုးမမှ စတင်စီးဆင်းလာသော ဆီးမီးချောင်းသည် ဇူလိုင် ၅ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေများတစ်ရှိန်းထိုး မြင့်တက်လာကာ စေတုတ္တရာမြို့ အဝင် ကပစ (၂၀) မြို့ရှောင်လမ်းအား ချောင်းရေတိုက်စားခဲ့၍ လမ်းအကျယ်ပေ ၂၀ရှိရာမှ ငါးပေခန့်သာ ကျန်ရှိခဲ့သည်။ ထိုလမ်းပေါင် ချောင်းရေတိုက်စားပြိုကျပါက စေတုတ္တရာမြို့ ဝဏ္ဏရပ်ကွက်နှင့် ဇေယျရပ်ကွက်တို့ရှိ အိမ်ခြေ ၉၀ ကျော်နှင့် အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်းတို့သည် ဆီးမီးချောင်းရေများ ဝင်ရောက်နိုင်သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်း၍ သဲအိတ်၊ ကျောက်အိတ်များဖြင့် ယာယီရေကာတာများပြုလုပ်တားဆီးလျက်ရှိကြောင်းနှင့် ချောင်းရေဆက်လက် ဝင်ရောက်လာမည်ကို ရပ်ကွက်နေပြည်သူများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



# စိုးဖောင်ဒေးရှင်းက မသန်စွမ်းသူ ၃၉၀ ကျော်အား လက်တွန်းဘီးထိုင်ခုံများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၆**
နေပြည်တော် ပျဉ်းမနားမြို့ရှိ အေးငြိမ်းချမ်းသာဂိလာန ဘိုးဘွားရိပ်သာ၌ စိုးလျှပ်စစ်ဖောင်ဒေးရှင်းက မသန်စွမ်းများနှင့် သက်ကြီးဘိုးဘွားများအား လက်တွန်းဘီးထိုင်ခုံ (Wheel Chair) ၃၉၅ စီးနှင့် လမ်းစရိတ်ငွေကျပ်နှစ်သောင်းခွဲစီကို ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက ပေးအပ်လှူဒါန်းရာ စိုးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိုးတင့်က လှူဒါန်းရခြင်းအကြောင်းအား ရှင်းလင်းပြောကြားခဲ့သည်။

ယနေ့ဝှီးချဲပေးအပ်သည့်လူများအနက် ကုသ၍ကောင်းနိုင်ပြီး ငွေကြေးမတတ်နိုင်သည့်ရောဂါသည်များ ပါရှိပါက တိုက်ရိုက်တင်ပြ၍ဖြစ်စေ၊ အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာမှ ဆရာဝန်ကြီးလေးဦးထံမှ ကျန်းမာရေးစစ်ဆေးချက်အရဖြစ်စေ အခြေအနေပေးပါက ပျဉ်းမနားသားတစ်ယောက်အနေဖြင့် ပြည်ပသို့ပို့ဆောင်ကာ ကုသပေးမည်ဖြစ်ကြောင်း ဦးစိုးတင့်က ပြောသည်။

နေပြည်တော်ကောင်စီအတွင်း ဝှီးချဲလိုအပ်သူများ၏ လျှောက်လွှာများကို ဇွန်လလယ်မှစ၍ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ အေးငြိမ်းချမ်းသာဂိလာနမှတစ်ဆင့် စိစစ်ကောက်ခံပြီး ပေးအပ်ခဲ့သည်။ ထို့အပြင် ပျဉ်းမနားမြို့တွင် တံတားနှစ်စင်းကို မကြာမီပြီးစီး၍ ဖွင့်လှစ်တော့မည်ဖြစ်ပြီး အမှတ်(၈၅) ခြေလျင်တပ်ရင်းအနီးရှိ တံတားဟောင်းကို လေးလမ်းသွား RC တံတားအဖြစ် တည်ဆောက်ရန် မြေပြင်ရှင်းလင်းခြင်း စတင်ဆောင်ရွက်နေကြောင်း စိုးလျှပ်စစ်ဖောင်ဒေးရှင်း၏ ရုံးအဖွဲ့မှူး ဦးအောင်မြင့်ထွန်းက ပြောသည်။

စိုးလျှပ်စစ်ဖောင်ဒေးရှင်းသည် လွန်ခဲ့သည့် ၁၇ နှစ်ခန့်ကပင် အခြေခံပညာမူလတန်းကျောင်းများ ဆောက်လုပ်လှူဒါန်းပေးခြင်း၊ ငွေကြေးချို့တဲ့သည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ အနေ့ယာဉ်လုပ်သားများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များကိုလည်း ထောက်ပံ့ပေးခဲ့ပြီး ပျဉ်းမနားမြို့ အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာတွင် ပြင်ပလူနာဌာနဖွင့်လှစ်၍ ဘိုးဘွားများကို လူမျိုးဘာသာမရွေး အခမဲ့ဆေးဝါးကုသပေးထားကြောင်းလည်း သိရသည်။

ယခင်ကလည်း လယ်ဝေးမြို့နယ်ရှိ အေးငြိမ်းချမ်းသာ ဆုတောင်းပြည့်စေတီတည်စဉ်က လုပ်အားပေးလာကြသည့် ဂုံမင်းအိုင်အနီးရှိ ရွာပေါင်း ၂၂ ရွာမှ ဝှီးချဲလိုအပ်သည့် မသန်စွမ်းသူများကိုလည်း ဝှီးချဲ ၄၇ စီး လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ဝှီးချဲများလက်ခံရရှိသူ မသန်စွမ်းများကလည်း ဝမ်းသာကြောင်းနှင့် ကျေးဇူးတင်ပါကြောင်း၊ နောင်လည်း လှူနိုင်ပါစေကြောင်း ဆုတောင်းစကားပြောကြသည်။

**သတင်း-သန့်ဇင်ဝင်း၊ ဓာတ်ပုံ-ကျော်ရဲဆွေ**






# ထန်းတပင်မြို့နယ် ရခိုင်ရိုးကြီးအပိုင် ကျွဲခေါင်းကွင်းလယ်မြေများ အရောင်းအဝယ်ဖြစ်နေဆဲ

**ရွှေပြည်သာ ဇူလိုင် ၆**
ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်ရိုးကြီးကျေးရွာအုပ်စု ကျွဲခေါင်းကွင်းလယ်မြေများကို လယ်သမားများက မြေကွက်များဖော်ထုတ်၍ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှစ၍ ရောင်းချနေခဲ့ရာ ယခုတိုင် အရောင်းအဝယ်ဖြစ်နေသေးကြောင်း မြေကွက်ဝယ်သူများထံမှ သိရသည်။

"ဒီနေ့ ကျွန်တော် (၁၀ × ၆၀) ပေ မြေကွက်တစ်ကွက်သွားဝယ်တယ်။ ဆွေမျိုးသားချင်းမို့လို့ ငွေကျပ် ခုနစ်သိန်းနဲ့ ရခဲ့ပါတယ်။ ငုတ်စိုက်ပြီး မှတ်ခဲ့ပါတယ်။ ရောင်းသူကသူ့ရဲ့လယ်ပိုင်ဆိုင်မှု မိတ္တူစာရွက်တစ်ရွက်ပေးပါတယ်။ စာချုပ်ချုပ်တဲ့နေရာမှာ ရာအိမ်မှူးက သိရှိကြောင်း လက်မှတ်ရေးထိုးပေးတယ်။ ကျွန်တော်ဝယ်ခဲ့တဲ့ မြေက ကျွဲခေါင်းကွင်း ကွင်းအမှတ် (၁၃၉) ဦးပိုင်အမှတ် (၆/ဠ) ထဲကဖြစ်ပါတယ်။ အနီးအနားမှာလည်း မြေကွက်တွေ ဝယ်ထားလို့ ကျောက်တိုင်မှတ်စိုက်ထားတာအများကြီးပဲ။ တချို့ဆို အိမ်ဆောက်ပြီး နေနေကြပြီ။ ကျွန်တော်လည်း နွေပေါက်ရင် အိမ်ဆောက်နေဖို့ ဝယ်ခဲ့တာပါ"ဟု ရွှေပြည်သာ အမှတ်(၁၂)ရပ်ကွက် စံပယ်လမ်းတွင် အိမ်ငှား နေထိုင်ပြီး မြေကွက်ဝယ်ခဲ့သူ ကိုအောင်ကပြောသည်။

ကျွဲခေါင်းကွင်းရှိ လယ်သမားအများစုသည် ၎င်းတို့ပိုင် လယ်မြေများအား ၂၀၁၂-၂၀၁၃ ခုနှစ်များမှစ၍ အကွက်များရိုက်၍ ကိုယ်တိုင်ရောင်းချခြင်းရှိနေခဲ့ပြီး ယခုအခါတွင် လယ်စိုက်သူမရှိသလောက်ဖြစ်ကာ အကွက်များဖော်၍ ရောင်းချထားပြီးဖြစ်ကြောင်း၊ ရခိုင်ရိုးကြီးကျေးရွာ ဧရိယာနှင့်ထိစပ်ရန် အနည်းငယ်သာကျန်တော့ကြောင်း တွေ့ရသည်။

လယ်သမားကြီးတစ်ဦးထံမှ လယ်မြေများကို တစ်ဆင့်ခံဝယ်ယူခဲ့ပြီး ရရှိလယ်မြေများကို လူနေထိုင်ရန် အကွက်များရိုက်၍ ရောင်းချမှုများပြုလုပ်နေသည့် ပေါက်တန်းဒိပ်ကုန်းရွာအဝင် လမ်းထိပ်တွင်နေထိုင်သော ဒေါ်ဝင်းစန္ဒာက "ကျွန်မတို့ရဲ့ လယ်သမားဆီက လွန်ခဲ့တဲ့ ငါးနှစ်လောက်က ပေါက်ဈေး တစ်ဧက ငွေကျပ် ၃၅ သိန်းလောက်နဲ့ဝယ်ပြီး လုပ်လာကြတာ။ နောက်ပိုင်း လယ်ဈေးတွေက သိန်း ၅၀၀၊ ၆၀၀ တွေဖြစ်သွားတော့ မဝယ်တော့ဘူး။ ဝယ်ပြီးသား ၃၅ ဧကလောက်ကို ၂၀၁၂ ခုနှစ်နောက်ပိုင်းထဲက ရောင်းနေတာပါ။ အခုဆိုရင် အားလုံး ရောင်းပြီးသလောက်ပဲ။ နှစ်ကွက်လောက်ပဲကျန်တော့တယ်။ လမ်းပေ ၂၀ ဖော်တယ်။ (၂၀×၆၀) ပေ အကွက်တွေရိုက်တယ်။ ဈေးကတော့ မတူဘူးပေါ့။ ၂၅ သိန်းကနေ ၃၅ သိန်းကြားမှာရပါတယ်"ဟု ပြောသည်။

၎င်းလယ်မြေများသည် အလယ်ရွာအဝိုင်းမှ အနောက်ပိုင်းတက္ကသိုလ်သို့သွားရာ ကားလမ်းမကြီးဘေးတွင်ရှိနေပြီး ကားလမ်းမကြီး ဝဲ၊ ယာ တစ်လျှောက်တွင် "တန်ဖိုးနည်းမြေကွက်များ ရောင်းရန်ရှိသည်" စာသားပါ ဗီနိုင်းပိုစတာများထောင်ပြီး လယ်မြေများ ရောင်းချသူများ အစီအရီရှိနေသည်ကို ဇူလိုင် ၃ ရက်က မြင်တွေ့ခဲ့ရသည်။

**ရွှေမြင့်ဦး(ရွှေပြည်သာ)**

# ငါးရှဥ့်ဈေးကွက် အရောင်းအဝယ်အေးကာ နေ့စဉ်ဈေးနှုန်းပြောင်းလဲနေ

**ရေတာရှည် ဇူလိုင် ၆**
မိုးရာသီတွင် အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည့် ငါးရှဥ့်ဈေးကွက်မှာ ယခုနှစ်၌ အရောင်းအဝယ်အေးကာ ဈေးနှုန်းတည်ငြိမ်မှုမရှိသေးကြောင်း ရေတာရှည်မြို့ရှိ ငါးရှဥ့်အဝယ်ဒိုင်များမှ သိရသည်။

"ငါးရှဥ့်က မန္တလေးကိုတင်ပို့ရတာ၊ မှာတဲ့ပေါ်မှာမူတည်ပြီး တင်ပို့ရတယ်။ အမှာများရင် ဈေးမြင့်လာတယ်။ အဝယ်အေးသွားပြန်ရင် ဈေးကကျပြန်ရော၊ တစ်ရက်ဈေး တစ်မျိုးပဲ"ဟု အဝယ်ဒိုင်လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကျပ် ၇၀၀၀ အထိ မြင့်တက်သွားခဲ့သည့် ငါးရှဥ့်ဈေးမှာ ဇူလိုင်ပထမပတ်တွင် ငွေကျပ် ၅၀၀၀ ကျော်သာရှိခဲ့ပြီး တစ်ခါတစ်ရံ ငွေကျပ် ၄၀၀၀ အထိ ပြန်ဆင်းသွားခဲ့သည်များလည်း ရှိကြောင်း ၎င်းကပြောသည်။

တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင် ဝင်ရောက်ချိန်ဖြစ်၍ ငါးရှဥ့်ထောင်သူနည်းပါးပြီး ရှေ့လခန့်တွင် ငါးရှဥ့်အဝင်ဖြိုင်နိုင်ကြောင်း ခန့်မှန်းမှုများလည်း ရှိနေသည်။ အဓိကအားဖြင့် ငါးရှဥ့်ဈေးကောင်း ရရှိနိုင်ခြင်းသည် တရုတ်နိုင်ငံသို့တင်ပို့နိုင်သည့် မူဆယ်ဈေးကွက်အနေအထားပေါ်မူတည်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# လယ်ယာလုပ်ငန်းတွင် လုပ်သားမရ၍ စက်ကိရိယာ အစားထိုးနေရ

**နွားထိုးကြီး ဇူလိုင် ၆။** ။မိုးဖြိုင်ဖြိုင်ရွာပြီး မိုးဦးဆီထွက်သီးနှံစိုက်ခင်းများ အပြိုင်အဆိုင်အပင်ပေါက်နေ၍ ပေါင်းမြက်ရှင်းလင်းချိန်တွင် ပေါင်းရှင်းလုပ်သားရှားပါးခြင်း၊ လယ်ယာလုပ်သားခ ဈေးကြီးမြင့်နေခြင်းတို့ကြောင့် ယာတစ်ဧကအတွက် ငွေသောင်းချီကုန်ကျနေကြောင်း တောင်သူများ ညည်းညူနေကြသည်။

လုပ်သားခ ကျပ် ၃၀၀၀၊ ၄၀၀၀ ခန့်ရှိနေပြီး လိုအပ်ချိန် အလုပ်သမားမရ၍လယ်ယာလုပ်ငန်းအတွက် အခက်တွေ့နေရပြီး စက်ကိရိယာအစားထိုးနေရကြောင်း သိရသည်။ နွားထိုးကြီးနယ်၏ မိုးဦးသီးနှံဧက သုံးသိန်းခွဲကျော်ရှိနေရာ လယ်ယာလုပ်သား လိုအပ်မှုမှာ တစ်ဧက ၁၀၊ ၁၅ ဦးအထိ ရှိနေ၍ လိုအပ်သလောက်မရခြင်းဖြစ်သည်ဟု ဆိုသည်။ **(ဒွေးမြင့်မောင်)**



# ကသာမြို့၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**ကသာ ဇူလိုင် ၆**

၂၀၁၆ -၂၀၁၇ ခုနှစ်အတွက် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကောင်းမြတ်မင်္ဂလာအချိန်တွင် ကသာမြို့ ကမ်းနားလမ်း ရွှေဂူကြီးဘုရားရှေ့ဆိပ်ကမ်းတွင် ငါးမျိုးစိုက်ထည့်ခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဌေးဝင်းက မြန်မာနိုင်ငံအနှံ့အပြားတွင် ရာသီအလိုက် ငါးမျိုးစိုက်ထည့်ရာတွင် မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည် ရေကာတာများအပြင် စပါးစိုက်ခင်းများနှင့် သဘာဝရေပြင်အားလုံးကို ရေရှိလျှင်ငါးရှိရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ ငါးလုပ်ငန်းဦးစီးဌာနမှ အထက်အဖွဲ့အစည်း လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။ စစ်ကိုင်းတိုင်းဒေသကြီး ငါးသယံဇာတပေါများကြွယ်ဝစေရန် အတွက် ယခင် ၂၀၁၅ -၂၀၁၆ ခုနှစ်တွင် မြစ်ချောင်းများအတွင်း ငါးသန်ကောင်ရေ ၉ ဒသမ ၈ သိန်း၊ ဆည်တမံ ၁၃ ခုတွင် ငါးသန်ကောင်ရေ ၁၆ ဒသမ ၀၅ သိန်း၊ စပါးစိုက်ခင်း ၆၃၀ ဧကအတွင်း ငါးသန်ကောင်ရေ ၃ ဒသမ ၁၅ သိန်းနှင့် အင်းများအတွင်း ငါးသန်ကောင်ရေ ၂၁၇ ဒသမ ၅၄ သိန်းအား စိုက်ထည့်ပေးနိုင်ခဲ့သည်။

ကသာခရိုင်အတွင်း ဧရာဝတီမြစ်၊ ရွှေလီမြစ်၊ မဲဇာမြစ်ချောင်း၊ ဒေါင်းမြူးချောင်းများကိုအခြေခံ၍ သားငါးထုတ်လုပ်မှုတိုးတက်စေရန် ငါးမျိုးစိုက်ထည့်မှုများကို ဧရာဝတီမြစ်အတွင်း ငါးသန်ကောင်ရေ ၄ ဒသမ ၀၀ သိန်း၊ အင်းတော်လေးအင်းအတွင်း ၁ ဒသမ ၅ သိန်း၊ ဗန်းမောက်မြို့နယ်အတွင်းရှိ နာယကာဆည်နှင့် ဟဲခံဆည်များအတွင်း သုည ဒသမ ၆၅ သိန်း၊ စပါးခင်းများအတွင်း သုည ဒသမ ၆၃ သိန်းနှင့် အင်းများအတွင်းသို့ ၉၁ ဒသမ ၄၁ သိန်း ငါးမျိုးစိုက်ထည့်ပေးနိုင်ခဲ့သည်။

၂၀၁၆ -၂၀၁၇ ခုနှစ်တွင်လည်း မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်နှင့်စပါးခင်းများအတွင်းသို့ ကောင်ရေ ၉၁ ဒသမ ၄၁ သိန်း မျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုလိုသဘာဝရေပြင်တွင် ငါးမျိုးမပြုန်းတီးစေရန် ငါးမျိုးစိုက်ထည့်ပေးခြင်းဖြင့် ငါးအမတစ်ကောင်ရှင်သန်ကြီးထွားလာပါက ငါးအမ၏ကိုယ်အလေးချိန် တစ်ပိဿာလျှင် ငါးဥတစ်သိန်းရှိပါက ၎င်းမှပြန်လည်ပေါက်ပွားလာသော ငါးသန်များသည် ပြန်လည်ကြီးထွားလာကာ စဉ်ဆက်မပြတ် ငါးစားသုံးမှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# သထုံမြို့တွင် အမှိုက်များစွန့်ပစ်ရန် မြေနေရာအခက်အခဲဖြစ်နေ

**သထုံ ဇူလိုင် ၆**

သထုံမြို့တွင် မြို့တွင်းမှထွက်ရှိသည့် အမှိုက်များကို စနစ်တကျစွန့်ပစ်နိုင်ရေး မြေနေရာ အရေးတကြီးလိုအပ်နေကြောင်း သထုံမြို့နယ် စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယခင် နှစ်ပေါင်း ၂၀ ဝန်းကျင်ခန့် သထုံမြို့တွင်းမှထွက်သည့် အမှိုက်များကို စွန့်ပစ်ခဲ့သည့် ပေါ်တော်မူကျေးရွာ ကျောက်တန်းသုသာန်အနီး မြေနေရာမှာ ယင်းအချိန်က လူနေအိမ်ခြေများနှင့် ကိုက် ၁၀၀၀ ခန့် အကွာအဝေးတွင်ရှိခဲ့သော်လည်း လက်ရှိအချိန်တွင် လူနေအိမ်ခြေများပြားလာကာ အနီးဝန်းကျင်နေပြည်သူများက အမှိုက်ပုံမှ ထွက်ရှိသောအနံ့ဆိုးများကိုမခံနိုင်၍ ဝိုင်းဝန်းကန့်ကွက်ကြသဖြင့် ပြည်သူများ၏ ဆန္ဒအရ အမှိုက်များစွန့်ပစ်မှုအား ရပ်တန့်ထားခဲ့ရကြောင်း သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်သန်းက ပြောသည်။

"အမှိုက်ပုံက မီးဘေးအန္တရာယ် စိုးရိမ်ရတယ်။ အနံ့ဆိုးတယ်။ လူနေအိမ်တွေနဲ့ လည်းနီးလာတော့ သူတို့ကန့်ကွက်တာ မှန်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်ကလည်း မြေနေရာအပူတပြင်းရှာတယ်။ တွေ့ပေမယ့် ဝိုင်းကန့်ကွက်ကြတာရှိနေတော့ အဆင်မပြေဘူး။ မြေနေရာဝယ်ဖို့ ပြည်နယ်အစိုးရကလည်း သိန်း ၃၀၀ ကျော်ချပေးတယ်။ ဒါပေမယ့် မြေနေရာရှာမရဘူး။ နှစ်ရက်လောက် အမှိုက်မသိမ်းနိုင်ရင်ဘဲ ဈေးတွေနဲ့မြို့ထဲမှာ အမှိုက်က ပုံနေပြီ။ ဒါကြောင့် မြေနေရာမရခင်မှာ လက်ရှိ ဒီကျောက်တန်းက ပြည်သူတွေကိုပဲ တောင်းပန်ပြီး အမှိုက်ဆက်ပစ်နေပြီးတော့ အခြားယာယီအမှိုက်ပစ်နိုင်မယ့် နေရာတွေကို ရှာဖွေထားပါတယ်။ မြေနေရာရဖို့အတွက် သက်ဆိုင်ရာအဆင့်ဆင့်ကို တင်ပြထားပါတယ်"ဟု ၎င်းက ပြောသည်။



ယခင်စက်မှု (၂) က ပြန်လည်စွန့်လွှတ်မြေဖြစ်သည့် သထုံမြို့နယ် ကြာပန်းကျေးရွာအနီးရှိ မြေ ၃၈ ဧကတွင် အမှိုက်ပစ်နိုင်ရန် တင်ပြတောင်းဆိုထားကြောင်း၊ မြေနေရာရရှိရေးအတွက် မြို့နေပြည်သူများနှင့် သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းကူညီမှု လိုအပ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သထုံမြို့တွင် နေ့စဉ် အမှိုက်တန် ၂၀ ဝန်းကျင်ခန့်ထွက်ရှိနေပြီး မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှိုက်သိမ်းယာဉ်လေးစီး၊ သန့်ရှင်းရေးဝန်ထမ်း ၂၁ ဦးတို့ဖြင့် အမှိုက်သိမ်းခြင်းလုပ်ငန်းကို နေ့စဉ်ဆောင်ရွက်နေကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# ပျိုးသက်နုစပါးစိုက်နည်းစနစ် စမ်းသပ်ကွက်အား တောင်သူပညာပေးသရုပ်ပြ

**ဘီးလင်း ဇူလိုင် ၆**

ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပျိုးသက်နု (၁၂) ရက်သား စပါးပျိုးပင်အား (SRI) စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၅ ရက်က ဇွဲကလာကျေးရွာ အုပ်စု ကွင်းအမှတ်(၂၆၃-က)ရှိ တောင်သူ ဦးရွှေခိုင်၏ မိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(SRI) စိုက်ပျိုးနည်းစနစ်ရဲ့ အားသာချက်သည် နည်းပညာလက်တွေ့ကျကျဖြင့် ပျိုးကုန်ကျမှုသက်သာစေပြီး အပင်ပွားစည်းမှုကောင်းခြင်းနှင့် အောင်နှံပါပင်ပွားများ၍ ပန်းတိုင်အထွက်နှုန်း ရရှိစေမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်ဆွေက ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိနှင့် ဝန်ထမ်းများက (SRI) စိုက်ပျိုးနည်းစနစ်ဖြင့် မိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်၌ တောင်သူပညာပေး လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းကို ပြုလုပ်ခဲ့ကြသည်။ **(အေးမျိုးမျိုးစံ)**



# မန္တလေးကာတွန်းဆရာများ၏ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ပညာပေး ကာတွန်းပြပွဲကျင်းပ

**မန္တလေး ဇူလိုင် ၆**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံအားကျနှင့်ကာလသားရောဂါ တိုက်ဖျက်ရေးဌာန(မန္တလေး) မှ ကြီးမှူး၍ မန္တလေးကာတွန်းဆရာများ၏ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ပညာပေး ကာတွန်းပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း ဧသီဒါခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးခုခံအားကျနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာသန်းဝင်းက ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး စီမံချက်နှင့် အခြေခံပညာကျောင်းများတွင် ကာတွန်းပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မန္တလေးကာတွန်းဆရာများကိုယ်စား ကာတွန်းဆရာလေရှူးက မှဒိတာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးကာတွန်းဆရာများ၏ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ပညာပေးကာတွန်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ပညာပေးလက်ကမ်းစာစောင်များအား ကြည့်ရှုအားပေးသည်။ ပညာပေးကာတွန်းပြပွဲတွင် မန္တလေးမြို့မှ ကာတွန်းဆရာ၂၃ ဦးတို့က အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ပညာပေးကာတွန်းပုံ ၁၂၀ ကို ပြသပညာပေးသွားမည်ဖြစ်သည်။ အလားတူ ပညာပေးပြပွဲများကို မန္တလေးခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများတွင် ဆက်လက်ပြသ ပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြိုင်ပွဲကျင်းပမည်

**မန္တလေး ဇူလိုင် ၆**

Myanmar Youth Organization မှ ကြီးမှူး၍ တက္ကသိုလ်အဆင့်ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြိုင်ပွဲ Talent နှင့် တက္ကသိုလ် King နှင့် Queen ပြိုင်ပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီမှစတင်ကာ ဒိုင်းမွန်းပလာဇာအပေါ်ထပ်တွင် ကျင်းပမည်ဖြစ်ကြောင်း ဇူလိုင် ၅ ရက် မွန်းလွဲ ၁ နာရီက မီဒီယာစင်တာတွင်ကျင်းပသည့် အကြိုစာနယ်ဇင်းရှင်းလင်းပွဲတွင် Myanmar Youth Organization ဥက္ကဋ္ဌ ကိုကျော်ကျော်ငြိမ်းက ပြောသည်။

အဆိုပါပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ် ၁၃ ခုမှ ကျောင်းသား ကျောင်းသူ ၇၂ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ စွမ်းရည်ပြပြိုင်ပွဲတွင် ၂၆ ဦးနှင့် King & Queen ပြိုင်ပွဲတွင် ၄၆ ဦး ပါဝင်ကြမည်ဖြစ်သည်။

စွမ်းရည်ပြပြိုင်ပွဲ Talent ပြိုင်ပွဲအတွက် ဆုငွေကျပ်ငါးသိန်း၊ People Choice ဆုအတွက် ကျပ်ငါးသိန်း၊ King&Queen ပြိုင်ပွဲအတွက် ဆုငွေကျပ်သုံးသိန်းစီ ချီးမြှင့်ပေးမည်ဖြစ်ကာ ရတနာမိုးဆောက်လုပ်ရေးမှ Talent ပြိုင်ပွဲနှင့် People Choice ဆုများအတွက် ထပ်ဆင့်ကျပ်ငါးသိန်းစီ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲအတွက်ဝင်ကြေးကျပ် ၃၀၀၀ သတ်မှတ်ထားပြီး ရရှိသောရန်ပုံငွေများကို ပညာရေးနှင့်ထူးချွန်ကျောင်းသားများကို ထောက်ပံ့ပေးသည့်အစီအစဉ်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၀၂)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်(ရွှေဈေး) ၈၃၂၅၀၀ - ၈၃၃၅၀၀ မန္တလေး(ရွှေဈေး) ၈၃၂၅၀၀ - ၈၃၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၇၀ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၀၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၄၁ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၀၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၃. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၂၉၇. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၅. ၆၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၃. ၃၅၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၁. ၄၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၃၉၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၅၈. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၀. ၈၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၁. ၁၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၆၆. ၃၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



# ဘောလိဝုဒ်အားကစားဒရမ်မာဇာတ်ကားသစ် Sultan ရုံတင်မည်

ယနေ့ခေတ်ကာလတွင် ရုပ်ရှင်ဇာတ်ကားများကို ယခင်ကကဲ့သို့ တစ်ကားပြီးမှတစ်ကား စောင့်ကြည့်နေရခြင်းမျိုးမဟုတ်တော့ဘဲ ရုပ်ရှင်ရုံများတွင် ဇာတ်ကားများကို အပြိုင်ရုံတင်ပြသလျက်ရှိရာ ကြည့်ရှုသူပရိသတ်များအနေဖြင့်လည်း မိမိနှစ်သက်ရာဇာတ်ကားများကို ရွေးချယ်ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

လာမည့်ရက်သတ္တပတ်အတွင်း အသစ်ရုံတင်ပြသမည့် ဇာတ်ကားအသစ်နှင့် ပြသဆဲဇာတ်ကားများကို ညွှန်းဆိုတင်ပြလျက်ရှိသည့် ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှ ယခုတစ်ပတ်အတွက်လည်း ဇာတ်ကားသစ်များနှင့် ပြသမည့် ရုပ်ရှင်ရုံတို့ကို ညွှန်းဆိုတင်ပြလိုက်ရပါသည်။




ယခုတစ်ပတ်တွင် ဇာတ်ကားသစ်အနေဖြင့် ဘောလိဝုဒ်အားကစားဒရမ်မာဇာတ်ကားဖြစ်သည့် Sultan ဇာတ်ကားကို အသစ်ရုံတင်ပြသပေးသွားမည်ဖြစ်ပြီး ယင်းဇာတ်ကားသစ်သည် ကြေးစားနပန်းသမားတစ်ဦး၏ဘဝကိုအခြေတည်ကာ ကိုယ်ရေးကိုယ်တာဖြစ်စဉ်များကို ရောနှောတင်ဆက်ရိုက်ကူးထားသော ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

ယင်းဇာတ်ကားသည် ဘောလိဝုဒ်မင်းသား ဆယ်လ်မန်ခန်နှင့် Anushka Sharma တို့ အဓိကခေါင်းဆောင်ပါဝင်ထားပြီး နပန်းသမား Sultan Khan ၏ဘဝကို အဓိကပုံဖော်ခြယ်မှုန်းထားခြင်းဖြစ်သည်။ ယင်းဇာတ်ကားကို ရွှေ့ဆောင်၊ မင်္ဂလာစံပြ၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတို့တွင် ဇူလိုင် ၈ ရက်၌ စတင်ရုံတင်ပြသသွားမည် ဖြစ်သည်။

မြန်မာဇာတ်ကားများအနေဖြင့် ရုံတင်ပြသနေဆဲဖြစ်သည့် ဇေရဲထက်၊ ရာဇာနေဝင်း၊ ထွန်းထွန်း၊ စိုးမြတ်သူဇာနှင့် ရွှေမှုန်ရတီတို့ ပါဝင်သရုပ်ဆောင်ထားသည့် ဟာသဇာတ်ကား 'ကျွန်တော်ကျွန်မ ယောကျ်ားဗိုက်ကြီးသယ်' ဇာတ်ကားကို ရွှေ့ဆောင်(၂)ရုပ်ရှင်ရုံတွင်လည်းကောင်း၊ ယခင်တစ်ပတ်ကမှ အသစ်ရုံတင်ထားသည့် ဟိန်းဝေယံ၊ သားညီ၊ ကျော်ကျော်နှင့် သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင်ထားသည့် အိမ်ထောင်ရေးဇာတ်ကား 'ပြန်ခေါ် သက်သေ' ကို သမ္မတ၊ သွင်နှင့် ဝင်းလိုက်ရုပ်ရှင်ရုံတို့တွင် ဆက်လက်ကြည့်ရှုနိုင်ကြမည် ဖြစ်သည်။

ထို့အပြင် လူသားများနှင့် ဂြိုဟ်သားတို့အကြား ဖြစ်ပွားသည့် ပဋိပက္ခများကို ရိုက်ကူးတင်ဆက်ထားသည့် သိပ္ပံအက်ရှင်ဇာတ်ကား Independence Day:Resurgence ဇာတ်ကားကို မင်္ဂလာ(၂)၊ နေပြည်တော်၊ တော့ရှိုင်ရယ် (စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံများတွင် ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။ Now You See Me(2), Housefull 3 နှင့် 1920 London ဇာတ်ကားတို့ကိုလည်း ဆက်လက်ရုံတင်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်




## ဇာတ်ကောင်စရိုက်များအပေါ် နှစ်သက်မှုအပြည့်ရှိခဲ့သည့် ဩစတြေးလျမင်းသမီး Margot Robbie

ယခုလအစောပိုင်းက ထွက်ရှိခဲ့သည့် စွန့်စားခန်းများပါဝင်သည့် တောတွင်းအက်ရှင်ဇာတ်ကား The Legend of Tarzan တွင် အဓိကပါဝင်သရုပ်ဆောင်ခဲ့သူ ဩစတြေးလျမင်းသမီး Margot Robbie က ၂၀၁၆ ခုနှစ်အတွင်း သရုပ်ဆောင်ခဲ့ရသည့် နာမည်ကြီးဇာတ်ကားနှစ်ကားလုံးတွင် ပါဝင်ရသည့်ဇာတ်ကောင်နှစ်မျိုးစလုံးသည် လုံးဝမတူကွဲပြားပြီး နှစ်သက်မှုအပြည့်အဝရှိခဲ့ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။


Margot Robbie သည် The Legend of Tarzan နှင့် Suicide Squad အန်နီမေးရှင်းဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ထားပြီး တာဇံဇာတ်ကားသည် ၁၉ ရာစုခန့်က အဖြစ်အပျက်ကို အခြေတည်ထားပြီး Suicide Squad ဇာတ်ကားမှာ ခေတ်ပြိုင်သူရဲကောင်းအသားပေးဇာတ်ကားတစ်ကားဖြစ်ကြောင်း သိရသည်။

"ဒီနှစ်အတွင်း ရိုက်ကူးပြီးတဲ့ဇာတ်ကားနှစ်ကားဟာ တူသလိုလိုနဲ့ အနှစ်သာရအရမ်းကို ခြားနားပါတယ်။ ပရိသတ်တွေအနေနဲ့လည်း နှစ်သက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု လော့စ်အိန်ဂျလိစ်မြို့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် မင်းသမီး Margot Robbie က ပြောကြားခဲ့သည်။

မျိုးစန္ဒာမောင်-စုစည်းသည်

# ၂၀၁၉ တွင် နောက်ဆက်တွဲဇာတ်ကားထုတ်လုပ်ခြင်း ရပ်နားမည့် Pixar စတူဒီယို

ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီ ဝေါ့ထ်ဒစ်စနေး၏ လက်ခွဲတစ်ခုဖြစ်ပြီး ကလေးများအကြိုက် ကာတွန်းအန်နီမေးရှင်းဇာတ်ကားအများအပြားကို ထုတ်လုပ်လျက်ရှိသည့် Pixar ရုပ်ရှင်စတူဒီယိုအနေဖြင့် အနာဂတ်တွင် နောက်ဆက်တွဲဇာတ်ကားများ ရိုက်ကူးခြင်းကို ၂၀၁၉ ခုနှစ်တွင် ရပ်နားသွားမည်ဖြစ်ပြီး မူရင်းဇာတ်ကားများ ပုံဖော်ရိုက်ကူးခြင်းကိုသာ အာရုံထားကြိုးစားသွားမည် ဖြစ်ကြောင်း Pixar ၏ ဥက္ကဋ္ဌဖြစ်သူ ဂျင်မိုရစ်က ဆိုသည်။




"တချို့ စတူဒီယိုတွေမှာ အောင်မြင်တဲ့ ဇာတ်ကားတစ်ကား ဖြစ်လာဖို့အတွက် နောက်ဆက်တွဲဇာတ်ကား ရိုက်တာတွေ ပိုခေတ်စားနေတယ်။ စီးပွားရေးအရရော၊ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးအနေနဲ့ရော နောက်ဆက်တွဲဇာတ်ကားတွေနောက်ကို မလိုက်တော့ဘဲ မူရင်းဇာတ်ကားသစ်တွေ ဖန်တီးဖို့သာ ကြိုးစားသွားတော့မှာပါ။ ပရိသတ်တွေလည်း ဆက်လက်အားပေးမယ်လို့ မျှော်လင့်ပါတယ်" ဟု ဂျင်မိုရစ်က Entertainment Weekly သတင်းဌာနသို့ ပြောကြားခဲ့ကြောင်း သိရသည်။

Pixar ရုပ်ရှင်စတူဒီယိုအနေဖြင့် ၂၀၁၈ ခုနှစ် ဇွန်လတွင် Toy Story 4 ဇာတ်ကားကို လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဇွန်လတွင် The Incredible ၏ နောက်ဆက်တွဲဇာတ်ကားတို့ကို လည်းကောင်း ဆက်လက်ဖြန့်ချိပြသသွားမည် ဖြစ်သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၇- ၇ -၂၀၁၆ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**ညပိုင်း**

၆:၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ကာတွန်းအစီအစဉ်
"Zootopia"(အပိုင်း-၂)
၇:၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ"
(အပိုင်း-၃၅)
၇:၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"နင်. . စေလိုရာစေ"
(အပိုင်း-၁၅)
၈:၅၀ MRTV Entertainment Music
၉:၀၀ ပြည်သူ့နီတိ"အလင်းရောင်"
၉:၂၀ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉:၃၀ ဖိုးချစ်၏ တစ်ညတာအက
၁၀:၀၀ တေးဂီတအစီအစဉ်
၁၀:၂၀ မြန်မာဗွီဒီယိုဇာတ်လမ်း
"မိုးရာသီဇာတ်လမ်း"
၁၂:၀၀ -အစီအစဉ်ပြီး၏

**၇-၇-၂၀၁၆ (သောကြာနေ့)**
**နံနက် (၁:၃၀)-Live: EURO 2016 Semi- Final "Germany Vs France"**

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ မင်းကွန်းဆရာတော်
ကြီး၏ပရိတ်တရားတော်
၇:၃၅ "ဝ"ခရီးသွားမှတ်တမ်း
(နမ္မဗောဒကျေးရွာ)
၈:၃၅ "နတ်မောက်မြို့မှ
ထာဝရမညှိုးပန်း"
၉:၃၅ လှပစုံလင်အာဆီယံတစ်ခွင်
၉:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀:၃၅ အလုပ်သမားရေးရာအစီအစဉ်
၁၁:၁၅ Graphic Info
၁၁:၃၅"မူးယစ်ဆေးဝါးတားဆီး
နှိမ်နင်းရေး"
၁၁:၅၀ "သံတွဲခရိုင်အတွင်း ပို့ဆောင်ရေး
နှင့် မဟာဗောဓိဆည်ကန်မှ
သောက်သုံးရေဖူလုံစွာဖြန့်ဝေ
ပေးလျက်ရှိခြင်း"
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေးတဲ့နှင်းဆီ"(အပိုင်း-၃၀)
၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါ ဂင်ချီ"(အပိုင်း-၅၆)
၂:၁၀ သုခမရင်ခွင်အငြိမ့်သဘင်
"ဝက်မတို့အဖွဲ့ အငြိမ့်"
၃:၃၅ Weekly Sport Info
၄:၃၅ Football Magazine
(ရှမ်းယူနိုက်တက်အသင်း)
၅:၁၅ ပြည်သူတို့ရဲ့စကားသံများ
၅:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၆:၃၅ NHK အစီအစဉ်
"စဉ်ဆက်မပြတ်ရှင်သန်ကြတဲ့
ဘဝပုံစံအမျိုးမျိုး"
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါ ဂင်ချီ"
(အပိုင်း-၅၇)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
သတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"(အပိုင်း-၃၁)
-မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်
(အပိုင်း-၂)

### MRTV- 4

၅:၀၀ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၄၀ "ပဋိစ္စသမုပ္ပါဒ်တရားနှင့် ဝိပဿနာ
အခြေခံသင်တန်း"(အပိုင်း-၃)
တရားတော် [ဆရာတော်
အရှင်ဝိသေဒ္ဓ (မြို့ဦးစေတီ)]
၈:၀၀ မင်္ဂလာပါ The Morning Show
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၁၅ ဟင်းချက်ရအောင်
၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နက္ခတ်ပညာရှင်
ဂျန်းယောလ်ရှီးလ်" (အပိုင်း-၃၁)
၁၂:၃၅ အနုပညာမိုးကောင်းကင်
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"လူရည်ချွန်" (ဇာတ်သိမ်းပိုင်း)
၃:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ
" ထာဝရချစ်သူသည်သာ "
(အပိုင်း-၁၁၄)
၃:၄၅ ရန်ကုန်မြင်ကွင်းကျယ်
(MYANMAR PROPERDY
AWARD 2016)
၄:၀၀ Cartoon Series (GO Go Giggls)
၆:၁၀ Health Fix
၅:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရ ချစ်သူသည်သာ"
(အပိုင်း-၁၁၅)
၆:၁၅ မြန်မာရုပ်သံ ဇာတ်လမ်းတွဲ
"ကိုလူပျို"(အပိုင်း-၁)
၈:၁၅ ရသစုံညွှန်တမ်းများ
၈:၃၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၄၂)
၉:၂၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ
"နက္ခတ်ပညာရှင်
ဂျန်ဟောလ်ရှီးလ်" (အပိုင်း-၃၂)
၉:၅၀ အနုပညာမိုးကောင်းကင်
၁၀:၁၀ MRTV-4 Stage

### မြဝတီရုပ်မြင်သံကြား

၆:၀၃ တရားတော်
၈:၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈:၂၀ ရှေးဟောင်းသုတ
၈:၃၅ DVD Hits
၈:၄၅ ဇာတ်လမ်းတို
၉:၁၅ လျှပ်တစ်ပြက်
၉:၂၅ ဒေသန္တရဗဟုသုတ အစုံစုံအလှ
အဖုံဖုံ
၉:၄၀ ချစ်သူစုံတွဲတူယှဉ်နွဲ
၉:၅၀ Casual Talk
၁၀:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၀:၁၅ မေးမြန်းစူးစမ်း
၁၀:၃၅ Cooking Art
၁၁:၁၀ သူနှင့်သူ၏သီချင်းများ
၁၁:၂၅ မြန်မာ့ရှုခင်း
၁၁:၃၅ မောင်မယ်လေးများသိစေချင်
၁၁:၄၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၀၀ World Wide Web
၁၂:၃၅ သီချင်းလက်ဆောင်
၄:၂၅ အောင်မြင်ကျော်ကြား
ခတ်ပြားရတေးများ
၄:၃၅ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ သီချင်းလက်ဆောင်
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အယ်ဒါနာ (အပိုင်း-၄၀)
၆:၁၅ ရင်ခုန်လှုပ်ရှားအားကစား
၆:၃၅ ကိုယ်ပျောက်လူသား
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ချစ်သူတို့ စိတ်ဝမ်းအေးချမ်းပါစေ
(အပိုင်း-၄၈)
-ဘောလုံးကန်ကြမယ်
-အနုပညာရှင်ရဲ့
ဒိုင်ယာရီတစ်မျက်နှာ
-ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ရင်နှင့်အောင်ချစ်ရသူ
(အပိုင်း-၁၇)

**ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့် ဒုတိယပွဲစဉ်ကို လာမယ့်ဇူလိုင် ၇ ရက် ညမှာ ကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါပွဲစဉ်မှာတော့ ကမ္ဘာ့ချန်ပီယံဂျာမနီနဲ့ အိမ်ရှင် ပြင်သစ်တို့ ရင်ဆိုင်ဆုံတွေ့နေကာ အဆိုပါပွဲကို ပြင်သစ်ကလပ် မာဆေးရဲ့အိမ်ကွင်းဖြစ်တဲ့ Orange Vélodrome မှာကျင်းပသွားမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အိမ်ရှင်ပြင်သစ်အနေနဲ့ ဒီပွဲစဉ်မှာ ကမ္ဘာ့ချန်ပီယံဂျာမနီကို အနိုင်ရယူကာ ဗိုလ်လုပွဲကိုတက်ရောက်နိုင်မလားစောင့်ကြည့်ရမယ်။**

## ဇူလိုင် ၇ ရက် ညကစားမည့် ယူရို ၂၀၁၆ ဆီမီးဖိုင်နယ် - ၂

# ဂျာမနီရဲ့ ဗိုလ်လုပွဲတက်နိုင်ခြေကို ပြင်သစ်ဟန့်တားနိုင်မှာလား




| ဂျာမနီ - ပြင်သစ် | |
|---|---|
| ၈-၇-၁၆ | နံနက် ၁း၃၀ |

နှစ်သင်းစလုံးဟာ ဥရောပဘောလုံးလောကမှာသာမက ကမ္ဘာ့ဘောလုံးလောကမှာပါ အစဉ်အလာကြီးမားတဲ့အသင်းတွေ ဖြစ်သလို အောင်မြင်မှုတွေလည်း ရယူနိုင်ခဲ့ကြတဲ့အသင်းတွေဖြစ်ပါတယ်။ ဂျာမနီရော ပြင်သစ်တို့ပါ ဒီယူရိုပြိုင်ပွဲမှာ ချန်ပီယံဟောင်းတွေဖြစ်ကြသလို ဒီယူရိုပြိုင်ပွဲကြီးအတွင်း အောင်မြင်မှုအစဉ်အလာကြီးမားတဲ့ အသင်းတွေလည်းဖြစ်ကြတယ်။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဆုကို အရယူနိုင်ခဲ့တဲ့ဂျာမနီဟာ ယူရိုပြိုင်ပွဲအတွင်း ချန်ပီယံဆုကို သုံးကြိမ်တိုင်တိုင်ရယူထားနိုင်ကာ စပိန်နဲ့အတူ ယူရိုပြိုင်ပွဲရဲ့ အအောင်မြင်ဆုံး အသင်းအဖြစ်တောင် ရပ်တည်ထားနိုင်တဲ့အသင်းဖြစ်တယ်။ ဂျာမနီဟာ ယူရိုပြိုင်ပွဲမှာ ချန်ပီယံဆုကို သုံးကြိမ်တိတိအရယူနိုင်ခဲ့သလို ဒုတိယ သုံးကြိမ်နဲ့ တတိယနှစ်ကြိမ်ကိုလည်း ရယူထားနိုင်ခဲ့တယ်။ ဒါပေမယ့် ဂျာမနီဟာ ဒီယူရိုပြိုင်ပွဲရဲ့ ချန်ပီယံဆုဖလားကို နောက်ဆုံးရယူနိုင်ခဲ့တာက ၁၉၉၆ ခုနှစ်ကဖြစ်တာကြောင့် ဒီယူရိုပြိုင်ပွဲမှာ ဂျာမနီတို့ဆုဖလားနဲ့ဝေးကွာခဲ့ရတာ နှစ်ပေါင်း ၂၀ တိတိရှိခဲ့ပြီဖြစ်တယ်။ ဂျာမနီဟာ အဆိုပါ ၁၉၉၆ ယူရိုပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့ပြီး နောက်ပိုင်းမှာ ၂၀၀၈ ယူရိုပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိတက်နိုင်ခဲ့ပေမယ့် စပိန်ကိုရှုံးနိမ့်ခဲ့ရတာကြောင့် ဒုတိယနဲ့သာကျေနပ်ခဲ့ရတယ်။ ဂျာမနီအနေနဲ့ ယူရို ၂၀၁၂ ပြိုင်ပွဲမှာလည်း ဆီမီးဖိုင်နယ်ကိုတက်နိုင်ခဲ့သေးပေမယ့်လည်း အဆိုပါဆီမီးအဆင့်မှာ အီတလီကိုရှုံးနိမ့်ခဲ့ရလို့ ဗိုလ်လုပွဲကိုတောင် တက်ရောက်နိုင်မှုမရှိခဲ့ဘူး။

ဒါကြောင့်လည်း ဂျာမနီဟာ အခုတစ်ကြိမ်မှာ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်လာနိုင်ခဲ့ရာမှာ နှစ်ပေါင်း ၂၀ တိတိဝေးကွာခဲ့ရတဲ့ ယူရိုဆုဖလားကို ပြန်လည်ရယူနိုင်ဖို့ ဗိုလ်လုပွဲတက်နိုင်ရေး အားစိုက်ကစားလာမှာ သေချာနေတယ်။ အထူးသဖြင့် ဂျာမနီရဲ့ ခြေစွမ်းပိုင်းကလည်း ဒီပြိုင်ပွဲမှာကောင်းမွန်မှုရှိနေပြီး အထူးသဖြင့် ကွင်းလယ်နဲ့ခံစစ်ပိုင်း ကစားပုံအထူးကောင်းမွန်နေတယ်။

ဂျာမနီကွင်းလယ်မှာ တိုနီခရူးစ်၊ ခီဒီယာ၊ အိုဇေးလ်တို့ခြေစွမ်းပြနေတာကြောင့် ဂျာမနီကွင်းလယ်ဟာ ပြိုင်ဘက်တိုင်းရဲ့ ကွင်းလယ်ကိုအကောင်းဆုံးထိန်းချုပ်နိုင်စွမ်းရှိတယ်။ ဒ့ါအပြင် ဂျာမနီရဲ့ခံစစ်ပိုင်းမှာ ဟမ်မဲလ်၊ ဘိုတန်၊ ဟိုဝီဒက်တို့ ခြေစွမ်းပြနေတာကြောင့်လည်း ဂျာမနီခံစစ်ဟာ ကစားခဲ့ပြီးတဲ့ ငါးပွဲမှာ တစ်ဂိုးသာပေးခဲ့ရတယ်။ ကွာတားဖိုင်နယ်အဆင့်မှာအီတလီကိုပေးခဲ့ရတဲ့ အဆိုပါဂိုးဟာလည်း ပင်နယ်တီပေးရလို့သာဂိုးပေးခဲ့ရတာကိုကြည့်ရင် ဂျာမနီခံစစ်ရဲ့ကျစ်လျစ်မှုက ထင်ရှားနေတယ်။

ဒါပေမယ့် သတိပြုရမှာက ဒီပွဲစဉ်မှာ ဂျာမနီရဲ့အဓိကခံစစ်မှူးဟမ်မဲလ်ဟာ ပွဲပယ်ပြစ်ဒဏ်ကြောင့်ပါဝင်ခွင့်ရမှာမဟုတ်ဘူး။ ဒ့ါအပြင် ကွင်းလယ်အဖြတ် ကစားသမားဖြစ်တဲ့ ခီဒီယာဟာလည်း အီတလီနဲ့ပွဲစဉ်မှာရရှိခဲ့တဲ့ ဒဏ်ရာအခြေအနေကြောင့် ဒီပွဲကိုလွဲချော်ရဖို့များနေတယ်။ ဒါကြောင့်လည်း ဟမ်မဲလ်အပြင် ခီဒီယာပါ မပါဝင်နိုင်ခဲ့ဘူးဆိုရင် ဂျာမနီရဲ့ ခံစစ်ပိုင်းက ဒီပွဲမှာတော့အနည်းငယ် အားနည်းသွားနိုင်တယ်။ ဒ့ါအပြင် ဒီပြိုင်ပွဲမှာ ဂျာမနီတိုက်စစ်ကထင်သလောက် အားကောင်းမှု မရှိဘူး။ ဂျာမနီမှာ မူလာ၊ အိုဇေးလ်တို့က အစ ဂိုးသွင်းခြေပျောက်ဆုံးနေသလို အခုနောက်ပိုင်းမှာ ဂိုးတွေသွင်းယူလာနိုင်တဲ့ ဂိုမက်ဇ်ကလည်း ဒီပွဲစဉ်မှာဒဏ်ရာကြောင့် ပါဝင်နိုင်ဖို့ မသေချာဘူး။ ဒါကြောင့် ဂိုမက်ဇ်သာ မပါဝင်နိုင်ရင် ဂျာမနီတိုက်စစ်ရဲ့ အဆုံးသတ်အားက ပိုမိုအားနည်းမှုတွေ ရှိလာနိုင်တယ်။

ပြင်သစ်ကတော့ ဒီယူရိုပြိုင်ပွဲမှာ ချန်ပီယံဆုနှစ်ကြိမ်ရယူထားနိုင်တဲ့အသင်းဖြစ်တယ်။ လက်ရှိအချိန်မှာလည်း ပြင်သစ်အနေနဲ့ အိမ်ရှင်ဖြစ်တာကြောင့် ဒီပြိုင်ပွဲမှာ သုံးကြိမ်မြောက် ချန်ပီယံဆုဖလားကိုရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်တယ်။ ဒါပေမယ့် ဒီပြိုင်ပွဲမှာ ပြသခဲ့တဲ့ပြင်သစ်ရဲ့ ခြေစွမ်းကတော့ ထင်သလောက်ကောင်းမွန်မှုမရှိဘူး။ အထူးသဖြင့် ပြင်သစ်ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ပေါ့ဂ်ဘာ၊ မတ်အူဒီ၊ ကန်တီတို့အနက် ကန်တီတစ်ဦးသာ ခြေစွမ်းပြသနိုင်နေတာကြောင့်ပြင်သစ်ကွင်းလယ်ဟာ ပြိုင်ဘက်ကွင်းလယ်ကို အသာရယူနိုင်ဖို့ ပွဲတိုင်းရုန်းကန်နေရတယ်။ ဒ့ါအပြင် ပြင်သစ်ဟာအိုက်စလန်ကို ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် မာကျောတဲ့ခံစစ်တွေနဲ့ ရင်ဆိုင်ရရင် ဂိုးရဖို့ရုန်းကန်ရတတ်ပါတယ်။ ဒါကြောင့်လည်း ပြင်သစ်အနေနဲ့ ဒီပွဲစဉ်မှာ ဂျာမနီရဲ့ကွင်းလယ်ပိုင်းကို အသာရယူကာ ကစားကွက်အသာစီးနဲ့ ကစားနိုင်ဖို့ဆိုတာခက်ခဲလာနိုင်သလို ပြင်သစ်တိုက်စစ်အနေနဲ့လည်း ဂျာမနီခံစစ်ကို ခြိမ်းခြောက်နိုင်ဖို့အတွက်ပါ ရုန်းကန်လာရနိုင်ခြေရှိနေတယ်လို့ ယူဆနိုင်ပါတယ်။

ဂျာမနီဟာဆိုခဲ့ပြီးတဲ့အတိုင်း ဒီပွဲစဉ်မှာ ဟမ်မဲလ်၊ ခီဒီယာ၊ ဂိုမက်ဇ်တို့ကို အသုံးပြုနိုင်ခွင့် နည်းပါးနေတယ်ဆိုပေမယ့် ဟမ်မဲလ်နေရာမှာ မူစတာဖီ ဝင်ရောက်ကစားနိုင်သလို မူစတာဖီဟာလည်း ခြေစွမ်းပိုင်းကောင်းမွန်သူဖြစ်နေတယ်။ ဒ့ါအပြင် ဂျာမနီရဲ့ကွင်းလယ်ပိုင်းမှာလည်း စတိုင်ဂါကိုခီဒီယာအစား အသုံးပြုနိုင်တာကြောင့် ပြင်သစ်ရဲ့စုစည်းမှုအားနည်းတဲ့ ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းကိုထိန်းချုပ်နိုင်ဖို့ ရှိနေတယ်။

ဒါကြောင့်လည်း ပြင်သစ်အနေနဲ့ ဒီပြိုင်ပွဲမတိုင်ခင်တုန်းက ၂၀၁၅ ခုနှစ်အတွင်း ဂျာမနီနဲ့ခြေစမ်းကစားခဲ့ရာမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရယူနိုင်ခဲ့ပေမယ့်လည်း လက်ရှိယူရိုပြိုင်ပွဲမှာတော့ သူတို့ထက် ကစားပုံကောင်းမွန်နေတဲ့ ဂျာမနီကိုအသာရဖို့ခက်ပြီး ဂျာမနီတိုက်စစ်ကသာ အဆုံးသတ်သေချာခဲ့မယ်ဆိုရင် မိနစ် ၉၀ အတွင်းမှာတောင် ဂျာမနီတို့ အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခြေရှိနေတယ်လို့ယူဆမိပါတယ်။

**(ရှိုင်းမင်းမင်း)**

# အီဘရာဟီမိုဗစ်ချ်နဲ့ ရက်ရှ်ဖို့ဒ်က မန်ယူအသင်းရဲ့ ပြီးပြည့်စုံတဲ့ တိုက်စစ်အတွဲဟု မော်ရင်ဟို ယုံကြည်နေ

**အခုနှစ်ဘောလုံးရာသီမစတင်မီ ခေါ်ယူထားခဲ့တဲ့ ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်နဲ့ နည်းပြ ဗန်ဟားလ်ရဲ့လက်ထက်မှာ လူငယ်အသင်းကနေ မန်ယူအသင်းရဲ့ ပထမအသင်းကစားသမားအဖြစ် မွေးထုတ်ပေးခဲ့တဲ့ တိုက်စစ်မှူးရက်ရှ်ဖို့ဒ်တို့ဟာ မန်ယူအသင်းတိုက်စစ်ပိုင်းအတွက် ပြီးပြည့်စုံတဲ့တိုက်စစ်အတွဲဖြစ်တယ်လို့ မန်ယူအသင်းရဲ့ နည်းပြသစ်ဖြစ်လာတဲ့ မော်ရင်ဟိုက သူ့ရဲ့ယုံကြည်ချက်ကို ဖွင့်ဟလို့ ပြောကြားခဲ့ပါတယ်။**

မန်ယူအသင်းဟာ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီမစတင်မီ ရာသီအကြိုခြေစမ်းပွဲစဉ်တွေအဖြစ် ဇူလိုင် ၁၆ ရက်မှာ ဝီဂန်အသင်း၊ ဇူလိုင် ၂၂ ရက်မှာ ဒေ့ါမွန်အသင်း၊ ဇူလိုင် ၂၅ ရက်မှာ မြို့ခံပြိုင်ဘက်မန်စီးတီးအသင်း၊ ဩဂုတ် ၃ ရက်မှာ အဲဗာတန်အသင်း၊ ဩဂုတ် ၇ ရက်မှာ ပရီမီယာလိဂ်လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်းတို့နဲ့ ခြေစမ်းကစားမှာဖြစ်ပါတယ်။

မန်ယူအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ပီအက်စ်ဂျီအသင်းကနေ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ကို တစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်နဲ့ ခေါ်ယူထားခဲ့ပြီး တိုက်စစ်ပိုင်းမှာ အီဘရာဟီမိုဗစ်ချ်နဲ့အတူ လူငယ်ကစားသမား ရက်ရှ်ဖို့ဒ်ကို တွဲဖက်ကစားစေမှာဖြစ်ပြီး ဒီအတွဲကို ပြီးပြည့်စုံတဲ့တိုက်စစ်အတွဲအဖြစ် နည်းပြမော်ရင်ဟိုက တင်စားထားပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ အသက်အားဖြင့် (၃၄)နှစ်အရွယ်ရှိနေပြီဖြစ်ပေမယ့် သူ့ရဲ့အတွေ့အကြုံပိုင်းအရရော စွမ်းဆောင်ရည်ပိုင်းမှာပါ မကျဆင်းသေးဘဲ တက်ရိပ်ပြနေဆဲကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

မော်ရင်ဟိုအနေနဲ့ မန်ယူအသင်းကို ပရီမီယာလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးသွားမယ်လို့လည်း ပြောခဲ့ပါတယ်။ မော်ရင်ဟိုဟာ မန်ယူအသင်းကို ၄-၂-၃-၁ ကစားကွက်ဖြင့် အကောင်းဆုံးပုံဖော်ရန်စီစဉ်လျက်ရှိပြီး ချယ်လ်ဆီးနဲ့ ရီးယဲလ်မက်ဒရစ်တို့မှာ အသုံးပြုခဲ့တဲ့ကစားကွက်လည်းဖြစ်ပါတယ်။

မော်ရင်ဟိုဟာ တိုက်စစ်ပိုင်းအတွက် အီဘရာဟီမိုဗစ်ချ်နဲ့ ရက်ရှ်ဖို့ဒ်တို့ကို ဦးစားပေးကာ သူ့ရဲ့ကစားကွက်နဲ့ အံ့ဝင်ခွင်ကျဖြစ်စေရန် အထောင်တိုက်စစ်ကိုအသုံးပြုရန်အတွက် အီဘရာဟီမိုဗစ်ချ်နဲ့ ရက်ရှ်ဖို့ဒ်နှစ်ဦးထဲက တစ်ဦးကို ရွေးချယ်ဖို့လည်း ဆုံးဖြတ်ထားပါတယ်။

မော်ရင်ဟိုရဲ့ ၄-၂-၃-၁ ကစားကွက်ဟာ ၂၀၁၀ နောက်ပိုင်းအသုံးပြုခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းမှာ ၂၀၁၃ ကနေ ၂၀၁၅အတွင်း ၄-၂-၃-၁ ကစားကွက်နဲ့




ပွဲစဉ် ၈၇ ပွဲ၊ ၄-၃-၃ ကစားကွက်နဲ့ ပွဲစဉ် ၅ ပွဲ အသုံးပြုခဲ့တာဖြစ်ပေမယ့် ၃-၅-၂ ကစားကွက်နဲ့ ၄-၁-၂-၁-၂ ကစားကွက်ကိုမူ လုံးဝအသုံးမပြုခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

ထို့အတူ ရီးယဲလ်မက်ဒရစ်တွင် ၃-၅-၂ ကစားကွက်နဲ့ ၄-၁-၂-၁-၂ ကစားကွက်တို့ကို တစ်ပွဲစီသာအသုံးပြုခဲ့ပြီး ၄-၃-၃ ကစားကွက်နဲ့ ခြောက်ပွဲ၊ ၄-၂-၃-၁ ကစားကွက်နဲ့ ၁၀၆ ပွဲအထိအသုံးပြုခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းနဲ့အတူ လိဂ်ပွဲစဉ် ၃၁ ပွဲပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ၃၈ ဂိုးသွင်းယူနိုင်ခဲ့ပြီး ပြင်သစ်ပထမတန်းဖလားကို ရယူပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အီဘရာဟီမိုဗစ်ချ်ရဲ့ အတွေ့အကြုံများကို တိုက်စစ်မှူးရက်ရှ်ဖို့ဒ် ပြန်လည်ရယူနိုင်မယ်လို့ မော်ရင်ဟိုက ယုံကြည်ထားပြီး ရက်ရှ်ဖို့ဒ်အား အနာဂတ်တွင် ထွန်းတောက်လာမည့် တိုက်စစ်မှူးတစ်ဦးအဖြစ်လည်း မော်ရင်ဟိုက ရှုမြင်ထားပါတယ်။ ဒါကြောင့် မော်ရင်ဟိုအနေနဲ့ အီဘရာဟီမိုဗစ်ချ်နဲ့ ရက်ရှ်ဖို့ဒ်တို့ရဲ့ ခြေစွမ်းနဲ့ မန်ယူအသင်းအတွက် ပရီမီယာလိဂ်ဖလားရယူပေးသွားနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။ **(အလင်းသစ်)**

## ဝက်သားတုတ်ထိုးဆိုင်တွင် အုပ်စုဖြင့် ရိုက်နှက်မှုဖြစ်ပွား

**လားရှိုး ဇူလိုင် ၆**

လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၁၅) ခိုင်ရွှေဝါလမ်းနှင့် (၁၉)လမ်းထောင့် ညနေခင်းဖွင့်လှစ်သော စားသောက်ဆိုင်တန်းရှိ ဝက်သားတုတ်ထိုးဆိုင်တွင် စားသောက်နေသူအချို့အား ခေါက်ဆွဲဆိုင်တွင်စားသောက်နေသူ ရှစ်ဦးခန့်က တုတ်၊ ခဲများဖြင့် ဝင်ရောက်ရိုက်နှက်မှု ဇူလိုင် ၅ ရက် ညသန်းခေါင်အချိန်က ဖြစ်ပွားခဲ့သဖြင့် အနီးရှိ နယ်မြေရဲကင်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ဟန့်တားကာ ဖမ်းဆီးအရေးယူခဲ့ရကြောင်း လားရှိုးမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါအချိန်က လားရှိုးမြို့မရဲစခန်းမှ ရပ်ကွက်(၅)နယ်ထိန်းရဲတပ်ကြပ်ကြီး ကျော်ဇေယျသည် အထက်မန်အိုင်ကျေးရွာမှ ရပ်မိရပ်ဖများလိုက်ပါလျက် မန်အိုင်ကျေးရွာအတွင်း နယ်မြေသတင်း စုံစမ်းစဉ် ဖော်ပြပါဆိုင်အနီးသို့ အရောက်တွင် ခေါက်ဆွဲဆိုင်တစ်ဆိုင်မှ အင်အား ရှစ်ဦးခန့်ပါဝင်သော လူငယ်များက ဝက်သားတုတ်ထိုးဆိုင်တွင် စားသောက်လျက်ရှိသော လူငယ်များအား တုတ်၊ခဲများဖြင့် ဝင်ရောက်ထုရိုက်နှက်လျက်ရှိပြီး လူတစ်ဦးမှာ လဲကျသွားပြီး ပြန်လည်ထမလာနိုင်တော့သည်ကို တွေ့ရှိသဖြင့် ပြစ်မှုကျူးလွန်နေသူများအား ဝင်ရောက်တားဆီးရာ အဆိုပါလူငယ် ရှစ်ဦးခန့်က ပြန်လည်ရန်ပြုရိုက်နှက်ကြသဖြင့် ရဲတပ်ကြပ်ကြီး ကျော်ဇေယျတွင် ဦးခေါင်းဖူးယောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ အနီးရှိ အမှတ်(၃) နယ်မြေရဲကင်းမှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို ခေါ်ယူကာ ပြစ်မှုကျူးလွန်သူများအား လိုက်လံဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ လိုက်လံဖမ်းဆီးရာတွင် အဆိုပါ လူငယ်များက အသာတကြည် အဖမ်းခံခြင်းမရှိဘဲ ပြန်လည်ရိုက်နှက်ကြသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ခုခံဖမ်းဆီးရာ စန်းလွင်(ခ)အားဝိန်၊ ကိုကိုနိုင်(ခ)ဟောင်ကျုံဟုန်းတို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး တင်မြင့်(ခ)အားဝေနှင့် ကျန်လူငယ် ငါးဦးခန့်မှာ ထွက်ပြေးလွတ်မြောက်သွားခဲ့၍ လိုက်လံဖမ်းဆီးခဲ့ကြောင်း၊ တင်မြင့်(ခ)အားဝေမှာ ရပ်ကွက်(၅)၊ နယ်မြေ(၁၀) (၃၇) လမ်း၌ (၂၀)လမ်းဘက်မှ (၁၉)လမ်းဘက်သို့ထွက်ပြေးစဉ် ကတ္တရာလမ်းပေါ်လဲကျပြီး ဆက်လက်ထွက်ပြေးရာ (၃၇)လမ်းနှင့် (၁၉) လမ်းထောင့်ရှိ အနက် ခြောက်ပေခန့်ရှိသော လမ်းဘေးကွန်ကရစ်ရေမြောင်းအတွင်းသို့ ပြုတ်ကျခဲ့၍ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဝက်သားတုတ်ထိုးဆိုင်၌ တင်မြင့်(ခ)အားဝေတို့၏ ဝိုင်းဝန်းရိုက်နှက်ခြင်းခံရသော မောင်ကျော်သူထိုက်(သမဝါယမစာရေး)နှင့် မျိုးမြင့်အောင်တို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ဝက်သားတုတ်ထိုးဆိုင်တွင် စားသောက်နေစဉ် အကြောင်းမဲ့ ဝိုင်းဝန်း ထိုးကြိတ်ရိုက်နှက်ခဲ့ကြသည့် တင်မြင့်(ခ)အားဝေ (၂၁)နှစ် (ကျပန်း) နယ်မြေ(၁၅)ရပ်ကွက်(၅) လားရှိုးမြို့၊ စန်းလွင်(ခ)အားဝိန် (၁၉)နှစ်(ကျပန်း) နယ်မြေ(၁၉) ရပ်ကွက် (၅) လားရှိုးမြို့၊ ကိုကိုနိုင်(ခ)ဟောင်ကျုံဟုန်း (၂၂)နှစ် (ကျပန်း) ရပ်ကွက် (၁၂) လားရှိုးမြို့နေသူတို့ သုံးဦးပါ လူငယ်ရှစ်ဦးအပေါ် လားရှိုးမြို့မရဲစခန်း၌ (ပ)၂၇၂/၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၂၅/၁၁၄ ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

## သာကေတမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော လူသတ်မှုအား ၁၈ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၆**

သာကေတမြို့နယ် ၃/ရန်ပြေရပ်ကွက်တွင် ဇူလိုင် ၄ ရက်က ဖြစ်ပွားခဲ့သည့် လူသတ်မှုကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အခင်းဖြစ်ပွားပြီးနောက် ၁၈ နာရီအတွင်း ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါအမှုမှာ ယင်းနေ့ ညနေ ၅ နာရီခန့်တွင် သာကေတမြို့နယ် ၃/ရပ်ပြေရပ်ကွက်နေ ဒေါ်--သည် နေအိမ်ရှေ့ခန်းတွင် ဦးခေါင်း၌ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို မိသားစုများမှတွေ့ရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူအား စုံစမ်းအရေးယူပေးရန် သေဆုံးသူ၏ သားဖြစ်သူက တိုင်တန်းခဲ့သောအမှုဖြစ်သည်။

အမှုအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ သာကေတမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ စုံစမ်းဖော်ထုတ်ခဲ့ရာ အခင်းဖြစ်နေအိမ်နှင့် ကပ်လျက်ဆောက်လက်စတိုက်တွင်နေထိုင်သော အလုပ်သမား အေးချမ်းအောင်က ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း အထောက်အထားများအရ ဖော်ထုတ်နိုင်ခဲ့ပြီး ၎င်းအားစစ်ဆေးချက်အရ အခင်းဖြစ်နေ့ နံနက်ပိုင်းက ဆောက်လက်စတိုက်၏ နောက်ဖေးပြတင်းပေါက်မှတစ်ဆင့် တွယ်တက်၍ သေဆုံးသူနေထိုင်သော အခန်း၏ နောက်ဘက်ဝရန်တာသို့ သွားရောက်ကာ တံမြက်စည်းငှားရမ်းစဉ် စကားများခဲ့ကြောင်း၊ ယင်းသို့ စကားများခဲ့သည်ကို မကျေမနပ်ဖြစ်ပြီး မွန်းလွဲ ၂ နာရီခန့်တွင် သေဆုံးသူ၏အခန်းသို့ ထပ်မံသွားရောက်ကာ မီးဖိုခန်းအတွင်းရှိ ဓားဖြင့်ခုတ်ခဲ့ပြီး သေဆုံးသူထံမှ ရွှေလက်စွပ်တစ်ကွင်းနှင့် လက်ကိုင်ဖုန်းတို့အား ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ ယင်းသို့ကျူးလွန်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၄၀) ရပ်ကွက်နေ အေးချမ်းအောင် (၁၉)နှစ်အား သာကေတမြို့မရဲစခန်းက(ပ) ၆၁၃/၂၀၁၆၊ ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၀၂/၃၉၄ ဖြင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

## ဒလမြို့နယ် တရားရုံးရှေ့တွင် လူသတ်မှုဖြစ်ပွား

**ဒလ ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တရားရုံးရှေ့တွင် ဇူလိုင် ၅ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မသင်းသင်းစုသည် ဇူလိုင် ၅ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်က မိခင်ဖြစ်သူ ဒေါ်အေးသန္တာ (မ/၅၄၅) အနော်ရထာ(၁)လမ်း အုံ့ကြီးအနောက်ရပ်ကွက်နေသူနှင့် ဒလမြို့နယ် တရားရုံးရှေ့ရှိ ချိုရတနာလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ထိုင်သောက်နေစဉ် ပထွေးဖြစ်သူ (လက်ရှိမိခင် ဒေါ်အေးသန္တာနှင့် ကွဲကွာနေသူ) တင်မောင်ဝင်း(ခ) ထွန်းရွှေ (ခ) ပိုက်တင်ဆိုသူ ရောက်ရှိလာပြီး မသင်းသင်းစု၏ မိခင်ဖြစ်သူအားတွန်းလှဲရာ မြေပေါ်သို့ ပက်လက်လန်ကျစဉ် အပေါ်မှ ခွထိုင်၍ အရှိုး ၄ ဒသမ ၅ လက်မ၊ အသွား ရှစ်လက်မခန့်ရှိ အသားရောင် ကော်ရိုးတပ် ဓားဦးချွန် ဓားမြှောင်ဖြင့် ဆင့်ကာဆင့်ကာထိုးသည့်အတွက် ဒေါ်အေးသန္တာတွင် ဝဲနဖူးစောင်း ပြတ်ရှဒဏ်ရာ၊ ဝဲပါးနှင့် ဝဲမေးရိုးထိုးသွင်းဒဏ်ရာနှစ်ချက်၊ မေးရိုးအောက် ထိုးသွင်းဒဏ်ရာ၊ ဝဲလည်ပင်း ထိုးသွင်းဒဏ်ရာ၊ ယာပါးရိုးနှင့် ယာလည်ပင်း ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ဝဲလက်ဖျံပြတ်ရှဒဏ်ရာ နှစ်ချက်၊ ယာလက်ဖျံရင်း ပြတ်ရှဒဏ်ရာ၊ ယာလက်ကောက်ဝတ် ပြတ်ရှဒဏ်ရာတို့ ရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ခြင်း ဖြစ်သည်။ ဓားဖြင့်ထိုးသူ တင်မောင်ဝင်း(ခ) ထွန်းရွှေ (ခ) ပိုက်တင်အား ဒလမြို့မရဲတပ်ဖွဲ့စခန်းမှ အရေးယူထားကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**


### ရေနံချောင်းမြို့ ဂုဏ်ထူးရ ကျောင်းသူ၊ ကျောင်းသားများအား ဆုချီးမြှင့်လိုပါ၍ ဖိတ်ကြားခြင်း

ရေနံချောင်းစာစစ်ဌာနမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်နှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားများကို အရှဏ်ဦးကုမ္ပဏီများ အုပ်စုမှ ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေသော ဂုဏ်ထူးရ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ဂုဏ်ပြုချီးမြှင့်ပွဲ ဖိတ်ကြားလွှာ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ၉-၇-၂၀၁၆ ရက်(စနေနေ့) နံနက် ၉း၀၀ နာရီတွင် ရေနံချောင်းမြို့၊ မြို့တော်ခန်းမသို့ ဂုဏ်ထူးရ အထောက်အထားများနှင့်အတူ ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆုချီးမြှင့်ရေးအဖွဲ့**



### ပုပ္ပားကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်ပွဲ တရားစခန်းပွဲ

ရန်ကုန် ထောက်ကြန့် ပုပ္ပားကျောင်းတိုက်တွင် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စကြီးမှူး၍ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အရှင်မြတ်တို့အား (၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်နေ့)မွန်းတည့် ၁၂ နာရီတွင် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ပါရမီရှင်များလှူဒါန်းထားသော စက်ရေတွင်းနှင့် ရေကန်ကြီးကို ရေစက်ချမည်။ (ဝါဆိုလဆန်း ၁၃ရက်) ၁၇-၇-၂၀၁၆ရက်မှ (ဝါဆိုလပြည့်ကျော် ၅ ရက်) ၂၄-၇-၂၀၁၆ ရက်အထိ မဟာသတိပဋ္ဌာန်ဝိပဿနာတရားစခန်းပွဲကျင်းပမည်။ တရားစခန်းဝင်မည့်ယောဂီများ (ဝါဆိုလဆန်း ၁၃ ရက်) မွန်းတည့် ၁၂နာရီ အရောက်လာရပါမည်။ တရားစခန်းပွဲတွင် ဝါဆိုသင်္ကန်းတစ်စုံ- ၅၀၀၀ိ/- ကျပ်၊ အရုဏ်ဆွမ်းတစ်ရက် ၂၀၀၀ိ/-ကျပ်၊ နေ့ဆွမ်းတစ်ရက် ၃၀၀၀ိ/-ကျပ်ဖြင့် ဖုန်း-၀၁-၉၄၃၇၀၂၈၊ ၀၉-၄၂၅၀၂၅၈၆၈၊ ၀၉- ၄၂၁၀၇၄၂၄၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



### လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားခြင်း

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း (၆)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| | |
|---|---|
| ကျင်းပမည့်ရက် | -၂၄-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) |
| ကျင်းပမည့်နေရာ | - မင်းကွန်းတိပိဋကကျောင်း(ငွေရတုခန်းမ) အမှတ်(၁၆)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ် |
| ကျင်းပမည့်အချိန် | - နံနက် ၉း၀၀နာရီတွင် တရားနာပါမည်။ နံနက် ၁၀း၀၀နာရီတွင် သံဃာတော်များအား နေ့ဆွမ်းကပ်ပြီး ကြွရောက်လာသော ဧည့်သည်များအား နေ့လယ်စာဖြင့် ဧည့်ခံပါမည်။ |

လျှပ်စစ်ဝန်ထမ်းဟောင်း အသင်းသား၊ အသင်းသူများအားလုံး ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်ရှိ အသင်းရုံး ဖုန်း-၀၁-၂၃၀၁၀၇၄နှင့် ၀၉-၄၂၀၀၆၅၆၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


**အမှုဆောင်အဖွဲ့**
**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**
**ဖုန်း-၂၃၀၁၀၇၄**



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5A/5497၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



**တစ်ဦးတည်းဖြစ်ပါကြောင်း**

သာကေတမြို့နယ် အထက (၃) နဝမတန်း(အက်ဖ်) မှ မောင်ဝေယံဘုန်းမြင့်၏ဖခင် ဦးအေး(ခ) ဦးမောင်အေး[၁၂/ ကမတ(နိုင်) ၀၄၃၂၂၇]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



**အမည်ပြောင်း**

ရန်ကင်း ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း ဒုတိယတန်း(က)မှ (အဖ) ဦးမြင့်ဇော်[၁၂/ကမန(နိုင်)၀၄၅၁၅၂]၏ သား မောင်လင်းထက်ဇော်အား မောင်ရဲရင့်တည်ကြည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရဲရင့်တည်ကြည်**



**ပျောက်ဆုံးခြင်း**

ကျွန်တော် ဦးအောင်နိုင်ဦး၏ Custom I.D Paper (I.D No-913225) Import Licence WQIL 2 15-16 0913 22/01/ 2016 နှင့် (I.D No-117912) Import Licence Non Licence နှစ်စောင်မှာ လုပ်ငန်းလုပ်ကိုင်စဉ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၀၂၇၁၀၃၊ ၀၁-၂၄၅၀၄၆



**JES Driver Academy**

အထူးယာဉ်မောင်းသင်တန်း

ထူးခြားသောနည်းစနစ်များဖြင့်သင်ကြားပေးမည့်ယာဉ်မောင်း အထူးသင်တန်းကို (၂၅ - ၇ - ၂၀၁၆) တနင်္လာနေ့တွင် ဖွင့်လှစ်ပါမည်။ လူဦးရေကန့်သတ်ထားပါသည်။ (ခ)လိုင်စင်ရသည်အထိ ဆောင်ရွက်ပေးမည်။ (အမောင်းသင်လိုင်စင်လက်ဝယ်ရှိသူများ အမြန်လိုင်စင်ရမည်။) တက်ရောက်လိုသူများအောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

09 8581144, 09 32173735, 09 263145979, 09 32250319, 09 797815723, 09 263464993

www.facebook.com/jesdriveracademy



### အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်၊ ဒေးဝန်းရပ်၊ အကွက်(၃၀၇)၊ ၃၃-လမ်း၊ ၈၉×၉၀လမ်းကြားတွင် "ရွှေမြန်မာဦး-ဆန်ရောင်းဝယ်ရေး" လုပ်ငန်းကို ကျွန်တော် ဦးရဲထွန်းအောင်(ခ)ဦးဝင်းသန့်-ဒေါ်ခင်သန္တာအောင်တို့မှ ရင်းနှီးငွေမတည်၍ ဦးသူရထိုက်-ဒေါ်ဝင်းပပအောင်တို့အား ၂၀၁၄ခုနှစ်မှစ၍ ၂၀၁၆ခုနှစ်အထိ လ(၂၀)တိတိ လုပ်ကိုင်စေခဲ့ပါသည်။ ယခုအခါတွင် စာရင်းများရှင်းလင်းပြီးဖြစ်၍ ဦးသူရထိုက်- ဒေါ်ဝင်းပပအောင်တို့နှင့် ၂၀၁၆ခုနှစ်၊ ဧပြီလ ၂၅ရက်မှစ၍ အတူတွဲဖက်မလုပ်ကိုင်တော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွှေမြန်မာဦး-ဝင်းရတနာ ကျောက်မျက်ရောင်းဝယ်ရေး**
**ဦးရဲထွန်းအောင်-ဒေါ်ခင်သန္တာအောင်**
**Ph:02-63931, 09-2033654**



### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌ ၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၀၆နှင့်ဆက်နွယ်သည့် ၂၀၁၆ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၉

| | | |
|---|---|---|
| ယူနစ်ထရေးဒင်းကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား ဦးဟုတ်ဝမ် မန်နေးဂျင်းဒါရိုက်တာ) | နှင့် | ၁။ ကုမ်းအင်တာနေရှင်နယ်လီမိတက် ၂။ Mr.San Hwang ၃။ ဒေါ်သူဇာတင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာအိမ်ရာ၊ အမှတ် ၁၆/(ဘီ)၂နေ (ယခုလိပ်စာမသိ)တွင် ရုံးခန်းဖွင့်လှစ်ခဲ့သော ၁။ ကုမ်းအင်တာနေရှင်နယ်လီမိတက် ၂။ Mr San Hwang (၃)ဒေါ်သူဇာတင် သိစေရမည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ ၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၀၆တွင်ကျရှိသည့် အမေရိကန်ဒေါ်လာ ၂၅၀၀၀နှင့် ညီမျှသော F.E.C ၂၅၀၀၀ပေးအပ်စေရန် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၂၂ရက်(၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ရက်)မွန်းမတည့်မီ နံနက် ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ်၊ ဇွန်လ ၃၀ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ခင်ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၁၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

# မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် ရေရှည်တည်တံ့သောအစားထိုး အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေး စီမံကိန်းအရ တာချီလိတ်မြို့နယ်၌ လက်ဖက် စိုက်ပျိုးပွဲကျင်းပ



**တာချီလိတ် ဇူလိုင် ၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်တို့တွင် မြန်မာ-ထိုင်းနှစ်နိုင်ငံပူးပေါင်း၍ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဒေသခံပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရန်၊ တရားမဝင်လုပ်ငန်းများနှင့် ပတ်သက်ခြင်းမရှိသည့် အသက်မွေးဝမ်းကျောင်းနည်းလမ်းများ ရှာဖွေပေးရန်၊ လူနေမှုဘဝ မြှင့်တင်ရေးနှင့် နယ်စပ်ဒေသတစ်လျှောက်တွင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် အစားထိုးသီးနှံများ စိုက်ပျိုးရေးဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် မယ့်ဖားလုံဖောင်ဒေးရှင်းက ရေရှည်တည်တံ့သော အစားထိုး အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးအဖြစ် အနာဂတ်အတွက် လက်ဖက်စိုက်ကြစို့ဆောင်ပုဒ်ဖြင့် အာသမ်လက်ဖက်ပင်အမျိုးအစား စိုက်ပျိုးပွဲကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဖဟိ(အောက်)ကျေးရွာရှိ ဦးအားဒို၏ ခြံမြေတွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေးနည်းပညာရရှိရေး၊ ဈေးကွက်ရှာဖွေပေးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မယ့်ဖားလုံဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံအစီအစဉ်များ ညွှန်ကြားရေးမှူး ဦးခမ်းအောင်က အာသံလက်ဖက်ပင်စိုက်ပျိုးရခြင်းနှင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအား ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူနှစ်ဦးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ရေရှည်တည်တံ့သောအစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်းအား တာချီလိတ်ခရိုင်တွင် ကျေးရွာ ၁၂ ရွာ၊ မိုင်းဆတ်ခရိုင်တွင် ကျေးရွာ ၄၄ ရွာ စုစုပေါင်း စီမံကိန်းကျေးရွာ ၅၆ ရွာတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ထိုင်းနိုင်ငံအစိုးရ၏ ထောက်ပံ့ငွေဘတ်သန်း ၃၅၀ ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ထိုင်းဘတ် ၁၆၀၈၂၀၂၀ တန်ဖိုးရှိ မက္ကာဒေးမီးယားပင်၊ ကော်ဖီပင်၊ သစ်ခေါက်ပင်၊ သီဟိုဠ်ပင်၊ ထင်းရှူးပင်၊ ငှက်ပျောပင်နှင့် လက်ဖက်ပင် စုစုပေါင်း ၁၀၉၄၉၆၇ ပင်အား ဖြန့်ဝေပေးခဲ့သည်။

ယင်းအပြင် ထိုင်းဘတ် ၁၃၆၉၅၀၀ တန်ဖိုးရှိ ဝက်၊ ဆိတ်၊ ကြက်၊ ဘဲ ၂၂၀၉ ကောင်တို့ကို မွေးမြူရေးမွေးဖက်စနစ်များအဖြစ် ထူထောင်ပေးခြင်း၊ စိုက်ပျိုးရေရရှိရေး တာတမံ ၂၃ ခု၊ သောက်သုံးရေရရှိရေး တာတမံ ၁၇ ခု၊ ရေလှောင်ကန် ၂၃ ခု နှင့် ရေစစ်တိုင်ကီ ၃၀ ခုကိုလည်းကောင်း၊ လက်မှုလုပ်ငန်းနှင့် ခေါက်ဆွဲထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဒေသထွက်ကုန်များအား ဈေးကွက်ဖန်တီးပေးခြင်းကိုလည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ညွှန်ကြားရေးမှူး ဦးခမ်းအောင်၏ ပြောကြားချက်အရ သိရသည်။

ယင်းအပြင် လွယ်တော်ခမ်းကျေးရွာအုပ်စုရှိ စန်းလု(အောက်)ကျေးရွာ၊ ဖလောက်ကျေးရွာ၊ဟွေပေး(အောက်) ကျေးရွာနှင့် ဂျောပကျေးရွာတို့တွင် ပျိုးထောင်ထားသည့် အာသံလက်ဖက်ပျိုးပင် လေးသိန်းကျော်အား ကျေးရွာ ၁၂ ရွာတွင် စိုက်ပျိုးဧက ၁၁၃ ဧကအတွက် တောင်သူ ၁၅၄ ဦးတို့ကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# ရာဇဂြိုဟ်ဆည်တွင် ရေများမြင့်တက်လာသော်လည်း ပုံမှန်ရေအမှတ်သို့လျော့ကျလာပြီဖြစ်သဖြင့် စိုးရိမ်စရာမရှိ

**ကလေး ဇူလိုင် ၆**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ဆည်အတွင်းသို့ ဇူလိုင် ၃ ရက် နံနက်ပိုင်းက တောင်ကျချောင်းရေဝင်ရောက်မှုများခြင်းကြောင့် ကလေးမြို့အနိမ့်ပိုင်းရှိ ရပ်ကွက်များတွင် နေထိုင်ကြသော ပြည်သူများ၊ နေရဥရာမြစ်ကမ်းပါးတစ်လျှောက်ရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများ စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်ခဲ့သော်လည်း ယခုအချိန်တွင် စိတ်အေးချမ်းသာလျက်ရှိကြကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရာဇဂြိုဟ်ဆည်အတွင်းသို့ ရေဝင်မှုများပြီး ဇူလိုင် ၃ ရက် နံနက် ၈ နာရီခန့်တွင် ရေအမှတ် ၆၄၂ ပေရှိရာမှ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရေအမှတ် ၆၅၁ ဒသမ ၅ သို့ ရောက်ရှိခဲ့ရာ ဆည်အတွင်း ရေအမှတ် ၁၀ ပေကျော် မြင့်တက်လာခဲ့ခြင်းကြောင့် ဆည်၏စိုးရိမ်ရေအမှတ်မှာ ၆၅၅ ပေသို့ ရောက်ရှိလာခါနီးဖြစ်သဖြင့် ပြည်သူများ အလွန်စိုးရိမ်ပူပန်ခဲ့ကြသည်။

ဇူလိုင် ၄ ရက် ညနေ ၇ နာရီ တိုင်းထွာချက်အရ ဆည်ရေမှာ ထပ်မံတိုးလာခြင်းမရှိတော့ဘဲ ရေအမှတ် ၆၄၃ အထိကျလာပြီဖြစ်ရာ ချင်းတောင်ဒေသတွင် မိုးဆက်လက်ရွာသွန်းခြင်းမရှိပါက ရာဇဂြိုဟ်ဆည်၏ပုံမှန်ရေအမှတ် ၆၄၀ ပေသို့ ဆက်လက်ဆည်ရေကျသွားမည်ဖြစ်ပြီး ကလေးမြို့နယ်နေပြည်သူများအတွက်လည်း စိုးရိမ်ဖွယ်ရာမရှိတော့ကြောင်း သိရသည်။

**ဂျိုးနက်**



# မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းကျေးရွာကော်မတီများအား သင်တန်းပို့ချ

**ချောင်းဦး ဇူလိုင် ၆**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇွန် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြစိမ်းရောင်စီမံကိန်းကျေးရွာကော်မတီများသို့ စီမံခန့်ခွဲမှုနှင့် ငွေစာရင်းဆိုင်ရာပုံစံများ ရေးသွင်းခြင်းဆိုင်ရာသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကမ္မကျေးရွာ၊ ရွာတော်လေးကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ကုန်းသာကျေးရွာ၊ ရွှေကျင်ကျေးရွာများအား မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

သင်တန်းတွင် ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးနှင့် ဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်းကျေးရွာကော်မတီများ ဆောင်ရွက်ရမည့် စီမံခန့်ခွဲမှုနှင့် ငွေစာရင်းဆိုင်ရာပုံစံများ ရေးသွင်းနည်းများကို သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းသို့ အဆိုပါကျေးရွာငါးရွာမှ မြစိမ်းရောင်စီမံကိန်းကျေးရွာကော်မတီဝင်များ တက်ရောက်ကြပြီး သင်တန်းဖွင့်ပွဲတွင် ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်နှင့် ဦးကျော်ဆန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသစ်လွင်၊ မြို့နယ် မွေး/ကုဦးစီးမှူးနှင့် ငါးလုပ်ငန်းဦးစီးမှူးတို့ တက်ရောက်ကြသည်။ **မယု(ချောင်းဦး)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လေရှီး-ထမံသီကားလမ်း မြေပြိုမှုဖြစ်ပွား



**လေရှီး ဇူလိုင် ၆**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းနေမှုကြောင့် လေရှီး-ထမံသီကားလမ်း ၃၈ မိုင် ၄ ဖာလုံအနီးတွင် ဇူလိုင် ၃ ရက် နံနက် ၇ နာရီဝန်းကျင်ခန့်က အလျား ၁၅ ပေခန့် မြေပြို၍ လမ်းပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကို သိလျှင်သိချင်း လေရှီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးဆောင်၍ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မြေပြို၍ လမ်းပိတ်ဆို့မှုဖြစ်ပေါ်နေသည့်နေရာသို့ သတင်းရလျှင်ရချင်း သွားရောက်၍ ပူးပေါင်းအင်အားဖြင့် ရှင်းလင်းဆောင်ရွက်နိုင်မှုကြောင့် ညနေ ၅ နာရီကျော်နေ့တစ်ဝက်အတွင်း လမ်းပြန်လည်အသုံးပြု၍ရရှိသွားကြောင်း သိရသည်။

**စန်းလွင်ဦး**

# မြို့သန့်ရှင်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**ညောင်လေးပင် ဇူလိုင် ၆**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ သန့်ရှင်းရေး၊ မြို့မ(၄)ရပ်ကွက်အတွင်းရှိ ရေမြောင်းများ ရေစီး ရေလာကောင်းမွန်ရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် စုပေါင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၁ ရက်က ဂျိုးဖြူလမ်း၌ ပြုလုပ်သည်။

စုပေါင်းဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး၊ အင်ဂျင်နီယာမှူး ဦးတင်အောင်ဌေး၊ မြို့မ(၄)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးနှင့် စည်ပင်ဝန်ထမ်းများ၊ ရပ်မိရပ်ဖ များ၊ ရပ်ကွက်သူ ရပ်ကွက်သားများဖြင့် စုပေါင်းကာ ဂျိုးဖြူလမ်းထိပ် အမှိုက်ပုံနှင့် ဘေးဝဲ၊ ယာ နှစ်ဖက်ရှိ ရေမြောင်းများအတွင်း အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ချုံနွယ်မြက်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၅၆၈)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# မြန်မာအမျိုးသမီးတွေ သားအိမ်ခေါင်း ကင်ဆာကြောင့် မသေသင့်တော့ဘူး

**ဒေါက်တာစိုးလွင်**

ဆရာ. . .

သမီးကြောက်ကြောက်နဲ့ပဲဒီစာကို ရေးလိုက်တာပါ။ သမီးရဲ့မေမေ မစားနိုင်၊ မသောက်နိုင် ပိန်ချုံးချိနဲ့ အပြင်းအထန်နာကျင်ကိုက်ခဲရာက သွေးပုပ် ပြည်ပုပ်တွေဆင်း၊ နောက်ဆုံး ဆီးမသွားနိုင်တော့ဘဲ မရှုမလှ သေဆုံးသွားခဲ့တဲ့ မြင်ကွင်း မျက်စိထဲက မထွက်ဘူးဆရာ။ မေမေ့ကို သမီးတို့ အားလုံးနဲ့ ခွဲခွာပြီး သေရွာကို ခေါ်ဆောင်သွားခဲ့တဲ့ ရောဂါက သိပ်ကြောက်စရာ၊ သိပ်မုန်းစရာကောင်းတာပဲ။ သူ့အမည်ကို ကြားတောင် မကြားချင်ပါဘူးဆရာ။ အဲဒီရောဂါက သားအိမ်ခေါင်းကင်ဆာတဲ့။မေမေ့ဆီ ဒီရောဂါရောက်လာတာက ဒီလိုပါ။ သွေးဆုံးပြီး နှစ်နှစ်ကျော်ကြာမှ သွေးပြန်ဆင်းတယ်။ သွေးပုပ်တွေပြန်ဆင်းတော့ သွေးသန့်သွားတာပေါ့လို့ပြောပြီး ခပ်ပေါ့ပေါ့ပါပဲ။ အိမ်မှုကိစ္စတွေနဲ့ အလုပ်ရှုပ်၊ ဆေးရုံ၊ ဆေးခန်းသွားရမှာလည်းကြောက်၊ အရေးကြီးတယ်လည်း မထင်တာနဲ့ ဒီလိုပဲ နေမိတယ်။ ငါးလ၊ ခြောက်လ လောက်ကြာတဲ့အချိန်တစ်ရက်မှာတော့ သွေးတွေ ဒလဟောသွန်ပြီး သတိလစ်မတတ် ဖြူဆုတ်သွားတော့မှ ဗဟိုအမျိုးသမီးဆေးရုံကို အရေးပေါ်ရောက်သွားတယ်။ သွေးသုံးလုံးသွင်းရတယ်။ ဆရာဝန်ကြီးတွေ စမ်းသပ်စစ်ဆေးကြည့်တော့ မေမေ့ရဲ့ သားအိမ်ခေါင်းမှာ ကင်ဆာအနာကြီးဖြစ်နေတယ်။ အဆင့်က သုံးလို့ပြောပြီး ဓာတ်ကင်ဖို့ စီစဉ်ပါတော့တယ်။ အရပ်ထဲက ဓာတ်ကင်ရင် သေမှာပဲ။ ဒါကြောင့်ကင်မနေနဲ့။ ဆေးတစ်ဖုံဘယ်လောက်နဲ့ အမြစ်ပြတ်ကုတဲ့ ပျောက်စေဆရာရှိတယ်လို့ပြောတဲ့စကားတွေကို နားယောင်ပြီး မေမေက ဓာတ်မကင်ဘဲ ဆေးတစ်ဖုံသိန်းနဲ့ချီပေးရတဲ့ ကင်ဆာအမြစ်ပြတ်ပျောက်ဆေးတွေဝယ်သောက်တယ်။ ရောဂါတော့ မသိဘူး။ မေမေကတော့ မရှုမလှ အသက်ပျောက်သွားပါတော့တယ်။ ကင်ဆာက မျိုးရိုးလိုက်တတ်တယ်တဲ့။ သမီးကြောက်လွန်းလို့ ညည အိပ်မက်ဆိုးတွေတောင် မက်ပါတယ်။ ဒီရောဂါကို မဖြစ်အောင် ကာကွယ်လို့ရပါသလား။ အင်တာနက်ထဲမှာ ကြော်ငြာတွေ့တယ်။ အသိအကျွမ်းတွေကလည်း ဝယ်သုံးကြတယ်။ အဲ့ဒီဆေးကို နှစ်လ သောက်ရင် ပိုက်ဆံတစ်သိန်းကျမယ်။ နှစ်လသောက်ပြီးရုံနဲ့ ရင်သားကင်ဆာရော သားအိမ်ကင်ဆာတွေဖြစ်မှုကို လုံးဝ ဟန့်တားကာကွယ်တယ်။ အိမ်အထိ အရောက်ပို့ပေးတယ်တဲ့။ ကြော်ငြာနေပါတယ်။ အဲ့ဒီဆေးကို သောက်ရင် တကယ်ကာကွယ်မှာလား။ တကယ်ကာကွယ်မယ်ဆိုရင် ဝယ်သောက်ချင်ပါတယ်။ ကင်ဆာဆိုတာမျိုးရိုးလိုက်တတ်တာမို့ . . . သမီးမေမေလို အသေဆိုးနဲ့ သေမှာ ကြောက်လို့ပါ. . . သမီးကို ကူညီပါဦး ဆရာ. . .

**သမီးပုံ့ပုံ့ (မြောက်ဥက္ကလာပ)**

မေမေ့လို အဖြစ်ဆိုမျိုးနဲ့ ကြုံရမှာကို အကြောက် ကြီးကြောက်နေရှာတဲ့ သမီးလေး ပုံ့ပုံ့. . .

သမီးကြောက်မယ်ဆိုရင်လည်း ကြောက်သင့်တယ်။ သမီးရဲ့ခံစားချက်ကိုလည်း ကိုယ်ချင်း စာနားလည်မိတယ်။ ဆရာနဲ့ခံစားချက်တူလွန်းလို့. . . အလယ်တန်းကျောင်းသားဘဝလောက်မှာ အိမ်နားက ဦးကြီးတစ်ယောက် အဆုတ်ကင်ဆာရောဂါနဲ့ ဝေဒနာအပြင်းအထန်ခံစားပြီး မရှုမလှ သေဆုံးသွားခဲ့တာ မြင်ခဲ့ပြီးကတည်းက ကင်ဆာရောဂါကို အကြောက်ကြီးကြောက်မိတာ။ ညည ဆို အိပ်မက်ဆိုးတွေ မက်မက်ပြီး လန့်နိုးတဲ့ အထိပါပဲ။ ကင်ဆာဆိုတဲ့ ကြောက်စရာ သေမင်းတမန် မကောင်းဆိုးဝါးကောင်က နောက်ကလိုက် ဆရာကရှေ့က ပြေး. . . ပြေးရင်းပြေးရင်း နောက်ဆုံးချောက်ကမ်းပါးအစွန်းကြီးကိုရောက်။ ပြေးစရာ မရှိတော့ဘဲ သေမင်းက နီးသထက်နီးလာ။အဲ့ဒီအချိန်ကျမှ ကြောက်လန့်တကြားနဲ့ လန့်နိုးလာတော့တာဖြစ်တယ်။ ဘယ်လောက်ထိတ်လန့်တုန်လှုပ်ဖို့ကောင်းတဲ့ အိပ်မက်ဆိုးလဲ။

သမီးမေမေလို အဖြစ်ဆိုးမျိုးနဲ့ ကြုံရတဲ့ မိခင်တွေက အများကြီးမှ အများကြီး၊ ဆရာတို့တွေရဲ့ လက်တွေပေါ်မှာ၊ မျက်စိရှေ့မှာ သမီးမေမေလိုမျိုး အသေဆိုးနဲ့သေဆုံးနေရတဲ့ လူနာတွေကို ထပ်ခါထပ်ခါ တွေ့မြင်နေရတယ်။ မြန်မာပြည်က အမျိုးသမီးတွေကို သေမင်းဆီ အများဆုံးပို့ပေးနေတဲ့ မျိုးပွားအင်္ဂါ ကင်ဆာရောဂါ၊ မသေဆုံးခင်မှာလည်း ကိုယ်ရောစိတ်ပါ ပြင်းထန်ဆိုးရွားလှတဲ့ ဝေဒနာတွေကို ခံစားရစေတတ်တဲ့၊ ကိုယ့်မိသားစု ပတ်ဝန်းကျင်က ချစ်ခင်ရတဲ့သူတွေ အားလုံးရဲ့အသည်းနှလုံးတွေကို ကြေကွဲခံစားစေတတ်တဲ့ ကင်ဆာရောဂါ၊ အဲ့ဒီကင်ဆာက တခြား ဟုတ်ပါရိုးလား။ သမီးပုံ့ပုံ့အကြောက်ကြီးကြောက်တဲ့ သားအိမ်ခေါင်း ကင်ဆာပဲပေါ့။

နေ့စဉ်နဲ့အမျှ သမီးမေမေလို လူနာတွေကို ဆေးကုသပေးနေရတဲ့ ဆရာဝန်တစ်ဦး အနေနဲ့ ဒီအဖြစ်ဆိုးတွေကို ကြည့်ပြီး လုံးဝ လုံးဝ မကျေနပ်ဘူး။ ဒီလိုလူနာတစ်ယောက်တွေ့တိုင်း သေတိုင်း၊ မြန်မာအမျိုးသမီးတွေ ဒီလိုရောဂါကြောင့် အသေဆိုးနဲ့သေနေတဲ့ ကိစ္စဟာ ရပ်တန်းက ရပ်သင့်ပြီလို့ မချင့်မရဲနဲ့ရေရွတ်မိတယ်။

ဟုတ်တယ် သမီးရေ။ တကယ်တမ်းကျတော့ ဒီသားအိမ်ခေါင်းကင်ဆာဖြစ်နှုန်းတွေ၊ သေဆုံးနှုန်းတွေဟာ တိုးတက်ခေတ်မီတဲ့နိုင်ငံတွေမှာ သိသိသာသာကြီးကို ကျဆင်းသွားပြီ။ ထိရောက်တဲ့ရောဂါကာကွယ်နည်းတွေ ကုသနည်းတွေကို စနစ်တကျ သုံးနိုင်လာလေလေ၊ ရောဂါဖြစ်နှုန်းနည်းသွားလေဖြစ်တယ်။ ဆရာတို့နိုင်ငံမှာကျတော့ ဒီရောဂါဆိုးကြီးက တစ်နေ့တခြား ဖြစ်ပွားမှုနှုန်းတွေ၊ သေတဲ့နှုန်းတွေမြင့် သထက်မြင့်တက်လာနေတာကို ရင်နာနာနဲ့ တွေ့နေရတယ်။ ဘာကြောင့် ဒီလိုအဖြစ်ဆိုး တွေဖြစ်ရတာလဲ။ ဒီလိုအဖြစ်ဆိုးမျိုးတွေ လျော့နည်းပပျောက်သွားအောင် ဘယ်လိုလုပ် ကြမလဲ။ အခု သမီးပုံ့ပုံ့ရဲ့ မေးခွန်းလေးကို ကြည့်. . သမီး မေမေ့လို အဖြစ်ဆိုးမျိုး ဖြစ်မှာကို သိပ်ကြောက်နေပြီ။ ဘယ်လို ကာကွယ်ရမလဲ။ သမီးသိချင်နေပြီ။ ဒီမေးခွန်းလေးအတွက် သမီးပုံ့ပုံ့ကို အထူးကျေးဇူးတင်မိတယ်။

သမီးပုံ့ပုံ့ကို ဖြေရင်းနဲ့ မြန်မာတစ်ပြည်လုံးက ပြည်သူတစ်ရပ်လုံး ဒီရောဂါဆိုးကြီးရဲ့ ကြောက်မက်ဖွယ်ကောင်းပုံ၊ သူ့ရဲ့လက္ခဏာတွေ၊ ဘယ်ပုံဘယ်နည်း ကာကွယ်ရမယ်။ ကုသရမယ်ဆိုတာတွေကို မီးမောင်းထိုးလို့ပြချင်မိတယ်။ ဘာကြောင့်လည်းဆိုတော့ ဆရာတို့ မြန်မာပြည်သူတွေက မျက်ကမ်းတစ္ဆေ မကြောက်ဆိုတဲ့ စကားလိုပဲ မသိတော့မမြင်၊ မမြင်တော့မကြောက်၊ မမြင်မကန်းနဲ့ ရမ်းသမ်းသွားရင်း ဒီရောဂါဆိုးကြီးရဲ့ ရက်စက်မှုဒဏ်တွေကို အကြီးအကျယ် ခံနေရတော့တာပေါ့။ ဒီလိုမျိုး မသိခြင်းဆိုတဲ့ အမှောင်ကို အသိပညာအလင်းရောင်နဲ့ဖယ်ခွင်းလိုက်နိုင်ရင် ဒီရောဂါဆိုးကြီးကို ကာကွယ်တိုက်ဖျက်နိုင်တဲ့ နည်းလမ်းမှန်တွေကို ပြည်သူတစ်ရပ်လုံးသိမြင်လာမယ်။ အဲ့ဒီအခါကျ ဒီရောဂါကြောင့် မြန်မာအမျိုးသမီးတွေ မသေနိုင်တော့ဘူးပေါ့။

ပထမဆုံး သားအိမ်ခေါင်း ဆိုတာဘာလဲ အရင်ဆုံးသိရမယ်။ သားအိမ်ခေါင်းဆိုတာ သားအိမ်ကိုယ်ထည်ရဲ့အောက်ဖက်ပိုင်း မွေးလမ်းကြောင်းထဲကနေ သားအိမ်ထဲအဝင်ဝ ထိပ်ဝပိုင်းကို ခေါ်တာ။ အဲ့ဒီသားအိမ်ခေါင်းမှာ ကင်ဆာဖြစ်စေတဲ့ တရားခံက HPV Human Papilloma Virus အမည်ရတဲ့ ဗိုင်းရပ်ပိုးဖြစ်တယ်။ ဒီရောဂါပိုးဟာ လိင်ဆက်ဆံခြင်း သို့မဟုတ် လိင်အင်္ဂါရေပြားချင်းထိတွေ့ခြင်းကြောင့် အဓိက ကူးစက်တာဖြစ်တယ်။ ဒီရောဂါပိုးဖြစ်တတ်တဲ့ သူတွေက အသက်ငယ်ငယ်နဲ့ လိင်ဆက်ဆံတဲ့ သူတွေ၊ လိင်ဆက်ဆံဖော်များတဲ့သူတွေ သို့မဟုတ် လိင်ဆက်ဆံဖော်များတဲ့ ယောကျ်ားနဲ့ ဆက်ဆံမိတဲ့သူ၊ စီးကရက်သောက်တဲ့သူတွေ ပဲဖြစ်တယ်။

ဒီရောဂါပိုးဝင်တာနဲ့တစ်ခါတည်းတန်းပြီး ကင်ဆာအနာကြီးဖြစ်မသွားဘူး။ ကင်ဆာအကြို အဆင့်(၁)၊(၂)၊(၃) စသဖြင့် တဖြည်းဖြည်း ပြောင်းလဲသွားပြီး ဆယ်နှစ်၊ နှစ်၂၀ လောက်ကြာမှ ကင်ဆာအနာဖြစ်လာတာ။ ဒီအကြိုအဆင့်လေးတွေမှာတော့ ဘယ်လိုလက္ခဏာမှ မပြဘူး။ ကင်ဆာအနာ ဖြစ်လာပြီဆိုရင် ပြတတ်တဲ့လက္ခဏာတွေက ပုံမမှန်သွေးဆင်းတာ၊ ဥပမာ- သွေးဆုံးပြီးမှ သွေးပြန်ဆင်းတာ၊ ရာသီခွင်တွေကြား ပုံမှန်မဟုတ်ဘဲ သွေးတွေဆင်းတာ၊ လိင်ဆက်ဆံတဲ့အခါ သွေးဆင်းတာ၊ မိန်းမကိုယ်က ပုပ်စော်နံတဲ့ အဖြူတွေ ဆင်းလာတာတွေပဲဖြစ်တယ်။ ရောဂါဖြစ်ပြီး စောစောစီးစီးနဲ့ ထိထိရောက်ရောက်မကုသခဲ့ရင် ကင်ဆာဆဲလ်တွေက ဘေးဖက်၊ အောက်ဖက်၊ အပေါ်ဖက်တွေ ပျံ့နှံ့၊ ပြန်ရည်ကြောတွေထဲကတောင် တစ်ကိုယ်လုံးပျံ့နှံ့သွားပြီး အဆင့် (၁)၊ (၂)၊ (၃)၊ (၄) စသဖြင့် အဆင့်တွေ မြင့်တက်ပွားများသွားတော့တယ်။ အဲ့ဒီအခါကျ သမီးမေမေ ကြုံခဲ့ရသလိုမျိုး သွေးထွက်လွန်၊ အပြင်းအထန်နာကျင်ကိုက်ခဲ၊ သွေးအားနည်း၊ ကျောက်ကပ်တွေပျက်စီး၊ တစ်ကိုယ်လုံးဖောရောင်၊ ပိန်ချုံးချိနဲ့အား နည်းစသဖြင့် ရောဂါဝေဒနာတွေ အပြင်းအထန်ခံစားရပြီး နောက်ဆုံးမှာတော့ သေမင်း ခေါ်ရာ နောက်ကောက်ကောက်ပါကပ်လိုက်ပါ သွားရတော့တာပဲဖြစ်တယ်။

ဒီရောဂါကြောင့် မြန်မာအမျိုးသမီးတွေ မသေသင့်တော့ဘူးလို့ ဆရာဘာကြောင့် ပြောရသလဲ ဆိုတော့ ဒီရောဂါဟာ တခြားကင်ဆာတွေနဲ့ မတူဘဲ ကောင်းကောင်းကြီး ကာကွယ်ကုသလို့ရတဲ့ ရောဂါဖြစ်လို့ပါပဲ။ ပထမအဆင့်ကာ ကွယ်နည်းကတော့ ဒီရောဂါကိုဖြစ်စေတဲ့ HPV ဗိုင်းရပ်ပိုးကို ကာကွယ်ခြင်းဖြစ်တယ်။

ဒီဗိုင်းရပ်က လိင်ကတစ်ဆင့် ကူးစက်နိုင်တာဖြစ်လို့အဓိကအကျဆုံး ကာကွယ်ခြင်းကတော့ လိင်ကိစ္စမှာ စည်းကမ်းရှိဖို့ပါပဲ။ လိင်အပျော် အပါးတွေ ရှောင်ကြဉ်ရမယ်။ အသက်ငယ်ငယ်နဲ့ လိင်မဆက်ဆံနဲ့၊ အပျိုစင်ဘဝကို ထိန်းသိမ်းစောင့်ရှောက်ရမယ် တစ်ယောက်ဆိုတစ်ယောက်၊ ပိတောက်ဆို ပိတောက် တစ်လင်တစ်မယားသစ္စာထားရမယ်။ အပျော်အဖော်တွေ မများရဘူး။ မျက်နှာများတဲ့သူတွေနဲ့လည်း မဆက်ဆံရဘူး။ဝေးဝေးကရှောင်ရမယ်။ မရှောင်နိုင်ရင် ကွန်ဒုံးသုံးရမယ်။ တစ်ကိုယ်ရည်သန့်ရှင်း ရေးကို အလေးပေးရမယ်။ ဆေးလိပ်ငွေ့တွေကို လည်း ဝေးဝေးရှောင်ရမယ်။

မြန်မာအမျိုးသမီးတွေ ဝမ်းမြောက်ရမယ့်အချက်ကတော့ HPV ဗိုင်းရတ်ပိုးကို ကာကွယ်တဲ့ ကာကွယ်ဆေး မြန်မာပြည်မှာရှိနေပြီ။ အချစ်နဲ့မကင်းတဲ့ အမျိုးသမီးတိုင်း ထိုးသင့်တယ်။ တစ်ကမ္ဘာလုံး အသိအမှတ်ပြုပြီး ထိထိရောက်ရောက် သုံးနေတဲ့ Cervarix၊ Gardasil ကာကွယ်ဆေးနှစ်မျိုးလုံးရှိနေပြီ။ အသက် ကိုးနှစ်ကျော်ရင် စထိုးလို့ရပြီ။ လိင်မဆက်ဆံခင် စထိုးရင် အကောင်းဆုံး။ တစ်ခါထိုးရင် ခြောက်လအတွင်း သုံးကြိမ်ထိုးရတယ်။ တစ်ခါထိုးထား ရင် အနည်းဆုံး ကိုးနှစ်ခွဲလောက်ထိ ရောဂါကာကွယ်နိုင်တယ်။

သမီးပုံ့ပုံ့ မေမေ့လိုဖြစ်မှာ ကြောက်ရင် အခု ဆရာပြောတဲ့ ကာကွယ်ဆေးကိုထိုးပါ။ သမီး 0nline ကြော်ငြာထဲမှာ တွေ့တဲ့ဆေးတွေကို သတိထားဖို့လိုမယ်။ ဒီဆေးတွေကို အိမ်အရောက်ပို့ပေးတယ်ဆိုပြီး အမျိုးသမီးတွေ ကျယ်ကျယ်ပြန့်ပြန့် သုံးနေကြတာကို မြန်မာနိုင်ငံ ဆေးကောင်စီ၊ ကျန်းမာရေးဝန်ကြီးဌာန၊ FDA တွေက သေသေချာချာစိစစ်ဖို့လိုပြီ။ တစ်ကမ္ဘာလုံးရဲ့ ဆေးပညာရှင်တွေ အသိအမှတ် ပြုထားတဲ့ ကာကွယ်ဆေးကို မထိုးဘဲ ကြော်ငြာကောင်းကောင်းနဲ့ ရောင်းတဲ့ဆေးကို အားကိုးယုံကြည်ဖို့ သင့်၊ မသင့် ဆိုတာကို သမီးရဲ့ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်စဉ်းစားကြည့်ဖို့လိုမယ်။

သမီးပုံ့ပုံ့အနေနဲ့ အမေ့မှာ ကင်ဆာဖြစ်လို့ သမီးမှာလည်း မျိုးရိုးလိုက်ပြီး ဖြစ်မှာကို အကြောက်ကြီးကြောက်နေတယ်။ အဲ့ဒီအတွက်တော့ မစိုးရိမ်ပါနဲ့၊ သားအိမ်ခေါင်းကင်ဆာက မျိုးရိုးမလိုက်တတ်ပါဘူး။ မျိုးရိုးလိုက်တတ် တာက ရင်သားကင်ဆာ၊ သားဥအိမ်ကင်ဆာ၊ သားအိမ်ကိုယ်ထည် ကင်ဆာ၊ အူမကြီးကင်ဆာတွေပဲဖြစ်တယ်။ ပထမအဆင့်ပြီးရင် ဒုတိယအဆင့် ကာကွယ်နည်းကို သွားကြစို့။ ဒီရောဂါမှာ ကင်ဆာဟာ တစ်ခါတည်း တန်းမဖြစ်ဘဲ အကြိုအဆင့်လေးတွေကို ဆယ်နှစ်လောက် ဖြတ်သန်းပြီးမှ ကင်ဆာဖြစ်တာ။ ဒါကြောင့် ဒီအကြိုအဆင့်ကို အချိန်မှန်မှန် စစ်ဆေးဖော်ထုတ်ပြီး တွေ့တာနဲ့ စောစောစီးစီး ကုသလိုက်ရင် ကင်ဆာမဖြစ်ခင် ကာကွယ်လို့ရတာပေါ့။ ဒီနည်းကို သားအိမ်ခေါင်းချွဲစစ်ဆေးခြင်း Cervical Smear Test လို့ခေါ်တယ်။ သားအိမ်ခေါင်းထိပ်က ဆဲလ်လေးတွေကို သစ်သားပြားနဲ့ကော်ယူပြီး အဏုကြည့် မှန်ဘီလူးနဲ့ စစ်ဆေးမယ်။ ဒီလို စစ်ဆေးလို့ မူမမှန်ဆဲလ်တွေတွေ့ရင် colposcope လို့ခေါ်တဲ့ အထူးသားအိမ်ခေါင်း ကြည့်မှန် ပြောင်းနဲ့ ကြည့်ပြီး မသင်္ကာတဲ့နေရာကို အသားစယူ စစ်ဆေးမယ်။ ဒီလိုစစ်ဆေးလို့ ကင်ဆာမဖြစ်ခင် အကြိုအဆင့်ကို တွေ့ရင် ခေတ်မီနည်းတွေနဲ့ ဖယ်ရှားကုသပေးပြီး ကင်ဆာမဖြစ်အောင် ကာကွယ်နိုင်တယ်။ သားအိမ်ခေါင်းချွဲစစ်ဆေးတာက မနာကျင်ဘူး။ အချစ်နဲ့ မကင်းတဲ့အမျိုး သမီးတိုင်း သုံးနှစ်တစ်ခါ စစ်ဆေးသင့်တယ်။ ဗဟိုအမျိုးသမီးဆေးရုံကြီးနဲ့ အထူးကုဆေးရုံကြီးတွေမှာ သွားရောက်ပြီး စစ်ဆေးနိုင်ကြပါတယ်။

တိုးတက်ဖွံ့ဖြိုးပြီး ချမ်းသာတဲ့ နိုင်ငံတွေမှာဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အရွယ်ရောက်လာပြီဖြစ်တဲ့ အမျိုးသမီးတိုင်းကို စနစ်တကျ စီမံချက်ချပြီး အကြိုအဆင့်ရှိမည်ကို နှစ်စဉ် အချိန်မှန်မှန် ဆေးကုသပေးတယ်။ ဒါကြောင့်လည်း သူတို့နိုင်ငံတွေမှာ ဒီရောဂါကြောင့် အမျိုးသမီးတွေသေနှုန်းဟာ ၉၀ ရာခိုင်နှုန်းထိ လျော့နည်းကျဆင်းသွားပြီ။ ဆရာတို့နိုင်ငံမှာလည်း မကြာခင်တိုးတက်ချမ်းသာလာတဲ့ တစ်နေ့ ဒီလို စီမံချက်မျိုးတွေနဲ့ မြန်မာအမျိုးသမီးတွေ ဒီရောဂါကြောင့် အသေဆိုးနဲ့ မသေအောင် လုပ်ပေးနိုင်ဖို့ သိပ်မဝေးတော့ဘူးလို့ မျှော်လင့်ရတာပဲဖြစ်တယ်။

ပထမအဆင့်၊ ဒုတိယအဆင့်တွေပြီးလို့ နောက်ဆုံးနဲ့တတိယအဆင့် ကာကွယ်ခြင်းခံတပ်ကို ရောက်ပြီး ဒီခံတပ်ကတော့ သားအိမ်ခေါင်းကင်ဆာဖြစ်သွားပြီဖြစ်တဲ့ အမျိုးသမီးတွေကို ဒီရောဂါရဲ့ ဝေဒနာဆိုးတွေက ကင်းဝေးအောင် ဒီရောဂါကြောင့် အသေဆိုးနဲ့မသေရအောင် ကာကွယ်ခြင်းဆိုတဲ့ ခံတပ်ပဲဖြစ်တယ်။

ဒီခံတပ်မှာ အရေးအကြီးဆုံး သော့ချက်အကျဆုံးဆောင်ပုဒ်လေးကတော့ 'စောစောသိ၊ စောစောကု၊ စောစောပျောက်ပဲ ဖြစ်တယ်။ ကင်ဆာဆဲလ်တွေရဲ့သဘာဝက ကြောက်စရာကောင်းအောင် လျင်လျင်မြန်မြန်နဲ့ ပျံ့နှံ့ပွားများ တတ်တာပါပဲ။ ဒါကြောင့် ရောဂါဖြစ်ဖြစ်ချင်း ရောဂါလက္ခဏာတွေ ပြပြချင်းမှာ မပေါ့ဆဘဲ ဆရာဝန်ဆီကို အမြန်ဆုံးသွားပြနိုင်ဖို့ အရေးကြီးတယ်။ ဒါမှသာ ရောဂါရဲ့ အစောပိုင်းအဆင့် (၁)မှာ မိလိုက်ရင် အထိရောက်ဆုံးဆေးကုပေးပြီး အမြစ်ပြတ်ပျောက်ကင်းမှာ။

ဒါပေမယ့် ဝမ်းနည်းစရာ စိတ်ထဲ မကျေမချမ်းဖြစ်ရတာက ဒီရောဂါဖြစ်တဲ့ လူနာတွေ ဆေးရုံကိုရောက်လာလို့ စစ်ဆေးကြည့်တဲ့အခါကျ လူနာ ၁၀ ယောက်မှာ ခုနစ်ယောက်လောက် က အဆင့်လွန်၊ အဆင့်မြင့်နောက်ကျကင်ဆာတွေဖြစ်နေခြင်းပါပဲ။ သမီးရဲ့ မေမေ့ရဲ့ အဖြစ်ဆိုးဟာ အကောင်းဆုံးဥပမာဖြစ်တယ်။ လူနာတွေက ရောဂါလက္ခဏာ တွေပေါ်လာတဲ့ခါ အရေးကြီးမှန်း မသိတာရယ်၊ ဆေးရုံ ဆေးခန်းသွားပြရမှာ ဝန်လေးတာ။ ဆရာဝန်တွေ စမ်းသပ်မှာကို ရှက်ကြ ကြောက်ကြတာ၊ စားဝတ်နေရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားနေရတာမို့ ဆေးခန်းသွားပြဖို့ အချိန်မပေးနိုင်တာတွေကြောင့် ဆေးရုံကို စောစောရောက်မလာကြဘူး။ နောက်ဆုံး မရှုနိုင်မကယ်နိုင်ဖြစ်လာတော့မှ ဘယ်လိုမှ ရှောင်လွှဲလို့ မရတော့မှသာ ဆေးရုံကို ရောက်လာကြတာဖြစ်တယ်။

ဒါကြောင့် ဆရာ ရေးစပ်ထားတဲ့'သွေးဆုံးပြီးမှ သွေးပြန်ဆင်း၊ အတူနေသွေးဆင်း၊ အဖြူအပုပ်ဆင်း အရေးကြီးဘိခြင်း" ဆိုတဲ့ လင်္ကာလေးကိုပဲ ပုံမမှန်သွေးဆင်း အဖြူအပုပ်တွေဆင်း၍ လုံးဝမပေါ့ဆဘဲ ဆေးရုံဆေးခန်းတွေကို အမြန်ဆုံးပြသဖို့ အရေးကြီးတယ်သမီးရေ။ နောက်အရေးကြီးတဲ့ အချက်ကတော့ ရောဂါဖြစ်လာရင် တကယ်မှန်ကန် ထိရောက်တဲ့ ဆေးကုသမှုခံယူနိုင်ဖို့ပဲဖြစ်တယ်။ ဒီရောဂါကို ကုသနည်းနှစ်နည်းရှိတယ်။ ခွဲစိတ်ကုတဲ့နည်းရယ်၊ ဓာတ်ရောင်ခြည်နဲ့ ဆေးကုနည်းရယ် ပေါ့။ သေသေချာချာ ထိထိရောက်ရောက် ဆေးကုရင် ပျောက်ကင်းချမ်းသာနိုင်ပါလျက်နဲ့ ပြဿနာ အခက်အခဲမျိုးစုံကြောင့် လူနာတွေ မသေသင့်ဘဲ သေနေရတာတွေ့ရတယ်။

**စာမျက်နှာ ၂၁ သို့**

တကယ်တမ်းကျတော့ ဒီသားအိမ်ခေါင်း ကင်ဆာဖြစ်နှုန်းတွေ၊ သေဆုံးနှုန်းတွေဟာ တိုးတက်ခေတ်မီတဲ့ နိုင်ငံတွေမှာ သိသိ သာသာကြီးကို ကျဆင်းသွားပြီ။ ထိရောက်တဲ့ ရောဂါကာကွယ်နည်းတွေ ကုသနည်းတွေ ကို စနစ်တကျ သုံးနိုင်လာလေလေ၊ ရောဂါဖြစ်နှုန်း နည်းသွားလေဖြစ်သည်. . .

*ပညာရေးကဏ္ဍတွင်မူလတန်းပညာရေးသည်အခြေခံအကျဆုံးသော အဆင့်ဖြစ်သည့်အတွက် သင်ကြားပုံနည်းစနစ်၊ သင်ရိုးမာတိကာတို့ကို စနစ်တကျလေ့လာသုတေသနပြု သင်ကြား၊ ရေးဆွဲသင့်ပါသည်။ အမိက ဘာသာစကားဖြစ်သော မြန်မာစာသင်ကြားရာတွင်လည်းကောင်း၊ သင်ရိုးပြုစုရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန်အတွက် စာရေးသူ စောလူ၏ "ရှေးဦးသင်မြန်မာစာအရေး" စာတမ်းကို အခန်းဆက်အဖြစ်ဖော်ပြလိုက်ပါသည်။ စာရေးသူသည် မန္တလေးတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စက်မှုတက္ကသိုလ်၊ မော်လမြိုင်ကောလိပ်တို့တွင် အမှုထမ်းခဲ့ပြီး နိုင်ငံတော်၏တာဝန်ပေးချက်အရ ၁၉၇၂ ခုနှစ်မှ ၁၉၇၇ ခုနှစ်ထိ မလေးရှားနိုင်ငံ ပီနန်တက္ကသိုလ်တွင် ကထိကအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှစတင်ကာ အမေရိကန်ပြည်ထောင်စု မြောက်အီလီနွိုက်တက္ကသိုလ်၌ လက်ထောက်ပါမောက္ခအဖြစ်တာဝန်ထမ်းဆောင်လျက်ရှိသည်။ စာအုပ်များအနေဖြင့် ပုဂံခေတ်မြန်မာစာ၊ ကိုဖိုးစောနှင့် သူ၏ကျောင်းသားများ၊ စကားပြေကကြီးခခွေး၊ တိရစ္ဆာန်စကား စသည့် စာအုပ်များထွက်ရှိထားသည်။ (စာတည်း)*

# ရှေးဦးသင်မြန်မာစာအရေး

ယမန်နေ့မှအဆက်

## စောလူ

**ရှေးရိုးသင်နည်းနဲ့ အသံနည်း**[၁၂]

ဖြေရှင်းပုံကို အဆိုမပြုခင် ဆရာကြီး ဦးကွန်းရေးသားဖူးတဲ့ စာဖတ်သင်ကြားနည်း ငါးမျိုးအကြောင်းကို အစီရင်ခံလိုက်ပါရစေဦး။ ဆရာကြီးက ရှေးသင်ရိုး၊ အသံနည်း၊ ကြည့်ဆိုနည်း၊ ဝါကျနည်း၊ ပုံဝတ္ထုနည်းရယ်လို့ ငါးမျိုးပြခဲ့ဖူးပါတယ်။[၁၃] ငါးမျိုးထဲက တခြားနည်းတွေကို ဒီမှာ အကျယ်မပြောတော့ပါဘူး။ ရှေးရိုးနည်း အသံနည်းတို့နဲ့ ပတ်သက်လို့ ဆရာကြီး မှတ်ချက်ချပုံကိုပဲ ဖောက်သည်ချချင်ပါတယ်။

> ရှေးရိုးသင်နည်းနှင့် အသံနည်းတို့မှာ အသံကို ပဓာနထား၍ သင်ရသော နည်းများဖြစ်သဖြင့် (မမလာပါ။ ထီးနီသည်၊ ဘူးသီးနုနု) စာတစ်ကြောင်းနှင့် တစ်ကြောင်း အဓိပ္ပာယ် ဆက်စပ်မှုမရှိရကား ပျင်းရိငြီးငွေ့ဖွယ် ကောင်းသည်ကား မှန်၏။ သို့ရာတွင် ဗျည်း၊ သရ တို့ကို တစ်ဆင့်တစ်ဆင့် လွယ်ရာမှခက်ရာသို့ တိုးတက်သင်ကြားသွားသည့်အပြင် အကွက်စေ့လှသဖြင့် သင်ရသည်မှာ စနစ်ကျသည်။ ဤနှစ် နည်းအနက် အသံနည်းမှာ အသံထွက်ဖို့ရန်အတွက် ပိုမို လွယ်ကူသဖြင့် ရှေးရိုးနည်းထက် ပိုမိုနှစ်သက်သင့်သည်"[၁၄]

တဲ့ ဦးကွန်းပြောတဲ့ ရှေးရိုးနည်းဆိုတာက ကကြီးရေးချကာ၊ ကကြီးလုံးကြီးတင် ကိ စသည်ဖြင့် စာလုံးပေါင်းသင်တဲ့နည်းကို ဆိုလိုတာပါ။ အသံထွက်နည်းဆိုတာကတော့ စာလုံးပေါင်းမနေဘဲ "က အာ ကာ" "က အိ ကိ" လို့ဆိုရင်း သင်တဲ့နည်းကို ဆိုလိုတာပါ။ ပထမနည်းက အတွင်ကျယ်ဆုံး။ ဒုတိယနည်းက ဒုတိယအတွင်ကျယ်ဆုံးလို့လည်း ဦးကွန်းက မှတ်ချက်ပေးထားပါတယ်။[၁၅]

စာလုံးမပေါင်းဘဲ အသံထွက်တဲ့နည်းကို ဆရာကြီး ဦးကွန်းတို့ လင်းယုန်တံဆိပ်ဖတ်စာပြု ဆရာကြီး ဦးလင်းတို့မှ မဟုတ်ပါဘူး။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးလည်း နှစ်သက်တော်မူခဲ့တာပါပဲ။ တစ်ခါမှာ လယ်တီဆရာတော်ဘုရားကြီးက သင်ပုန်းကြီး သံခိပ်ကျမ်းကို ပြုစုတော်မူခဲ့ဖူးပါတယ်။ ကျမ်းပါ မှာထားချက်စကားမှာ "ဗုဒ္ဓဘာသာသာသနာ၌ သဒ္ဓါယုံကြည်ခြင်းရှိ၍ ရှင်ရဟန်းပြုကြသူ လူမျိုးခြားတို့နှင့် မြန်မာလူမျိုး ကျောင်းသားသူငယ်တို့အား။ မြန်မာဘာသာ၊ ပါဠိဘာသာကျမ်းစာများကို လျင်မြန်စွာ ဘတ်တတ်ရွတ်တတ် ရှိကြစေခြင်းငှာ" ပြုစုတယ်လို့ ဆိုပါတယ်။[၁၆] မြန်မာစာသင်သားတွေအပြင် ဆရာတော်ဘုရားဆီမှာ ရဟန်းပြုပြီး မြန်မာစာပါဠိစာဖတ်ချင်တဲ့ လူမျိုးခြားတွေ ဆန္ဒကို ဖြည့်ဆည်းပေးဖို့ ဒီစာအုပ်ပြုစုတယ်ပေ့ါ။ မြန်မာစာ ဖတ်နည်းရေးနည်း အမြန်သင်စာအုပ်လို့ ဆိုကောင်းဆိုရမှာပါ။

သင်ပုန်းကြီး သံခိပ်မှာထားချက်မှာ သူ့စာအုပ် အသုံးပြုသင်ကြားနည်းကို ဆရာတော်က စေ့စေ့စပ်စပ် အမိန့်ရှိထားပါတယ်။

> ဆရာပြုလုပ်၍ချပို့သူ ကျောင်းဆရာတို့ လိမ္မာကြရန် အချက်များမှာ ဤသင်ပုန်းကြီး သံခိပ်ကျမ်း၌ ဉာဏ် အလတ်ရှိသော သူငယ်များနှင့် သင့်လျော်ရုံ ဘော်ပြလျက် ရှိသည်။ ဉာဏ်ထက်သော ဤကျမ်းတွင် ဘော်ပြရင်းထက် အကျဉ်းချုံး၍ သင်ပြရာ၏။ ဉာဏ်နုံ့သော သူငယ်များမှာ ကျမ်းတွင်ဘော်ပြရင်းထက် အကျယ်ထုတ်ဘော်၍ သင်ပြရာ၏။ သင်ပြသောအခါမှာလည်း သရအက္ခရာစုတွင် ဧ၊ ဧဲ၊ အော၊ အဲတို့၌ ရှေးဆီးသံနှင့်။ ဧး၊ ဧး၊ အေး၊ အဲး ဟုမဆိုစေရ။ က၊ ခ၊ ဂ၊ ဃ၊ င စသည်တို့နှိုက်၊ အက္ခရာ တလုံးတလုံးလျှင် အသံတသံနှင့် ပြီးစေရမည်။ ကကြီး၊ ခခွေး၊ ဂငယ်၊ ဃကြီး၊ စလုံး၊ ဆလိမ်၊ ဇကွဲ၊ ဈမြင်းဆွဲ၊ ဠ သံလျင်းချိပ် စသည်ဖြင့် တစ်လုံး တလုံးမှာ အသံပို မပါစေရ။ က၊ ကာ၊ ကိ၊ ကီ စသည်တို့၌ ၎င်း၊ ကျ၊ ကျာ၊ ကြ၊ ကြာ၊ ကွ၊ ကွာ၊ ကျွ၊ ကျွာ၊ ကြွ၊ ကြွာ၊ ငှ၊ ငှာ၊ ငွှ၊ ငွှာ။ မျှ၊ မျှာ။ မြှ၊ မြှာ၊ မွှ၊ မွှာ၊ မြွှ၊ မြွှာ၊ စသည်တို့၌ ၎င်း။ ကက်၊ ကင်း၊ ကိတ်၊ ကိန်း စသည်တို့၌ ၎င်း အသံပိုမပါ စေရ။ တလုံးတလုံးလျှင် အသံတစ်သံ နှင့် ပြီးစေရမည်[၁၇]

လို့ ဆိုပါတယ်။ မြန်မာကျောင်းသား လူငယ်တွေရော လူမျိုးခြားတွေရော သင်ယူရာမှာ ပိုမို ထိရောက်စေချင်တဲ့ စေတနာနဲ့ ဆရာတော်ကြီးက အသံထွက်နည်းကို ညွှန်းဆိုခဲ့တာပါ။ ဆရာတော်ရဲ့စာသင်သား ဗဟိုပြုတဲ့အတွေး၊ အသံထွက်နည်းကို အဆိုပြုခဲ့တဲ့ အမြော် အမြင်တွေကို အမိန့်အမှာမှာ မြင်နိုင်ပါတယ်။ ရှေးဦးသင် မြန်မာစာပို့ချရေး ခေတ်မီမီ တွေးခေါ်ဆင်ခြင်ခဲ့တဲ့ ဆရာတော်ကြီးကို အကြည်ညိုပွားရပါတယ်။

ဒါပေမယ့် ကိုယ်တိုင်အနေနဲ့တော့ အသံထွက်နည်း သက်သက်ထက် ရှေးရိုးနည်း ပေါင်းစပ်ပို့ချသင့်တယ်လို့ ယူဆကြောင်း ဆရာတော်ကြီးသာ သက်တော်ထင်ရှားရှိနေရင် လျှောက်ထားမိမယ်ထင်ပါတယ်။ ဒီလို လျှောက်တာဟာ ကိုယ်တိုင်အပါအဝင် မြန်မာဘာသာကို နိုင်ငံခြားဘာသာအဖြစ် ပို့ချခဲ့ကြတဲ့ ဆရာတွေရဲ့ အတွေ့အကြုံကို အခြေခံပါတယ်။ မြန်မာကလေးတွေကို ရှေးဦးသင် မြန်မာစာပို့ချတာနဲ့ နိုင်ငံခြားသားတွေကို မြန်မာစာပို့ချတာ စာသင်သားအနေအထားတချို့ ကွာခြားတာမှန်ပါတယ်။ အသက်အရွယ်ချင်း၊ အမိဘာသာစကားချင်း၊ နေထိုင်ရာ ဒေသချင်းစတဲ့ အကွာအခြားတွေကို ဆိုလိုပါတယ်။ အသက်အရွယ်ချင်းယှဉ်ရင် နိုင်ငံခြားသားတွေဘက်က အားသာပေမယ့် အမိဘာသာစကားဖြစ်နေတာ၊ မြန်မာလူ့အဖွဲ့အစည်းမှာ နေထိုင်ခွင့်ရနေတာမှာ မြန်မာကလေးတွေဘက်က သာပါတယ်။ ဒါကြောင့် နိုင်ငံခြားသားတွေကို သင်တဲ့နေရာမှာ သုံးတဲ့နည်းကို မြန်မာကလေးတွေကို သင်တဲ့နေရာမှာ လိုတိုး ပိုလျှော့ မွမ်းမံ အသုံးချနိုင်မယ်လို့ ယုံကြည်ပါတယ်။ ပို့ချနည်းချင်း ဆက်စပ် ဆင်ခြင်နိုင်ခွင့်ရှိပါတယ်။

မြန်မာဘာသာကို နိုင်ငံခြားဘာသာစကားအဖြစ် ပို့ချတာ သင်ယူတာ တွင်ကျယ်နေပါပြီ။ နိုင်ငံရပ်ခြားနဲ့ အဆက်အသွယ်များလာလေ သင်ယူသူများလာလေ။ အခုဆို ပြည်တွင်းပြည်ပမှာ နိုင်ငံခြားသားတွေအတွက် မြန်မာဘာသာစကားသင်ဌာန အတော်များများ ရှိနေပါပြီ။ ဒီလိုဌာနတွေများလာ၊ သင်ယူသူတွေ များလာတာနဲ့အမျှ သင်ယူသူတွေ မပင်မပန်း မနွမ်းမရိ အဆင်ပြေပြေသင်နိုင်အောင် ဌာနအသီးသီးက သင်စာတွေ ပြုစုကြတော့တာပါပဲ။

အထူးသဖြင့် အရေးအဖတ်မှာ ကောင်းသထက်ကောင်း၊ မွန်သထက်မွန်အောင် ပြုစုလာကြပါတယ်။ အရေးအဖတ်ပို့ချစာတွေထဲမှာ ဒီဟိဂ်ရု(ပ်) နဲ့ ဂျွန်အိုကယ်ရဲ့ စာအုပ်တွေဟာ အထူးအလေးထားရမယ့် စာအုပ်တွေပါ။ ၁၉၆၈ ခုက ထွက်လာတဲ့ ကော်နင်းနဲ့ ရု(ပ)တို့ရဲ့ Beginning Burmese စာအုပ်မှာ အရေးအဖတ်ကို အကျယ်တဝင့် ရှင်းလင်းပို့ချထားတာ မတွေ့ရပါဘူး။[၁၈] သင်ခါစကျောင်းသားတွေအတွက် မြန်မာအရေးအသား စနစ်က ခက်တဲ့အကြောင်း။ ဒါကြောင့် အစပိုင်းမှာ ရင်းနှီးကျွမ်းဝင်ပြီး အက္ခရာတွေပဲ အသုံးပြုထားတဲ့အကြောင်းလောက်ပဲ ဆိုပါတယ်။ သင်ခန်းစာ ၁၂မှာမှ အရေးအဖတ်ကို စထားပါတယ်။ ထိရောက်လှတယ်လို့ မယူဆပါဘူး။ အဲဒီ အားနည်းချက်ကို ဖြေဖျက်ချင်လို့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ရု(ပ်) က ၁၉၇၂ ခုမှာ An Introduction to the Burmese Writing System ဆိုတဲ့စာတစ်အုပ် ထုတ်ပါတယ်။[၁၉] အရေးအဖတ်တတ်အောင် တစ်ဆင့်ပြီး တစ်ဆင့် စနစ်တကျ သင်ပေးတဲ့ စာအုပ်ပါ။ အဲဒီစာအုပ်မှာ သရသင်္ကေတအမည်နာမတွေကို ဖော်ပြသင်ပေးပါတယ်။ စာလုံးပေါင်းတတ်အောင်လည်း သင်ပေးတယ်ဆိုပါတော့။

မြန်မာဘာသာသင်စာတွေပြုစုရာမှာ အထူးလေးစားစရာကောင်းတာက အင်္ဂလန်နိုင်ငံက ဆရာကြီး ဂျွန်အိုကယ်ပါ။ နိုင်ငံခြားသားတွေကို မြန်မာဘာသာပို့ချနေတဲ့ သက်ရှိထင်ရှား ဆရာတွေထဲမှာ ဝါအရင့်ဆုံး ဆရာကြီးပေ့ါ။ ဆရာဂျွန်အိုကယ်က Burmese (Myanmar) An Introduction to the Script စာအုပ်ပြုစုပါတယ်။[၂၀] ဆရာ့စာအုပ်ကြောင့် အရေးအဖတ်သင်ကြားရေး ပိုပြီးလွယ်လာပါတယ်။ အဲဒီလောက်လွယ်ရုံနဲ့ ဆရာဂျွန်အိုကယ်အားရဟန် မတူပါဘူး။ နောက်ပိုင်းကျတော့ ရှစ်ရက်အတွင်းမှာ မြန်မာစာ "Burmese in 8 Days" လို့ ကြွေးကြော်ပြီး မြန်မာစာ အရေးအဖတ်ကို အမြန်နှုန်းနဲ့ အောင်အောင်မြင်မြင်ပို့ချနေပါပြီ။ ဆရာပြုစုတဲ့ စာအုပ်တွေမှာရော၊ ဆရာပို့ချရာမှာရော အသံထွက်နည်းကို သုံးရင်း သရသင်္ကေတအားလုံးကိုလည်း အမည်နာမဖော်ထုတ်ပို့ချတာ သတိထားမိပါတယ်။ စာလုံးပေါင်းသင်တာကို မပစ်ပယ်ပါဘူး။

ကိုယ်တိုင်လည်း စာလုံးပေါင်းသင်ပေးတဲ့စနစ်ကို နှစ်သက်ပါတယ်။ အကြောင်းရှိပါတယ်။ နိုင်ငံခြားသားတွေကို မြန်မာစာ စသင်ပေးတဲ့အချိန် ၁၉၇၀ ပြည့်နှစ်ကျော်က စပြီး နည်းအမျိုးမျိုးနဲ့ အတော်ကြာကြာ စမ်းသပ်ပို့ချကြည့်ဖူးပါတယ်။ စိတ်တိုင်းမကျပါဘူး။ မြန်မာသက်ကြီးတွေကို သင်ပေးတဲ့အခါ သုံးတဲ့ ဝထကလသ စနစ်ကို သုံးကြည့်ပါသေးတယ်။ နိုင်ငံခြားကျောင်းသားတွေအတွက် အဆင်မပြေလှပါဘူး။ နောက်ဆုံးတော့ ဗျည်း၊ သရတွေ ပို့ချပေးရာမှာ ရှေးရိုးစဉ်လာနည်းကိုပဲ ဦးလှည့်ဖြစ်သွားပါတယ်။ လှည့်ဖြစ်လိုက်တာမှ ရှေးဦး ဗျည်းတွေကို သင်တဲ့အခါမှာဆို မြန်မာဘုန်းတော်ကြီးကျောင်းမှာ ကိုယ်တိုင်သင်ယူခဲ့တဲ့ နည်းအတိုင်းပါပဲ။ သင်ပေးပုံက ဒီလိုပါ။ ကျောင်းသူကျောင်းသားတွေ လက်ထဲမှာ ကကြီးက အအထိ အက္ခရာ ဇယားကို ရှေးဦးပေးထားပါတယ်။ အသုံးနည်းတဲ့ ဠ သန်လျင်းချိတ်အစုနဲ့ ဋကြီးကို ဇယားမှာ မျဉ်းနဲ့ ဖျက်ထားပါတယ်။ [၂၁] ဒါတွေ မသင်ခင် သူတို့ကို ညွှန်ကြားရာမှာသုံးဖို့ မြန်မာလို ညွှန်ကြားချက် သုံးလေးခု သင်ပေးထားပါတယ်။ "နားထောင်ပါ၊ လိုက်ဆိုပါ။ ပြောပါ၊ ထပ်ပြောပါ" ဆိုတဲ့ စကားတွေပါ။ ပြီးတော့ ကကြီးကို ရေး၊ "က" လို့ ကိုယ်က ဆိုပြ၊ နားထောင်ခိုင်း၊ နောက်တော့ လိုက်ဆိုခိုင်း၊ ပြီးတော့ သူတို့ကိုယ်တိုင် ပြောခိုင်း။ ဒီလိုနဲ့ လေ့ကျင့်သွားလို့ "အ" အထိ ပြီးသွားပြီဆိုရင် "က ခ ဂ ဃ င စ ဆ ဇ ဈ ည" စသည်ဖြင့် ဘုန်းကြီးကျောင်းသားလေးတွေ စာအံသလို အံခိုင်းပါတယ်။ သီချင်းလုပ်ဆိုခိုင်းပါတယ်။ ဒီလိုသီချင်းလုပ်ဆိုရတာကို သင်တန်းသားတွေ အတော်နှစ်ခြိုက်ကြပါတယ်။ ဗျည်း အက္ခရာတွေကို အသံနဲ့တွဲပြီး မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူ မှတ်မိလာကြပါတယ်။ ဗျည်းအက္ခရာမြင်တာနဲ့ ဘယ်လိုအသံထွက်တယ်ဆိုတာ ပြောနိုင်ပါတယ်။

ဗျည်းအက္ခရာအသီးသီးရဲ့ ပုံပန်းကို အသံနဲ့တွဲပြီး မှတ်လည်းမှတ်မိ၊ ရွတ်လည်းရွတ်ဆိုနိုင်တဲ့အခါ 'ဒါဘာလဲ၊ စာလုံးပေါင်းပါ၊ ဖတ်ပါ" ဆိုတဲ့ စကားတွေ သင်ပေးပါတယ်။ အဲဒါတွေ တတ်တာနဲ့ ဗျည်းအက္ခရာတွေရဲ့ ကကြီးခခွေးဆိုတဲ့ နာမည်တွေကို သင်ပေးပါတယ်။ အက္ခရာတွေကို လက်နဲ့ထောက်ပြီး "ဒါဘာလဲ" လို့မေး။ "ဒါကကြီး" လို့ဖြေတတ်အောင်သင်။ နောက်တော့ စာလုံးပေါင်းခိုင်း။ ကကြီးကို ရေးပြပြီး "စာလုံးပေါင်းပါ"လို့ ခိုင်းရင် သင်ယူသူက "ကကြီး"။ "ဖတ်ပါ" လို့ခိုင်းရင် "က"။ အဲဒီလို လေ့ကျင့်ပေးတဲ့အခါ အက္ခရာတွေရဲ့ နာမည်ရော အသံကိုပါ တွဲပြီး သိလာပါတယ်။ ကကြီး ခခွေး ဖတ်တတ်သွားပါပြီ။

စာလုံးပေါင်းတတ် ဖတ်တတ်သွားတာနဲ့ အရေးသင်ပေးဖို့ အဆင်သင့်ဖြစ်သွားပါပြီ။ "ကကြီး"က "အ"အထိ စနစ်တကျ အရေးအဆွဲမှန်အောင် သင်ပေးလိုက်ပါတယ်။ နာရီလက်တံအတိုင်း ယေဘုယျအားဖြင့် ဘယ်ဘက်က ညာဘက်ကို ရွှေ့ရင်းရေးရတဲ့ မြန်မာစာရေးနည်းနဲ့ နာရီလက်တံနောက်ပြန် ညာဘက်က ဘယ်ဘက်ကို ရေးရတဲ့ အင်္ဂလိပ်အက္ခရာ ရေးနည်းနဲ့ ကွာပုံကိုရှင်းပြပြီး သင်ပေးတော့ ဗျည်းအက္ခရာသင်ရတာ အချိန်တိုတိုနဲ့ ပြီးပါတယ်။

ဗျည်းအက္ခရာတွေကို နာမည်ဖော်ပြီး ပို့ချပေးနိုင်သလိုပါပဲ။ သရတွေကို ပို့ချပေးတဲ့အခါ အသံကို နားထောင်ခိုင်း၊ လိုက်ဆိုခိုင်း၊ ကိုယ်တိုင်ပြောခိုင်းပြီး ရေးချလုံးကြီးတင် စတဲ့သရသင်္ကေတအမည်တွေ သင်ပေးနိုင်ပါတယ်။ အရေးလေ့ကျင့်တဲ့အခါမှာ နှုတ်က စာလုံးပေါင်းရင်း အရေးကျင့်ခိုင်းတော့ ပိုပြီးထိရောက်တာ တွေ့ရပါတယ်။

ဗျည်းသရတွေကို နာမည်နဲ့ သင်ပေးတဲ့ ကျေးဇူးက အထူးများပါတယ်။ ဒီမှာ ကျေးဇူးများပုံ သုံးခုလောက်ပဲ ဆိုလိုက်ပါရစေ။ နံပါတ် (၁) က သင်တန်းသားတွေနဲ့ ဗျည်း၊ သရအကြောင်း ပြောဆိုရတဲ့အခါ အသံသက်သက် ထွက်ပြတာထက် နာမည်နဲ့ ထုတ်ဖော်ပြောဆိုတာက ဆရာနဲ့ တပည့်ဆက်ဆံရေး ချောပြေ ရှင်းလင်းနိုင်ပါတယ်။ "ကျောင်း" လို့ အသံထွက်နဲ့သာ ပို့ချထားတယ်ဆိုပါစို့။ ကျောင်းလို့ အသံထွက်ပြီး အရေးလေ့ကျင့်တဲ့အခါ တပည့်ခမျာ ယောင်ဝါးဝါးဖြစ်သွားနိုင်ပါတယ်။ တိရစ္ဆာန် "ကြောင်"ကို ပြောသလား။ အကြောင်းအရာက "ကြောင်း" ကို ပြောသလား စသည်ဖြင့်ပေ့ါ။ အသံသက်သက်ကိုသာ မှတ်ထားရင် အဲဒီလို ရှုပ်နေတာကို ရှင်းပြဖို့ မလွယ်တော့ပါဘူး။ ဗျည်းသရ သင်္ကေတအမည်နာမနဲ့တကွ တွဲဖက်သင်ပေးထားလို့ကတော့ "သဝေထိုး ကကြီးယပင့် ရေးချသတ်ကို ပြောတာဟော့။ ဝစ္စပေါက်လည်း ပါသဟ"။ အဲဒီလို ပြောလိုက်ရင် တိုတိုလေးနဲ့ ရှင်းသွားရော၊ နံပါတ် (၂)က မြန်မာစာသင်ပြီး မြန်မာအရေးအသားရဲ့ ပင်ကိုစနစ်ကို ထဲထဲဝင်ဝင် သိသွားမယ့် အကျိုးလို့ ဆိုပါရစေ။ အမည်နာမမဖော်ဘဲသင်လို့ကတော့ တတ်သွားတယ်ထားဦး။ အပေါ်ယံသိပဲ သိသွားတာနေမှာပေ့ါ။ တကယ့် မြန်မာစစ်စစ်တွေက ကိုယ့်အက္ခရာ သင်္ကေတတွေကို အမည်နာမနဲ့ ပြောနေပါလျက် ကိုယ်က အဲဒီအမည်နာမ မသိဘူးဆိုရင် မြန်မာစာကို အပြည့်အဝတတ်တယ်လို့ ဆိုဖို့တောင် ခပ်ခက်ခက်ပါ။[၂၂] နောက်ဆုံးအချက်၊ နောက်ဆုံးလို့ ဆိုရပေမယ့် အရေးအကြီးဆုံးပါ။ နောက်ဆုံးအနေနဲ့ ပြောချင်တာက တပည့်တွေ မပင်မပန်း မနွမ်းမရိဘဲ မြန်မြန်ဆန်ဆန် တတ်မြောက်တဲ့ ကျေးဇူးပါ။ ဒါစကား ဖြစ်ဆန်းပြောတာ မဟုတ်ပါဘူး။ ဒီနည်းကို နှစ်ပေါင်းများစွာ အတန်းပေါင်းများစွာမှာ ကိုယ်တိုင်စမ်းသပ်ပြီးပါပြီ။ ဉာဏ်ရည်အတော်သင့် စာသင်သားဟာ မြန်မာစာအခြေခံ အရေးအဖတ် (ပါဌ်ဆင့်နဲ့ ဣ ဦ စတဲ့အက္ခရာများမပါ)ကို ဆယ့်လေးနာရီအတွင်း တတ်မြောက်ပါတယ်။ အဓိပ္ပာယ် မသိသေးတောင် မြန်မာလို ရေးထားတာကိုမြင်ရင် မဆိုင်းမတွ ဖတ်တတ်ပါတယ်။ မြန်မာစကားသံတစ်သံ ရွတ်ပြရင် ရေးပြတတ်ပါတယ်။ သံတူကြောင်းကွဲရှိရင် စာလုံးပေါင်း မှားချင်မှားမှာပေ့ါ။ စာလုံးပေါင်းပြရင်တော့ အားလုံးရေး တတ်ပါတယ်။ အဲဒီလို အကျိုးကျေးဇူးတွေကြောင့် လယ်တီ ဆရာတော်ကြီးနဲ့တကွ ရှေးပညာရှိကြီးများရဲ့ အမှာအကြားပါတဲ့ အသံထွက်နည်းအပြင် စာလုံးပေါင်းသင်တဲ့ ရှေးရိုးနည်းကိုသိသိမှတ်မှတ်ပြန်ဖြည့်စွက်ဖို့ အဆိုပြုရတာပါ။

**ဆက်လက်ဖော်ပြပါမည်။**

*[၁၂] Alphabetic Method ကို ရှေးသင်ရိုး၊ Phonic Method ကို အသံနည်းလို့ ဦးကွန်းက ဘာသာပြန်ပေးထားပါတယ်။*
*[၁၃] မြန်မာစာသင်နည်း၊ ဦးကွန်း ဘီအေ၊ ဘီအီးဒီ၊ တင်ဆွေအေး၊ ရန်ကုန်၊ ၁၉၆၀*
*[၁၄] ယင်း၊ စာ ၂၉*
*[၁၅] ယင်း၊ စာ ၃၀*
*[၁၆] သင်ပုန်းကြီးသံခိပ်ကျမ်း၊ သတ်ပုံသံခိပ်ကျမ်း (ငါးကျမ်းတွဲ)၊ လယ်တီဆရာတော်ဘုရားကြီး၊ စာ ၃*
*[၁၇] ယင်း၊ စာ ၃*
*[၁၈] Beginning Burmese by William S. Cornyn and D.Haigh Roop. Yale University Press, New Haven and London,1972*
*[၁၉] An Introduction to the Burmese Writing System by Haigh Roop, Yale University Press.New Haven and London, 1972*
*[၂၀] Burmese (Myanmar) An Introduction to the Script by John Okell, Northern Illinois University. Dekalb,U.S.A.*
*[၂၁] ဠ ဋ ဍ ဎ ဏ ကိုလုံးဝမသင်တာမဟုတ်ပါ။ နောင် အကြောင်းတိုက်ဆိုင်လာတဲ့အခါ ဖြည့်စွက်သင်ပေးပါတယ်။*
*[၂၂] မြန်မာစာလုံးပေါင်းမသိရာက "သတ်ပုံ"နဲ့ "စာလုံးပေါင်း" မကွဲမပြားဖြစ်နေတာကို သင်ရိုးညွှန်းတမ်း ကော်မတီထုတ် တတိယတန်းစာအုပ်လေ့ကျင့်ခန်းတချို့မှာ တွေ့နိုင်ပါတယ်။ "ပေးထားသော သတ်ပုံများ" လို့ဆိုထားပြီး "ကျို"နဲ့ "ကြို"ကို ပြထားတာမျိုးပါ။ အဲဒီမှာ "သတ်ပုံ" အမှားအမှန်မပါ။ "ပင့်ရစ်" အမှား"စာလုံးပေါင်း" အမှားပဲရှိပါတယ်။ "သတ်ပုံ" အစား "စာလုံးပေါင်း" လို့ဆိုမှ အတိအကျမှန်တာပါ။*



# မြစ်ရေတက်လာသဖြင့် ခရီးသည်တင်နှင့် ကုန်တင်ရေယာဉ်များ သတိပြုမောင်းနှင်ကြရန် သတိပေးချက်ထုတ်ပြန်ထား

**မုံရွာ ဇူလိုင် ၆**
ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ရွာများတွင် လတ်တလောကာလ၌ မြင့်တက်လျက်ရှိရာ ခရီးသွားပြည်သူများ၊ ကုန်စည်များသွားလာစီးဆင်းမှုတွင်မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီက ရေယာဉ်များ ခုတ်မောင်းသွားလာရာတွင် သတိပြုနိုင်ရေး သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

"လတ်တလောကာလတွင် အထက်ပိုင်းဒေသတွေမှာ မိုးများတော့ ချင်းတွင်းမြစ်ရေမြင့်တက်လာပြီး ယခုလို မြစ်ရေမြင့်တက်လာတဲ့အချိန်မှာ မုံရွာမြို့ကနေ အထက်ချင်းတွင်းဒေသကို အစုန်၊ အဆန်သွားလာနေတဲ့ ရေယာဉ်များ ခုတ်မောင်းသွားလာကြရာတွင် ချောင်းဝင်၊ ချောင်းထွက်တွေ၊ ဝဲတွေမှာ အထူးဂရုပြုခုတ်မောင်းကြဖို့ သတိပေးချက်တွေ ထုတ်ပြန်ထားတယ်" ဟု ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီမှ ဌာနမှူးက ပြောကြားသည်။

သို့ဖြစ်ရာ ချင်းတွင်း အထက်ပိုင်းဒေသတွင် မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ချင်းတွင်း မြစ်ရေသည် ခန္တီးမြို့တွင် ယမန်နေ့က မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏ တိုင်းထွာချက်အရ ၁၂၆၀ စင်တီမီတာသို့ရောက်ရှိနေကြောင်းနှင့် ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်မှာ ၁၃၆၀ စင်တီမီတာဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## ရက် ၁၀၀ စီမံချက်ဖြင့် ဝက်လက်၌ ရှေးဦးသူနာပြုစုခြင်းအခြေခံ သင်တန်းဖွင့်လှစ်သင်ကြား

**ဝက်လက် ဇူလိုင် ၆**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲလုပ်ငန်း ရက် ၁၀၀ စီမံချက်အရ ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ဇူလိုင် ၄ ရက်မှ ၅ ရက်အထိ နှစ်ရက်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

သင်တန်းတွင်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် ဝက်လက်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်ကြကြောင်း သိရသည်။

ယင်းသို့ သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ရှေးဦးသူနာပြုစုခြင်းလုပ်ငန်းများကို သိရှိနားလည်တတ်ကျွမ်းပြီး မိမိနှင့် ထိတွေ့ပတ်သက်ဆက်နွယ်သူများ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် များစွာအထောက်အကူပြုပေးနိုင်မှာ ဖြစ်ကြောင်းကို သင်တန်းသားတစ်ဦးကပြောသည်။ **နန်းမြင့်(ဝက်လက်)**

## ဘိန်းအစားထိုးနှစ်ရှည်ပျိုးပင်များ ဒုတိယအကြိမ် အခမဲ့ပေးအပ်

**ဖယ်ခုံ ဇူလိုင် ၆**
ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဘိန်းအစားထိုး နှစ်ရှည်ပျိုးပင်(အခမဲ့)ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကယန်း(ခ) ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်က အဖွင့် အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေး မှူး ဦးသန်းအေးဆွေက အမှာစကားပြော ကြားခဲ့သည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းထက်က ဘိန်းအစားထိုးနှစ်ရှည်ပျိုးပင်များအခမဲ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဘိန်းအစားထိုး နှစ်ရှည်ပင်များဖြစ်သည့် နဂါးမောက်ပျိုးပင် ၁၅၀၊ ငရုတ်ကောင်းပင် ၁၀၀၀၊ ကျွန်းပင် ၅၀၀၊ သရက်ပင်း ၂၀၀၊ ဗလာင်ကန်ပင် ၁၀၀၀၊ လိမ္မော်ပင် ၁၀၀၀၊ ထောပတ်ပင် ၁၀၀ တို့အား တာဝန်ရှိသူများက အခမ်းအနားတက်ရောက်လာသော တောင်သူများကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီတွင် ဘိန်းအစားထိုးသီးနှံများကို နှစ်ကြိမ်ခွဲ၍ ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်အနေဖြင့် ဇွန်လအတွင်းက အထွက်ကောင်းမျိုးသန့်စပါးမျိုးများကို အခမဲ့ပေးအပ်ခဲ့ပြီး ယခုဒုတိယအကြိမ်တွင် နှစ်ရှည်ပျိုးပင်များကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပျိုးပင်များကိုပေးအပ်ရာတွင် ဒေသခံများ ဘိန်းစိုက်ပျိုးမှု ပပျောက်စေရန်၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို သိရှိလိုက်နာကျင့်သုံးလာစေရန်၊ ဒေသဝမ်းစာဖူလုံရေးကို အထောက်အကူပြုလာစေရန်၊ သီးနှံတစ်ဧကအထွက်နှုန်းတိုးတက်၍ ဝင်ငွေပိုမိုရရှိလာစေရန်နှင့် ဒေသခံတောင်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်တို့ကို ရည်ရွယ်၍ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ကယန်း(ခ)ပဒေါင်တိုင်းရင်းသားရေးရေးရာဝန်ကြီး ဦးခွန်အေးမောင်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်မေရီချို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအန်းဂျေလို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းထက်နှင့် ဝန်ထမ်းများ၊ စီမံချက်ပါကျေးရွာအုပ်စုများမှ တောင်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။ **ကိုထွေး**

## ဧရာဝတီမြစ်ရေတိုးလာသည့်အတွက် ဧရာဝတီမြစ်ဆိပ်ကမ်းမှ နွယ်ငြိမ်းရွာထွက် မြေအိုး၊ စဉ့်အိုး၊ ပန်းအိုးသည်များ နေရာအခက်အခဲဖြစ်



**မန္တလေး ဇူလိုင် ၆**
လက်ရှိကာလတွင် ဧရာဝတီမြစ်ရေတိုးလာသည့်အတွက် နွယ်ငြိမ်းရွာထွက် မြေအိုး၊ စဉ့်အိုး၊ ပန်းအိုးသည်များ နေရာအခက်အခဲဖြစ်လာသည်။ ရသည့် နေရာကလေးတွင် စုပြုံခြင်းကာရောင်းချနေရကြောင်း အိုးသည်တစ်ဦးက ပြောသည်။

ကုန်စည်များ သယ်ယူပို့ဆောင် ရောင်းဝယ်မှုတွင် ရေလမ်းသည် အသုံးဝင်လှသော အစဉ်အဆက် လမ်းကြောင်းပင်ဖြစ်သည်။ စက်လှေ၊ သင်္ဘော၊ မော်တော်ရှပ်ပြေးမှအစ ကုန်တင်ယာဉ်များစွာကို ခေတ်နှင့်အညီ စက်စွမ်းအားမြှင့်ကာ သယ်ဆောင်လာကြသည်။ ထိုသို့ သယ်ဆောင်မှုများထဲတွင် ကိုယ်ပိုင်စက်လှေများကို အိမ်သဖွယ်ထားကာ ရောင်းဝယ်မှုပြုလုပ်သူများလည်းရှိသည်။

ရွှေဘိုမြို့နယ် နွယ်ငြိမ်းရွာမှ ထွက်သော အိုးမျိုးစုံသည် မန္တလေးဈေးကွက်တွင် နာမည်ရသည်။ နွယ်ငြိမ်းရွာထွက် စဉ့်အိုး၊ ပန်းအိုး၊ဘုရားပန်းအိုးမှအစ အခြားအိုးမျိုးစုံကို ဝယ်ယူကာ မန္တလေးမြို့နှင့်အနီး ကိုယ်ပိုင်စက်လှေများဖြင့် လချီနေထိုင်ရောင်းဝယ်သူများရှိကြသည်။ ရေအတက်အကျပေါ်မူတည်၍ လွတ်လပ်သောနေရာများကို အချိန်ကြာမြင့်စွာဆိုက်ကပ်ပြီး ကမ်းတွင် ချထားလေ့ရှိသည်။ နွယ်ငြိမ်းမှလာသော စက်လှေများ ကမ်းကပ်ပြီးသည်နှင့်စက်လှေပေါ်မှအိုးမျိုးစုံကို ဂရုတစိုက်ကမ်းစပ်သို့ ချထားကာခင်းကျင်း ရောင်းချကြရသည်။

စက်လှေတစ်စင်းလျှင် မိသားစုငါးယောက်ခန့်ပါဝင်ပြီး ရောင်းဝယ်လုပ်ကိုင်ကြရသည်။ ရေကျချိန်တွင် နွယ်ငြိမ်းအိုးတင် ကိုယ်ပိုင်စက်လှေများသည် ဧရာဝတီမြစ်ကမ်း မင်းတဲအီကင်း ရေကင်းအမှတ်(၄) နှင့် သရက်တစ်ပင်ရွာကြားတွင် ဆိုက်ကပ်ထားကြသည်။ ထိုသို့ဆိုက်ကပ်သည့်အတွက် သင်္ဘောများ လွတ်ကင်းပြီး နေရာကျယ်ဝန်းကာ လွတ်လပ်စွာနေထိုင်ရောင်းချနိုင်ကြသည်။

စက်လှေတစ်စင်းလျှင် အိုးမျိုးစုံပါဝင်ပြီး မန္တလေးမြို့ပေါ်ရှိ ဈေးများသို့တစ်ဆင့်သယ်ကာ ရောင်းချခြင်း၊ ကမ်းစပ်တွင်ခင်းကာ ရောင်းချခြင်းများပြုလုပ်သည်။ ပါလာသည့် အိုးများကုန်မှ ပြန်ကာစက်လှေပေါ်တွင် နေထိုင်ရောင်းချလေ့ရှိသည်။ စက်လှေတစ်စင်းလျှင် သုံးလခန့်ရောင်းချကြသည်။ပစ္စည်းများကုန်ပါက ရွှေဘိုနွယ်ငြိမ်းရွာသို့ပြန်ကာ အိုးများဝယ်ယူတင်ဆောင်ပြီး ထပ်မံလာရောင်းခြင်းဖြင့် တစ်နှစ်ပတ်လုံး လုပ်ကိုင်စားသောက်လေ့ရှိသည်။ စက်လှေသည် အိုးသည်တို့၏ အိမ်ပင်ဖြစ်သည်။ လက်ရှိကာလတွင် နွယ်ငြိမ်းရွာထွက် အိုးများ၏ ဈေးနှုန်းမှာ ပန်းအိုးတစ်လုံး ငွေကျပ် ၅၀၀၊ ၁၅၀၀၊ ၂၅၀၀မှ ၃၀၀၀ ကျော်အထိရှိသည်။ စဉ့်အိုးတစ်လုံးလျှင် ငွေကျပ် ၄၅၀၀၊ ဘုရားပန်းအိုးတစ်လုံးလျှင် အနည်းဆုံး ငွေကျပ် ၅၀၀အထိရှိပြီး စက်လှေတစ်စင်းလုံးတွင် ငွေကျပ် ၁၅ သိန်းမှ သိန်း၂၀ ဖိုးအထိ ပါဝင်သည်။ **တိမ်တမန်**

## ချောင်းဦးမြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါ ကွင်းသရုပ်ပြပွဲ ကျင်းပ၍ တောင်သူပညာပေးဟောပြော

**ချောင်းဦး ဇူလိုင် ၆**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ အောင်ချမ်းသာကျေးရွာ ကွင်းအမှတ် (၁၉၉၉) ရှိ တောင်သူ ဦးဇော်လင်းစိုက်ပျိုးထားသော မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ခင်းတွင် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၄ ရက် နံနက် ၇ နာရီခွဲ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းရှိန်၊ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးမျိုးကြည်၊ ခရိုင်စိုက်ပျိုးရေးမှ ဦးစီးအရာရှိ ဦးရဲမင်းလှနှင့် မြို့နယ် ဝါသီးနှံတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ခင်ထွေးဝင်းတို့က ချည်မျှင်ရှည်ဝါ နှင့်ပတ်သက်၍ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအား လေ့လာလိုက်နာဆောင်ရွက်နိုင်ရေး၊ မျိုးစေ့ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာဆိုင်ရာများနှင့် ပတ်သတ်၍ သုံးစွဲနည်းများ၊ နည်းဥပဒေများအား တက်ရောက်လာသော တောင်သူများကို ရှင်းလင်းပြောကြားပြီး တောင်သူများမှလည်း ဝါစိုက်ပျိုးရေးနှင့် ပတ်သတ်၍ သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဝါသီးနှံရဲ့ ဝါပင်ဖြစ်ထွန်းမှု အနေအထားအရ တစ်ပင်ပါ သီးလုံး ၆၀ ခန့်ရှိတဲ့အတွက် တစ်ဧကကို ပိဿာ ၁၀၀၀ ကျော် ထွက်ရှိနိုင်ပါတယ်။ လက်ရှိဝါပေါက်ဈေးက ဝါ တစ်ပိဿာကို ကျပ် ၁၁၀၀၀ ခန့် ရှိနေတာကြောင့် တောင်သူများအနေနဲ့ စီးပွားရေးတွက်ချေကိုက် သီးနှံဖြစ်လို့ စိုက်ပျိုးသင့်ပါတယ်။ နောက်နှစ်မှာ ယခုဝါပေါက်ဈေးကဲ့သို့ ဈေးကွက်ရှိနေမယ်ဆိုရင် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဘူတာကျေးရွာမှ တောင်သူဦးသောင်းဌေးက ပြောသည်။

ကွင်းသရုပ်ပြပွဲသို့ တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာငါးအုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ၊ ဘူတာကျေးရွာ၊ ဆယ်မာအူးအွန်ဒုံကျေးရွာသစ် စီမံကိန်းမှ ကျေးရွာကော်မတီဝင်များ တက်ရောက်ကြသည်။ **မြို့နယ်ပြန်/ဆက်**



## တွန်းဇန်မြို့၌ဘိန်းအစားထိုး စပ်မျိုးစပါးမျိုးစေ့နှင့် ပျိုးပင်များပေးအပ်

**တွန်းဇန် ဇူလိုင် ၆**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇန်မြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘိန်းအစားထိုးစိုက်ပျိုးရန်အတွက် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့နှင့် မျောက်ငိုသီးပျိုးပင်များပေးအပ်ပွဲကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက တွန်းဇန်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ ၄၅၀ ကီလို၊ မျောက်ငိုသီးပျိုးပင် ၁၀၀၊ ယူးရီးယားဓာတ်မြေသြဇာ ၁၀ အိတ်တို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကိုဆန်းနှင့် ဦးတွန်းဆန်၊ စာရင်းစစ်ဦးစီးအရာရှိ ဒေါ်ယဉ်မင်းစိုးနှင့် ဒုတိယရဲအုပ်ဦးကျော်မျိုးတို့က တောင်သူ ၃၂ ဦးထံသို့ အသီးသီးပေးအပ်ခဲ့ကြသည်။

ချင်းပြည်နယ်တွင် အဆိုပါဘိန်းအစားထိုးသီးနှံများအဖြစ် ပုလဲသွယ်စပ်မျိုးစပါးစသည့် သီးနှံမျိုးစေ့များ၊ နှစ်ရှည်ပျိုးပင်များနှင့် နှစ်ချင်းသီးနှံမျိုးစေ့ထုပ်များကို တောင်သူများအား အခမဲ့ဖြန့်ဖြူးပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုလျော့ကျစေရန် ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေးပညာပေးဟောပြောပွဲများ၊ သီးနှံပိုးမွှားများအန္တရာယ်ကာကွယ်ရေး ပညာပေးခြင်း စသည့်သီးနှံအထွက်တိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဂျိုးနက်**

## တမ္ပဝတီဈေးသစ်ကြီး မြို့အင်္ဂါရပ်နှင့်အညီ စည်ကားသိုက်မြိုက်စေရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**ကျောက်ပန်းတောင်း ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရန်အတွက် လွန်ခဲ့သည့် ၂၀၁၃ ခုနှစ်မှစတင်ပြီး ဈေးသစ်ကြီးတစ်ဆောင် ဆောက်လုပ်ခဲ့ပြီးဖြစ်သော်လည်း သုံးနှစ်ကျော်ကာလကြာသည့်တိုင် ဖွံ့ဖြိုးစည်ပင်မှုမရှိသဖြင့် အဆိုပါ တမ္ပဝတီဈေးသစ်ကြီး စည်ကားသိုက်မြိုက်စေရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၄ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးက နေ့စဉ်ဈေးရောင်းချနေသူများ ဈေးဟောင်းမှဈေးသစ်သို့ ပြောင်းရွှေ့ရောင်းချစေရေး ပညာပေးစည်းရုံးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ဈေးသစ်ကြီးနှင့်ပတ်သက်၍ ဖွဲ့စည်းထားသည့်ကော်မတီနှင့် လတ်တလောဆောင်ရွက်ထားရှိမှုများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်များ၊ ဈေးသစ်ကြီး စည်ကားသိုက်မြိုက်ရေး ဆောင်ရွက်လိုသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးအေးခိုင်နှင့် ဦးမျိုးဆွေဦးတို့က အကြံပြုဆွေးနွေးကြရာတွင် မြို့ပြစည်ပင်ဖွံ့ဖြိုးရေးအတွက် ဈေးသစ်ကြီး စည်ကားရေးမှာလည်း လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ သို့ရာတွင် ဈေးဟောင်းမှဈေးသစ်သို့ ပြောင်းလဲရောင်းချနိုင်ရေးအတွက် အမိန့်အာဏာကို အသုံးမပြုဘဲ အခြားဖြစ်နိုင်သည့်နည်းလမ်းများဖြင့် တွေ့ဆုံဖြေရှင်းဆောင်ရွက်စေလိုကြောင်းနှင့် ဝယ်သူများလာချင်အောင်လည်း ဈေးပွဲတော်များ ဖွင့်လှစ်ရောင်းချခြင်းစသည့် ဆွဲဆောင်မှုများဖြင့် ညှိနှိုင်းဆောင်ရွက်သွားကြစေလိုကြောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က ညှိနှိုင်းမှုများဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ရမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပညာပေးကာလလွန်မြောက်ခဲ့ပြီဖြစ်သဖြင့် သတ်မှတ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးတင်ပြခဲ့သည်။ ဆက်လက်၍ တမ္ပဝတီဈေးသစ်ကြီးအကျိုးတော်ဆောင်များ၊ မြို့မိမြို့ဖများက အကြံပြုဆွေးနွေးတင်ပြကြပြီး ဆက်လက်လုပ်ဆောင်သင့်သည်များကို အစည်းအဝေးမှတ်တမ်းတင်ဆုံးဖြတ်ကြသည်။

အဆိုပါတမ္ပဝတီဈေးသစ်ကြီး စည်ပင်စေရေးအတွက် မြို့မဈေးဟောင်းကြီး ပျံကျတန်းမှ ဘုရားလမ်းနှင့်ကျောင်းလမ်းအတွင်း ရောင်းချနေသည့် ဈေးသည်များအား ပြောင်းရွှေ့ရောင်းချနိုင်ရေး ပညာပေးစည်းရုံးနေခြင်းဖြစ်ပြီး ဈေးသစ်သို့ ပြောင်းရွှေ့ရောင်းချကြခြင်းဖြင့် အဆိုပါဘုရားနှင့် စာသင်ကျောင်းဝန်းကျင်တွင် အမှိုက်စွန့်ပစ်မှုများ ကင်းစင်သွားပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့နည်းသွားမည်ဖြစ်သည့်အပြင် မြို့မဈေးပတ်လမ်း တစ်ဝိုက် ယာဉ်ကြောပိတ်ဆို့မှုလည်း လျော့နည်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## ပဲခူးမြို့မဈေးကြီးနှင့် ဆက်သွယ်ထားသော ညောင်ဝိုင်းလမ်းမကြီး ရေဝပ်နေသဖြင့် ကူညီဆောင်ရွက်ပေးစေလို

**ပဲခူး ဇူလိုင် ၆**

ပဲခူးမြို့မဈေးကြီးနှင့် သားငါးဈေးအားဆက်သွယ်ထားသော အဓိကလမ်းမကြီးဖြစ်သည့် ညောင်ဝိုင်းလမ်းမသည် အများပြည်သူသွားလာရခက်ခဲစေသည့် ချိုင့်ခွက်များ၊ ကျင်းများနှင့် ရေများလမ်းမပေါ်ရှိနေသည်မှာ နွေမိုးဆောင်းနှစ်ပတ်လည်ရှိပြီဖြစ်ကြောင်း သိရသည်။

လမ်းမထက်တွင် ရေများတင်နေသဖြင့် နေ့စဉ်ဆွမ်းခံနေသော သံဃာများနှင့် ဆွမ်းလောင်းသူများ၊ ဈေးသွားဈေးလာပြည်သူများမှ ရေထဲဖြတ်လျှောက်နေရသဖြင့် လူမှုဒုက္ခနှင့်ကြုံတွေ့နေရသည်။

"မနက်ခင်းရဟန်းသံဃာတော်တွေ ဆွမ်းခံရတာ နေ့စဉ်ရေထဲက သွားလာနေရတယ်။ ဈေးလမ်းဖြစ်လို့ ရေတွေကညစ်ပတ်နေတယ်။ သန့်ရှင်းမှုမရှိတော့ ဆွမ်းလောင်းသူတွေနဲ့ သံဃာတချို့မှာ ဝဲပေါက်နေပြီ"ဟု ညောင်ဝိုင်းလမ်းမတွင်နေထိုင်သော နံနက်တိုင်း သံဃာဆွမ်းလောင်းသူများက ပြောသည်။

ဈေးသို့သွားလာရာတွင် အများပြည်သူများ အဓိကအသုံးပြုသွားလာရာလမ်းဖြစ်ပြီး လမ်းမပေါ် ချိုင့်များ၊ ကျင်းများအား ရှောင်တိမ်းသွားလာနေရသဖြင့် နေ့စဉ်ဆိုင်ကယ်နှင့် စက်ဘီးများ မှောက်နေရခြင်းဖြစ်ကြောင်း သိရသည်။

"ဈေးလာတဲ့သူတွေ ပစ္စည်းသယ်တဲ့ယာဉ်တွေ နေ့စဉ်ဝင်ထွက်နေတဲ့လမ်းပေါ်မှာ ရေတွေက ချိုင့်တွေ၊ ကျင်းတွေနဲ့ပြည့်နေတယ်။ မသိတဲ့သူက ရေထဲဖြတ်မောင်းတော့ ယာဉ်ကမှောက်တယ်။ နေ့စဉ်တွေ့နေရတာပါ။ သက်ဆိုင်ရာစည်ပင်သာယာကလူကြီးတွေ ဆင်းကြည့်ရင် တွေ့ပါလိမ့်မယ်" ဟု လမ်းတွင်းနေထိုင်သူတစ်ဦးက ဆိုသည်။

"သည်လမ်းတွေပြုပြင်ပေးမယ်ဆိုတာဝန်ရှိသူတွေကို ပူးပေါင်းကူညီဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့ရပ်ကွက်သားတွေ ဒီအတိုင်းမနေပါဘူး။ ကိုယ့်လမ်းကိုယ့်ရပ်ကွက် သာယာအောင်လုပ်တဲ့အတွက် တာဝန်သိသိ ကူညီချင်ပါတယ်"ဟု ပရဟိတလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ညောင်ဝိုင်း(၁၈)လမ်း၊ ကမ်းနားလမ်းမကြီးသည် ယခင်နွေကာလမှာပင် ရေမြောင်းများ ပိတ်ဆို့နေပြီး လမ်းမထက်ရေဝပ်ခြင်းနှင့် ကြုံတွေ့နေရသောလမ်းဖြစ်သည်။ မပြုပြင်ဘဲ နှစ်ရှည်ပစ်ထားသည်မှာ ကြာမြင့်နေပြီဖြစ်သောကြောင့် ရပ်ကွက်နေပြည်သူများမှ ပြုပြင်ပေးနိုင်ရန် လိုလားနေကြကြောင်း သိရသည်။

**မိုးသက်ဝင်း**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး



**ကော့သောင်း ဇူလိုင် ၆**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၄ ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခမောက်ကြီးမြို့ ပါချန်မြစ်ကမ်းဘေး အေးချမ်းသာကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာမြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ထပ်မံတည်ဆောက်ရန် လိုအပ်သည့် အခြေအနေများအား ပါချန်မြစ်ကြောင်းတစ်လျှောက် လုံးဖောကျေးရွာအထိ ရေယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး မြစ်ကမ်းဘေးနေ ကျေးလက်ပြည်သူ အိုးအိမ်များ ရေတိုက်စားကမ်းပါးပြို၍ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်ရေး၊ မြစ်ကမ်းပါးတစ်လျှောက် သဘာဝသစ်တောသစ်ပင်များ ခုတ်ယူသုံးစွဲမှုမပြုကြရေး ကြပ်မတ်ထိန်းသိမ်းကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် မာရမ်းကျေးရွာဆောက်လုပ်ပြီးစီးသည့် တိုက်နယ်ဆေးရုံသစ် အဆောက်အအုံအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များအား ကျန်းမာရေးဝန်ထမ်းများမှ စေတနာထားဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ လိုအပ်မည့်ဝန်ထမ်းဖွဲ့စည်းပုံ အပြည့်အဝခန့်ထားဆောင်ရွက်နိုင်ရေး၊ လိုအပ်သည်များအား တာဝန်ရှိအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် ဆိပ်ဖူးကျေးရွာသို့ရောက်ရှိရာ တာဝန်ရှိသူများက ပါချန်မြစ်ကမ်းဘေး မြေထိန်းနံရံ တည်ဆောက်မည့်အစီအမံတင်ပြမှုအပေါ် လိုအပ်သည်များအား ဖြည့်ဆည်းလမ်းညွှန်မှာကြားပြီး မိုးတွင်းကာလ ကျေးရွာမြစ်ကမ်းဘေး ရေတိုက်စားမှုဖြစ်ပေါ်၍ ကျေးရွာပြည်သူများ၏ အိုးအိမ်များပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်ရေး အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ဘုတ်ပြင်းမြို့သို့ ဆက်လက်ထွက်ခွာသွားသည်။ **ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

## ဆိပ်ဖြူမြို့နယ်၌ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရေး ဆောင်ရွက်



**ဆိပ်ဖြူ ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိသုံးစွဲနိုင်ရေးနှင့် ပျက်စီးချို့ယွင်းနေသည့် လမ်းမီးများအား အသစ်လဲတပ်ဆင်ခြင်းလုပ်ငန်းများကို ဇူလိုင် ၄ ရက်က ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိ သုံးစွဲနိုင်ရေးနှင့် ပျက်စီးချို့ယွင်းနေသည့် လမ်းမီးများ အသစ်လဲတပ်ဆင်ခြင်းလုပ်ငန်းများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများက ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၎င်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစန်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိန်းတို့က ကြီးကြပ်၍ လျှပ်စစ်လိုင်းကြိုးနှင့် ထိစပ်လျက်ရှိသည့် သစ်ကိုင်းများရှင်းလင်းခြင်း၊ မြို့ပေါ်ရပ်ကွက်နှင့် ချောက်-ဆိပ်ဖြူ အနော်ရထာတံတားထိပ် မြို့အဝင်လမ်းမများရှိ ပျက်စီးချို့ယွင်းနေသည့် လမ်းမီးအစုံ ၆၀ ကို အသစ်လဲတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိသုံးစွဲနိုင်ရေးနှင့် ပျက်စီးချို့ယွင်းနေသည့် လမ်းမီးများကို အသစ်လဲတပ်ဆင်ခြင်း ဆောင်ရွက်ပေးခြင်းအတွက် ဒေသခံပြည်သူတစ်ဦးက လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာ သုံးစွဲခွင့်ရရှိပြီး လမ်းများတွင် ညအခါ အလင်းရောင်ရရှိကာ ရပ်ကွက်ပြည်သူများနှင့် ခရီးသွားပြည်သူတို့ အန္တရာယ်ကင်းရှင်းစွာသွားလာရသည့်အတွက် သက်ဆိုင်ရာဌာနများနှင့်တာဝန်ရှိသူများအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**



# ဇင်းကျိုက်မြို့ရှိစက်လှေမောင်းသူများ မိုးတွင်းကာလ၌လုပ်ငန်းအဆင်ပြေ

**ပေါင် ဇူလိုင် ၆**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း လယ်ယာလုပ်ငန်းလုပ်ကိုင်သူ များပြားသဖြင့် လယ်ယာလုပ်ငန်းခွင်သို့ သွားရောက်ရန် ရေကြောင်းဖြင့် သွားလာမှုလွယ်ကူသဖြင့် မိုးတွင်းကာလအတွင်း စက်လှေအသုံးပြုစီးနင်းသူများလာရာ စက်လှေမောင်းလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ဝင်ငွေတိုးလျက်ရှိကြောင်း စက်လှေမောင်းသူများ၏ ပြောကြားချက်အရ သိသည်။

“ဒီအချိန်က လယ်ထဲဆင်းလို့ရှိရင် ကုန်းလမ်းက သွားတာထက်စာရင် ရေလမ်းကနေသွားတာက ပိုပြီးအဆင်ပြေပါတယ်။ မိုးတွင်းကာလဆိုတော့ ကုန်လမ်းကနေသွားရင် ကွင်းထဲရောက်ဖို့က အဝေးကြီး လမ်းလျှောက်ကြရတယ်။ စက်လှေနဲ့ သွားရင်တော့ လယ်အနားထိရောက်တယ်။ ခရီးလည်းမကြာတော့ အချိန်မကုန်ဘူးပေါ့ဗျာ။ နွေကျတော့ လယ်ထဲကို လှည်းလမ်းကြောင်းကနေ သွားကြတာများတယ်” ဟု စက်လှေစီး၍ လယ်လုပ်ငန်းခွင်သို့ သွားရောက်သူတစ်ဦးက ပြောသည်။

“နွေကာလအတွင်း ပင်လယ်ရေဝင်ရောက်တာနည်းပြီး ချောင်းရိုးအတွင်း စက်လှေများမောင်းနှင်ဖို့က ခက်ခဲတယ်။ ဒီမိုးတွင်းကာလထဲမှာပဲ စက်လှေမောင်းစားတဲ့အလုပ်က ပိုပြီးအားစိုက်လုပ်ကိုင်ရတယ်။ နွေကာလမှာတော့ ကြုံရာကျပန်းအလုပ် ပဲ လုပ်ကိုင်ပါတယ်” ဟု စက်လှေမောင်းနှင်သူတစ်ဦးက ပြောသည်။

မိုးတွင်းကာလ ပေါင်မြို့နယ်အတွင်း စက်လှေဂိတ်များတွင် ပေါင်မြို့ပေါ်မှ ကွင်းရွာများနှင့် လယ်ယာလုပ်ငန်းခွင်များသို့ သွားလာရာတွင် စက်လှေများအား အများဆုံးအသုံးပြုတတ်ကြကြောင်း သိရသည်။

ပေါင်မြို့နယ်အတွင်း စက်လှေဂိတ် ၁၀ ခုနီးရှိကာ စက်လှေမောင်းလုပ်ငန်းလုပ်ကိုင်သူ ၇၀ ခန့်ရှိသည်။ ခရီးအကွာအဝေးပေါ် မူတည်ပြီး ကျပ် ၅၀၀ မှ ကျပ် ၁၅၀၀ အကြား ကောက်ခံလျက်ရှိကြောင်းလည်း သိရသည်။

**ကိုဟိန်း (ပေါင်)**

# မုံရွာမြို့နယ်တွင်မြစိမ်းရောင်ရန်ပုံငွေရရှိသည့်ကျေးရွာများမှကော်မတီဝင်များအားစီမံခန့်ခွဲမှုနှင့်ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်ပို့ချ

**မုံရွာ ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင် စီမံကိန်းလည်ပတ်ရန်ပုံငွေရရှိသည့် ကျေးရွာများမှ ကော်မတီဝင်များအား ဇူလိုင်ပထမပတ်အတွင်းက စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းဆိုင်ရာ သင်တန်းအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

“မုံရွာမြို့နယ်အတွင်းက မြစိမ်းရောင်ရန်ပုံငွေရရှိသည့် ကျေးရွာ ငါးရွာမှာ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် မြစိမ်းရောင် ဘဏ္ဍာရေးဆပ်မကော်မတီဟူ၍ ဒီမိုကရေစီ နည်းလမ်းကျကျ မဲစနစ်ဖြင့် ရွေးချယ်ဆောင်ရွက်ပေးခဲ့ပြီးပါပြီ။ အခုကျေးရွာတွေက ကော်မတီဝင်တွေကို ကော်မတီ၏ လုပ်ငန်းဆိုင်ရာ စာရင်းဇယားသွင်းနည်း ၁၀ မျိုးနှင့် ရုံးလုပ်ငန်းဆိုင်ရာတွေ၊ လုပ်ငန်းတာဝန်တွေကို တတ်မြောက်သည်အထိ အသေးစိတ် သင်ကြားပေးလျက်ရှိပါတယ်။

‘ဒီသင်တန်းပြီးတာနဲ့ ရွာနာမည်နဲ့ မြန်မာ့စီးပွားရေးဘဏ်မှာ မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို စာရင်းရှင်ဖွင့်ကာ သက်ဆိုင်ရာကျေးရွာတွေမှာ ဖွဲ့စည်းပေးထားတဲ့ ကော်မတီတွေကနေ လျှောက်လွှာခေါ်ပြီး ကျေးရွာတွေက စိုက်ပျိုးရေး၊မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ကျေးရွာပုဂ္ဂလိက မီးလင်းရေးစတဲ့လုပ်ငန်းတွေကို လုပ်ငန်းအလိုက် ဆင်းရဲပြီး အရင်းအနှီးအမှန်တကယ် လိုအပ်သူတွေကိုဦးစားပေးစနစ်နဲ့ ထုတ်ပေးသွားမှာဖြစ်ပါတယ်” ဟု မြို့နယ်ကျေးလက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ မြစိမ်းရောင်ရန်ပုံငွေ စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေး၊ ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းထွေး၊ မြို့နယ်ကျေးလက်ဌာနမှ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ချို၊ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်စန်းစန်းမြင့်စိန်နှင့် ဝန်ထမ်းများ၊ မုံရွာမြို့နယ်အတွင်းရှိ ပလ္လင်မြောက် ကျေးရွာ၊ တဲတိုက်ကျေးရွာ၊ လှည်းဒါးကျေးရွာ၊ တွင်းချောင်းကျေးရွာ၊ ရှင်ငါးဆယ်ကျေးရွာများ၏ ကော်မတီ(၂)ရပ်မှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# လူမှုစောင့်ရှောက်ရေးစေတနာ့ဝန်ထမ်းလူငယ်များ(မွမ်းမံ)သင်တန်းလှိုင်ကော်မြို့၌ဖွင့်လှစ်

**လှိုင်ကော် ဇူလိုင် ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယားပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ရက် ၁၀၀ စီမံချက် လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များ (မွမ်းမံ)သင်တန်းကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီခွဲက လှိုင်ကော်မူလတန်းကြိုကျောင်း၌ ပြုလုပ်ခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်များအနက် စေတနာ့ဝန်ထမ်းလူငယ်များအား ခိုင်မာစွာဖွဲ့စည်းနိုင်ရန်နှင့် ချိတ်ဆက်ဆောင်ရွက်မှုကွန်ရက် ထူထောင်နိုင်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်း စီမံချက်သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ သင်တန်းဆင်း စေတနာ့ဝန်ထမ်းလူငယ်များနှင့် ချိတ်ဆက်ဆောင်ရွက်မည့် ကွန်ရက်စနစ်ထူထောင်ပြီး ပြည်နယ်လူမှုဝန်ထမ်းရုံး၏ ကြီးကြပ်မှုနှင့် ရပ်ရွာအတွင်းလူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့ဝင်များအကြား တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်၍ ကွန်ရက်ဖြန့်ကြက် ဆောင်ရွက်နိုင်စေရန်၊ အဖွဲ့ဝင်များနှင့်သက်ဆိုင်ရာ လူမှုဝန်ထမ်းရုံးတို့ ချိတ်ဆက်ဆောင်ရွက်မှုသေချာစေခြင်းဖြင့် လူမှုဝန်ထမ်းလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန် အဖွဲ့များအနေဖြင့် ဒေသအဆင့် သက်ဆိုင်ရာ ရုံးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု လမ်းကြောင်းများအား သိရှိနားလည်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

အဆိုပါသင်တန်းတွင် Social Youth Volunteer Networking ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၊ အမျိုးသမီးအခွင့်အရေးများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာများ၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ လူကုန်ကူးခံရသူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ပုံမှန်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ Social Youth Volunteer အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် Social Youth Volunteer များ၏ လုပ်ငန်းတာဝန်များ စသည့်ဘာသာရပ်များကို ကယားပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၅၀ တို့အား သင်ကြားပို့ချ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကယားပြည်နယ်ပြန်/ဆက်**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအပ်ချုပ်စက်သင်တန်းဖွင့်လှစ်

**ကျောက်မဲ ဇူလိုင် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက်သင်တန်း ဖွင့်ပွဲကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

အစိုးရသစ်၏ ပထမရက် ၁၀၀ စီမံချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာစေရန်နှင့် မိမိအိမ်တွင် တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းပညာဖြင့် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင်မောင်စိုးက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရုံးဝန်ထမ်းများ၊ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမည်ဖြစ်ပြီး ခေတ်မီစက်များဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

**ကျောက်မဲခရိုင်ပြန်/ဆက်**

# နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့်အသိပညာပေးဟောပြောပွဲလုပ်ငန်းများကျေးရွာအရောက်ကွင်းဆင်း

**မိုင်းဖြတ် ဇူလိုင် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ရုံးဝန်ထမ်းများသည် ပြည်သူကိုဗဟိုပြုသော အသိပညာပေးဝန်ဆောင်မှု လုပ်ငန်းဖြစ်သည့် ကျေးလက်ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာပေအသိပညာဗဟုသုတတိုးပွားပြီး လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် နယ်လှည့်စာကြည့်တိုက်လုပ်ငန်း၊ အသိပညာပေးဟောပြောပွဲ၊ စာဖတ်ဝိုင်း၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင် ပြပွဲလုပ်ငန်းဆိုင်ရာများကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက တောညိုကျေးရွာအုပ်စု ဆွပ်ပန်းကျေးရွာ ‘ပန်းနုဝေ’ စာကြည့်တိုက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က“နယ်လှည့်ကွင်းဆင်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်၊ စာပေအသိပညာမှ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးဆိုင်ရာများ ရှင်းလင်းဟောပြော ဆွေးနွေးပြီး တက်ရောက်လာသော ကျေးလက်ပြည်သူများနှင့် စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် ရုံးဝန်ထမ်းများက နယ်လှည့် စာကြည့်တိုက်လုပ်ငန်း၊ စာဖတ်သည့် အလေ့အကျင့်ရှိစေရန် စာဖတ်ဝိုင်းများ ပြုလုပ်ဆောင်ရွက်ပြီး လုပ်သားရုပ်သံ ဒေါ်ဟောင်းနန်းက ‘ပန်းနုဝေ’ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ပရိသတ်များနှင့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားရှိသော ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြသည်။

ထို့မှတစ်ဆင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ရုံးဝန်ထမ်းများသည် မွန်းလွဲ ၁၂ နာရီခွဲတွင် တောညိုကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာ ‘ငွေသောင်ယံ’ စာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက်လုပ်ငန်း၊ အသိပညာပေးဟောပြောပွဲ၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ယင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ဆက်လက်ပေးအပ်လှူဒါန်း၍ စာကြည့်တိုက်လုပ်ငန်းနှင့် စာအုပ်စာစောင်များကို စနစ်တကျပြုစုထိန်းသိမ်းမှု ဆောင်ရွက်နိုင်ရန်အတွက် စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ခရီးသွားခြင်းနှင့် ခါးနာရောဂါ

ဓါ ကြည်လွင်မြင့်(မုဒြာ)

ရန်ကုန်-မန္တလေး ၁၀ နာရီကျော် အချိန်ကြာကားစီးလာသူတစ်ဦးမှာ ခါးနာလာသည်ကို တွေ့ရသည်။ သူစီးခဲ့သည့်ကားမှာ အဲကွန်းဘတ်စ်ကားဖြစ်သော်လည်း ထိုင်ခုံမှာ နောက်လှန်၍မရ၊ ရှေ့သို့လည်း ခြေဆန့်မရသည့်ကားဖြစ်သဖြင့် ခါးနာခြင်းဖြစ်သည်ဟုဆိုသည်။

ခါးနာသည်မှာ ခါးအရွတ်များ မကောင်းတော့သည့် အသက်အရွယ်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ယခင်က ခါးနာဖူးသည့်ဒဏ်ဟောင်းရှိခြင်းကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ တစ်ကြိမ်တည်းနှင့် ခါးနာသူများမှာ မနိုင်ဝန်ကို ကုန်း၍မခြင်း၊ တွန်း၍ရွှေ့ခြင်းတို့ကြောင့်ဖြစ်လေ့ရှိသည်။ ထိုကဲ့သို့ ဒဏ်ဖြစ်ဖူးသူသည် အချိန်ကြာမြင့်သည့်ကာလနောက်ပိုင်းတွင် ခါးနာပြန်ပေါ်တတ်သည်။ ဒဏ်ကြောင့်ဖြစ်သော ခါးနာဟု ခေါ်သည်။

တစ်ကြိမ်ခါးနာဖူးလျှင် နောက်ပိုင်းပြန်နာတတ်သဖြင့် သတိရှိဖို့လိုသည်။ ခရီးသွားလျှင် ထိုင်ချိန်ကြာလျှင် ခါးပြန်နာတတ်သည်။ အလေးအပင်အိတ်များကို ဆွဲရခြင်းကြောင့်လည်း ခါးနာတတ်သည်။ ထို့ကြောင့် ခရီးသွားအိတ်များကို ဆွဲယူ၍ရအောင် ဘီးကလေးများ တပ်ပေးထားခြင်းဖြစ်သည်။

ခရီးသွားရာတွင် ထိုင်ရသည့်ထိုင်ခုံများ သက်သောင့်သက်သာ မဖြစ်ခြင်းကြောင့် ခါးနာတတ်သလို လမ်းခရီးကြမ်းသဖြင့် ကားဆောင့်ခြင်း၊ ရထားသံလမ်းများ မကောင်းသဖြင့်၊ တွဲများမကောင်းသဖြင့် ရထားစီးလာသူများ ခါးနာသည်ကိုလည်း မကြာခဏ တွေ့ရတတ်သည်။

ခရီးသွားသူများ နောက်ထပ်ကြုံရလေ့ရှိသည့် အခက်အခဲတစ်ခုမှာ ဆီး၊ ဝမ်းသွားရန် ခက်ခဲခြင်း၊ နေရာမရှိခြင်း၊ အချိန်နာရီကြာမြင့်စွာအောင့်ထားရခြင်း၊ ထိန်းချုပ်ထားရခြင်းတို့ကြောင့်ဖြစ်သည်။ အဟုန်ကို ချုပ်တည်းထားခြင်းကြောင့် ရောဂါဖြစ်နိုင်သည်ဟုဆိုသည်။

လမ်းခရီးတွင် ယာဉ်ကြီးများရပ်နားသည့် စားသောက်ဆိုင်များရှိသော်လည်း အချို့စားသောက်ဆိုင်များမှာ ရေလောင်းအိမ်သာကို သန့်ရှင်းစွာလုပ်ပေးမထားကြ၊ ဖြစ်သလို ကာရံထားခြင်း၊ ရေမရှိခြင်း၊ အနံ့အသက်မကောင်းခြင်းတို့ကြောင့် ခရီးသွားများမှာ အပေါ့သွားရုံမှလွဲ၍ အလေးသွားရန်၊ အခင်းကြီး သွားရန် အခက်အခဲတွေ့ကြရသည်ကို တွေ့ရသည်။

ဝမ်းချုပ်ပြီး အထိုင်များခြင်းသည် ခါးနာခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သည်ကို တွေ့ရသည်။ ခါးနာသူချင်းအတူတူ ဝမ်းချုပ်သူက ပို၍ခံစားရပြီး အပျောက်နှေးသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ခါးနာဝေဒနာရှိသူများသည် ဝမ်းမှန်အောင်ကြိုးစားသင့်သည်။ ဝမ်းပျော့ပျော့သွားစေမည့် သင်္ဘောသီးမှည့်၊ ငှက်ပျောသီးမှည့်၊ မန်ကျည်းသီးမှည့်ဖျော်ရည် စသည်များ သောက်ပေးလျှင် ခါးနာသက်သာစေရန် ကောင်းစွာအထောက်အကူပြုပါသည်။

အိမ်တွင်နေရင်း ခါးနာကြသူများတွင် စပရိန်မွေ့ရာနှင့် ဆိုဖာမွေ့ရာကဲ့သို့ အိပ်လိုက်လျှင် ခါးနေရာတွင် ခွက်ဝင်သွားသည့် မွေ့ရာနှင့် အိပ်သူများတွင် အဖြစ်များသည်ကို တွေ့ရသည်။ ထို့အတူ ခရီးသွားရာတွင်လည်း သစ်သားထိုင်ခုံဖြင့် ခရီးသွားသူများတွင် ခါးနာအဖြစ်နည်းပြီး ပျော့ပျောင်းပြီး ခွက်ဝင်သော ဆိုဖာထိုင်ခုံဖြင့် ခရီးသွားသူများ၊ ထို့အပြင် အမိုးလုံပြီး အပူပြန်စေသည့် သားရေတုဖြင့် ချုပ်ထားသော ဆိုဖာခုံအပျော့များတွင် ထိုင်ပြီး ခရီးသွားရလျှင် ခါးနာရောဂါ ပို၍ဖြစ်သည်ကို တွေ့ရသည်။

ခါးရိုးဆစ် ကျီးပေါင်းတက်ရောဂါကြောင့် ခါးနာရောဂါဖြစ်နိုင်သည်။ ကျီးပေါင်းတက်နေသော အဆစ်များသည်ကြပ်ပြီး အလှည့်အပြောင်း၊ အကွေးအဆန့်တွင် အာရုံကြောများကို ပိမိ၊ ဖိမိသဖြင့် ခါးနာရခြင်းဖြစ်သည်။ ကျီးပေါင်းရောဂါရှိသူသည် ခရီးရှည်သွားလျှင် ခါးတွင်ပတ်ထားရသော ခါးနာသက်သာစေသည့်ခါးပတ်ကို ပတ်ထားသင့်သည်။ မရှိလျှင် ပုဆိုး သို့မဟုတ် ခါးနှင့် အနေတော်အဝတ်ခေါက်ကို ခါးတွင် ပတ်ပြီးစည်းထားခြင်းဖြင့် သက်သာစေနိုင်ပါသည်။

ရန်ကုန်မြို့တွင်နေထိုင်သော မိတ်ဆွေဆရာဝန်တစ်ဦးမှာ ခါးနာရောဂါစွဲနေသည်။ အလုပ်တာဝန်ကြောင့် အနားယူကုသနိုင်ခြင်းမရှိ။ အကိုက်အခဲပျောက်ဆေးများနှင့် ထိန်းနေရသည်မှာ ကြာလာသောအခါ အစာအိမ်ကိုပါထိလာသည်။ အကိုက်အခဲပျောက်ဆေးကို အားမကိုးရဲတော့။ သူ့မိဘနေအိမ် (၉)လမ်းမှ မြောက်ဥက္ကလာဆေးရုံသို့ နေ့စဉ်သွားနေရသည်။ အခန့်မသင့်လျှင် ကားပေါ်မှာပင် အသွား ၂ နာရီ၊ အပြန် ၂ နာရီခန့် အချိန်ကုန်သည်။ ထိုကဲ့သို့ ကားပေါ်မှာထိုင်နေရသော ၄ နာရီမှာ သူ့အတွက် အကျိုးမဲ့ဖြစ်သည့်အပြင် ခါးနာရောဂါကိုလည်း ပို၍ဆိုးစေသည်ဟုဆိုသည်။

ရန်ကုန်မြို့တွင်နေထိုင်ရသူများ၊ နယ်တွင်နေရသူများနှင့် မတူသောဒုက္ခမှာ နေ့စဉ်အပြင်ထွက်သည်နှင့် ကားစီးရသောဒုက္ခဖြစ်သည်။ တစ်ခါတစ်ရံ အခန့်မသင့်၍ ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန် ကားပိတ်လျှင် ဘာမှမဝေးသောခရီးကို ကားပေါ်တွင် နာရီများစွာထိုင်ပြီး အချိန်ဖြုန်းနေရတတ်သည်။ လူကောင်းများပင် ခါးနာခြင်း၊ ဇက်ကြောတက်ခြင်းများ ဖြစ်လာနိုင်သည်။

အနောက်နိုင်ငံများတွင် လေယာဉ်ကို ၈ နာရီကြာအောင်စီးရသော ခရီးများ၊ ရထားကို ၁၈ နာရီကြာအောင် စီးရသော ခရီးများရှိသည်ဟုဆိုသည်။ ထိုခရီးသွားသူများ ခါးနာရောဂါ မဖြစ်ကြရအောင် သက်သောင့်သက်သာ ခါးဆန့်၊ ခြေဆန့်နိုင်အောင် ထိုင်ခုံများကို စီစဉ်ပေးထားသည်ဟုဆိုသည်။ အနောက်တိုင်းသားများသည် ခရီးသွားခြင်းကို မြတ်နိုးသောလူမျိုးများဖြစ်ကြသည်။ သို့သော် သက်သောင့်သက်သာဖြစ်အောင် ခရီးဆောင်သေတ္တာ၊ ဆွဲအိတ်များမှအစ ဘီးကလေးများဖြင့် ဆွဲယူသွားနိုင်အောင် စီစဉ်ထားကြသည်ကို တွေ့ရသည်။

အရပ်ပုသူနှင့် အရပ်ရှည်သူများတွင် အရပ်ရှည်သူက ပို၍ ခါးနာရောဂါဖြစ်လွယ်သည်။ မိမိအရပ် အမောင်းနှင့် ကိုယ်အလေးချိန် မျှတနေလျှင် ခါးနာရောဂါမဖြစ်နိုင်ဟုဆိုသည်။ ခါးရိုးဆစ်ပျော့ပျောင်းအောင် လေ့ကျင့်ခန်းလုပ်ပေးလျှင် ပို၍ကောင်းသည်။ အချို့နိုင်ငံခြားသားများသည် ခရီးသွား Express ကားကြီးများ ခေတ္တရပ်နားပေးသည့် အချိန်မှာပင် လမ်းဘေး လေကောင်းလေသန့်ရသည့်နေရာသွားပြီး လက်မြှောက်ခြင်း၊ ခါးဆန့်ခြင်း၊ ကုန်းခြင်းစသော လေ့ကျင့်ခန်းများပြုလုပ်သည်ကို တွေ့ရဖူးသည်။ ခါးကို အညောင်းမမိအောင် ပြုပြင်ပေးခြင်းဖြစ်သည်။ ခရီးသွားလျှင် ခေတ္တနားရချိန်တွင် လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းသည် ခါးနာရောဂါမှ ကာကွယ်ရာရောက်ပါသည်။

**ခရီးသွား၍ခါးနာခြင်းမှ ကင်းဝေးစေရန်**

(၁) ထိုင်ခုံကို ရွေးချယ်ပြီး ရှေ့နောက် ဆန့်နိုင်သော ထိုင်ခုံပါသည့်ယာဉ်ကို ရွေးချယ်ပါ။

(၂) သားရေထိုင်ခုံများဖြစ်လျှင် အပူဒဏ်ကာကွယ်သည့်အဝတ်ခင်း၊ ထိုင်ခုံအစွပ်များပါလျှင် ကောင်းပါသည်။

(၃) လေဝင်လေထွက်ကောင်းသည့် ခေါင်မိုးမြင့်သည့်ယာဉ်ကို ရွေးချယ်ပါ။

(၄) လေအေးပေးစက် ကောင်း၊ မကောင်း စစ်ဆေးပါ။

(၅) လေအေးပေးစက် အလွန်အကျွံဖွင့်လျှင် အအေးဒဏ်ကြောင့် ခါးဆစ်ခဲခြင်းမဖြစ်စေရန် ခါးမနာစေသော ခါးပတ် သို့မဟုတ် စောင်တဘက်ဖြင့် အအေးဒဏ်ကာကွယ်ရန် ဆောင်ထားပါ။

(၆) ယာဉ်ရပ်နားသည့်အခါတိုင်း အပေါ့အပါးသွားခြင်း၊ ခါးဆန့်၍ လေ့ကျင့်ခန်းလုပ်ခြင်းများ ပြုလုပ်ခြင်းဖြင့် ခါးနာရောဂါမှ ကာကွယ်နိုင်ကြောင်း တင်ပြလိုက်ရပေသည်။

ခရီးသွားရာတွင် ထိုင်ရသည့် ထိုင်ခုံများ သက်သောင့်သက်သာ မဖြစ်ခြင်းကြောင့် ခါးနာတတ်သလို လမ်းခရီးကြမ်းသဖြင့် ကားဆောင့်ခြင်း၊ ရထားသံလမ်းများ မကောင်းသဖြင့်၊ တွဲများမကောင်းသဖြင့် ရထားစီးလာသူများ ခါးနာသည်ကိုလည်း မကြာခဏ တွေ့ရ . . .



စာမျက်နှာ ၁၆ မှ

ပြဿနာတွေကို အပိုင်းနှစ်ပိုင်းခွဲပြီး ပြောရမှာဖြစ်တယ်။ ပထမပိုင်းက လူနာတွေ ပြည်သူလူထုတွေဘက်ကအပိုင်း၊ လူနာတွေက သမီးမေမေမှာ ဖြစ်သလို ခတ်ကင်ရမယ်ဆိုတာနဲ့ အကြောက်ကြီး ကြောက်ပြီး ထွက်ပြေးချင်ကြတယ်။ အရပ်ထဲမှာ ပျံ့နှံ့နေတဲ့'ခတ်ကင်ရင်သေမှာပဲ။ ကင်မနေနဲ့ဆိုတဲ့စကားကြောင့်ပေါ့။ နောက်တစ်ခုက လူနာတွေက ခွဲရမှာကိုရော ခတ်ကင်ရမှာကိုရော ကြောက်ကြတယ်။ အဲ့ဒီမှာပဲ လူနာတွေအကြိုက် မခွဲမစိတ် မဖြတ်မတောက်၊ ခတ်မကင်ရဘဲ ဆေးတစ်ဖုံသောက်ရုံနဲ့ ကင်ဆာကိုအမြတ်ပြတ်အောင် ကုပေးမယ်ဆိုပြီး ကြော်ငြာတဲ့ ဆေးမြီးတို တွေကို လူနာတွေ အားကိုးတကြီးနဲ့ ရွေးချယ်တတ်ကြတာပါပဲ။ ဒါကြောင့် ပြောတာလောကမှာ မရှိတာထက် မသိတာက ခက်သတဲ့၊ မသိတာထက် အသိမှားတာက ပိုခက်တယ်လို့လေ။ သမီးမေမေက အကောင်းဆုံးသက် သေပဲ မဟုတ်လား။

ဒီပြည်သူလူထုကြားမှာ ပျံ့နှံ့အမြစ်တွယ်နေတဲ့ အယူအဆအမှားတွေကို ပြုပြင်ပြောင်းလဲနိုင်ဖို့ အရေးကြီးတယ်။ ပထမဆုံး ခတ်ကင်တယ်။ ကင်တယ်ဆိုတဲ့ နားဝင်ဆိုးတဲ့ စကားကို ပြောင်းရမယ်။ ဒီစကားကြောင့် လူနာတွေ ကြောက်မယ်ဆိုရင်လဲ အပြစ်မတင်သင့်ဘူး။ သမီးပဲ မြင်ယောင်ကြည့်လိုက်။ ကင်တယ်ဆိုတော့ မီးဖိုမှာအကင်ခံနေရတဲ့ ငါးကလေးလိုပဲ လူနာက တန်းကနဲမြင်ပြီး အဲ့ဒီ ငါးလေးလိုဖြစ်မှာ ကြောက်တာပေါ့။ အဲသလို ငါးကင်သလို ကင်တာမဟုတ်ဘူး။ ခတ်ရောင်ခြည်နဲ့ပြရုံပြလိုက်တာ။ ပူတာ၊ နာတာ၊ ကျင်တာ မရှိပါဘူး။ နောက် တစ်ချက်ကတော့ မခွဲမစိတ်၊ ခတ်မကင်ဘဲ ဆေးတစ်ဖုံနဲ့ကင်ဆာအမြစ်ပြတ်ပျောက်ဆေးဆိုပြီး ကြော်ငြာကောင်းတဲ့ ဆေးမြီးတိုတွေ ဆရာတု၊ ဆရာယောင်တွေကို ယုံစားပြီး မိမိရဲ့ အသက်နဲ့ ခန္ဓာကိုယ်ကို ပုံမအပ်လိုက်မိဖို့ပါပဲ။

နောက် ပြုပြင်ပြောင်းလဲရမယ့် အပိုင်းကတော့ ကျန်းမာရေးဌာန၊ အစိုးရရဲ့အပိုင်းပါပဲ။ ကင်ဆာလူနာတွေက ခတ်ရောင်ခြည်နဲ့ ဆေး ကုဖို့ ပိုပိုပြီးယုံကြည်အားကိုးလာအောင် အပြောနဲ့မဟုတ် အလုပ်နဲ့လက်တွေ့ပြနိုင်ဖို့ အရေး ကြီးတယ်။

အခုလက်တွေ့မှာ တကယ်ကြုံတွေ့ရတာကများပြားလှတဲ့ လူနာတွေနဲ့ အခုလက်ရှိ ရှိနေတဲ့ ခတ်ရောင်ခြည်စက်တွေက ဝန်နဲ့အား မမျှတဲ့ ကိစ္စဖြစ်တယ်။ မြန်မာတစ်ပြည်လုံးမှာ ရန်ကုန်ရယ်၊ မန္တလေးရယ်၊ တောင်ကြီးမှာရယ်ပဲ ခတ်ရောင်ခြည်စက်တွေရှိတယ်။ လူနာတွေကများလွန်းလို့ ခတ်ရောင်ခြည်နဲ့ကုသခွင့်ရဖို့ တန်းစီစောင့်ဆိုင်းရတယ်။ နှစ်လ၊ သုံးလ၊ လေးလစသဖြင့် လနဲ့ချီပြီး စောင့်ပြီးမှ ကိုယ့်အလှည့်ရောက်တာ။ သမီးပဲ စဉ်းစားကြည့်။ ဒီလိုမျိုးကင်ဆာရောဂါကြီးဖြစ်မှန်းသိလို့ အိပ်လို့မပျော်၊ စားမဝင်နိုင်အောင် အကြောက်ကြီးကြောက်နေတဲ့ လူနာဟာ ခတ်ရောင်ခြည်နဲ့ကုသခွင့်ရဖို့ ဒီလောက်အကြာကြီး စောင့်နေရပြီဆိုမှတော့ အဲဒီစောင့်ရတဲ့အချိန်မှာ သူတို့တွေ ဘယ်လို ခံစားရမလဲ။ ဘယ်လောက်တောင် တုန်လှုပ် ချောက်ချားလိုက်မလဲ။ အဲ့ဒီအချိန်မှာ ရေနစ်နေတဲ့လူလိုပဲ ကောက်ရိုးမျှင်လေးတစ်မျှင်ကိုတောင် အားကိုးတကြီးနဲ့ ဆွဲမိ ဆွဲရာ ဆွဲမှာသေချာတယ်။ အဲ့သလို အားငယ်ပြီး လူနာကယ် ရာမဲ့ဖြစ်နေချိန်မှာ သူတို့အနား ကြော်ငြာကောင်းကောင်းနဲ့ ရောက်လာတဲ့ ကင်ဆာအမြစ်ပြတ်ဆေးတွေကို အားကိုးမိသွားတာကို ဘယ်လိုလုပ်ပြီး အပြစ်တင်ရက်ပါ့မလဲကွယ်။ ဒါကြောင့် ဒီလို အဖြစ်ဆိုးမျိုးတွေက ကင်းဝေးအောင် ခတ်ရောင်ခြည်စက် အသစ်တွေ ထပ်တိုးချဲ့နိုင်ဖို့ အရေးတကြီးလိုအပ်နေပါတယ်။ ဆရာတို့တိုင်းပြည် ပိုက်ဆံတွေ မြန်မြန်ချမ်းသာ လာပါစေ။ ခတ်ရောင်ခြည်စက်အသစ်တွေ မြန်မြန် ထပ်ဝယ်နိုင်ပါစေလို့ ဆုတောင်း လိုက်ပါတယ်။

ကိုင်း သမီးလေးပုံ့ပုံ့ရေ ဒီလို ဆိုးရွားရက်စက်ကြောက်စရာကောင်းတဲ့ သားအိမ်ခေါင်း ကင်ဆာကို ကာကွယ်နှိမ်နင်းနိုင်ဖို့ "သိ" ငါးလုံးနဲ့ ပြည့်စုံဖို့လိုတယ်။ ပထမ'သိ'က ဘာကြောင့်ဖြစ်မှန်းသိဖို့၊ ဒီရောဂါဟာ HPV ဗိုင်းရပ်ပိုးလိင်ကတစ်ဆင့် ကူးစက်မှန်း သိဖို့ဖြစ်တယ်။ ဒုတိယ 'သိက' ဘယ်လို ကာကွယ်ရမှန်းသိဖို့၊ လိင် ကိစ္စစည်းကမ်းရှိဖို့၊ ကာကွယ်ဆေးထိုးဖို့ 'သိ' ရမှာဖြစ်တယ်။ တတိယ 'သိ'က တော့ ဒီရောဂါ ကြီးဖြစ်မလာခင် အကြိုအဆင့်ရှိမှန်း 'သိဖို့'၊ အဲဒီ အဆင့်ကိုလည်း သားအိမ်ခေါင်းချွဲမြှေးကို မှန်မှန်စစ်ဆေး၊ တွေ့ရင်ဆေးကုလို့ရမှန်း 'သိဖို့' ဖြစ်တယ်။

စတုတ္ထ 'သိ' ကတော့ ရောဂါလက္ခဏာ ပြတာနဲ့ စောစော 'သိ'ဖို့ သွေးဆုံးပြီးမှ သွေးပြန်ဆင်း၊ ပုံမမှန်၊ အတူနေသွေးဆင်း အဖြူအပုတ်ဆင်း၊ အရေးကြီးခြင်းဆိုတဲ့ လက္ခဏာလေး အတိုင်းပေါ့။

ပဉ္စမ 'သိ'ကတော့ စောစောသိ စောစောကုရင် စောစောပျောက်မှန်းသိဖို့ခွဲစိတ်ကု ခတ်ရောင်ခြည်နဲ့ ထိထိရောက်ရောက်ကုလို့ရမှန်းသိဖို့ဖြစ်တယ်။

ကိုင်း သမီးလေး ပုံ့ပုံ့ရေ ကြောက်ရွံ့ခြင်းဆိုတဲ့ 'အမှောင်ထုကြီးကို အသိဉာဏ်ပညာဆိုတဲ့ အလင်းရောင်နဲ့' မောင်းနှင်ထုတ်ပစ်ကြစို့နော်။ ဒီရန်သူကိုကြောက်ရင် သူ့အကြောင်းတိတိကျကျ ဂဃနဏ သိအောင်လုပ်ရမယ်။ ဒါမှ သူနဲ့ မတွေ့အောင် ကွေ့ရှောင်တဲ့နည်းတွေ၊ ကာကွယ်တဲ့ နည်းတွေ၊ မလွဲမရှောင်သာရင်ဆိုင်တွေ့ ရင်တောင် ကိုယ်က ဦးအောင်အနိုင်တိုက်တဲ့ နည်းလမ်းတွေ ပိုသိလာမယ်။ 'သိ'လာတဲ့ 'အသိ'တွေကို လက်တွေ့ကျကျလိုက်နာကျင့် သုံးနိုင်ပြီဆိုရင် ဒီ ရောဂါဆိုးကြီးကို အနိုင်တိုက်နိုင်ပြီပေါ့။ သမီးပုံ့ပုံ့နှင့်တကွ မြန်မာအမျိုးသမီးတွေအားလုံး သမီးကြောက်တဲ့ 'သားအိမ် ခေါင်းကင်ဆာ' ဘေးဆိုးကြီးက လွတ်ကင်းနိုင်ကြပါစေလို့ ဆုတောင်း ရင်း . . .


MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်
နေ့စဉ်ဘဝကို အကျိုးရှိစေသည်
ဈေးဝယ်ကူပွန်များ၊ ကံစမ်းမဲများ၊ သတင်းများ၊ မြန်မာ့ဝတ္ထုတိုများနှင့်
အခြားစိတ်ဝင်စားဖွယ် အသစ်များကို နေ့စဉ် အခမဲ့ ရရှိနိုင်ပါသည်။
လိုတရ
lotayamm.com
[သို့] "7000" သို့ "LTY" ဟု SMS ပေးပို့လိုက်ပါ
မာတိကာများ
New!! ကူပွန်
စားသောက်ဆိုင်နဲ့ Spa များအပါဝင် ကုမ္ပဏီများမှ အထူးလျှော့ဈေး လက်ဆောင်များစသော အထူးခံစားခွင့် အမျိုးမျိုးပါဝင်သောကူပွန်များ အခမဲ့ရရှိနိုင်ပါပြီ၊ MPT အသုံးပြုသူများအားလုံး (CDMA အသုံးပြုသူများမှလွဲ၍) ယခုပင်အကျိုးခံစားခွင့်များကို လိုတရကူပွန်များနဲ့အတူ ရယူလိုက်ပါ!
New!! ကံစမ်းမဲ
MPT အသုံးပြုသူအားလုံး (CDMA အသုံးပြုသူများမှလွဲ၍) လိုတရကံစမ်းမဲကို ဝင်ရောက်ကံစမ်းနိုင်မည်ဖြစ်ပြီး တစ်ရက်လျှင် ကံထူးသူ အယောက် (၃၀) ကို ၁၀၀၀ ကျပ်တန်ငွေဖြည့်ကတ်များ ကံစမ်းပေးနေပါပြီ၊ ကံမထူးခဲ့လျှင်လည်း မိနစ် (၃၀) အကြာတစ်ခါပြန်လည်ကံစမ်းနိုင်မည်ဖြစ်သောကြောင့် ယခုပင်ဝင်ရောက်ကံစမ်းလိုက်ပါ!
နောက်ဆုံးရ သတင်းများ
မိုးလေဝသသတင်း အချက်အလက်များ
နေ့စဉ် ငွေလဲလှယ်နှုန်းများ
ဉာဏ်စမ်း ပဟေဠိများ
မြန်မာ့ဝတ္ထုတိုများ
ဈေးဝယ်ကူပွန်များနှင့်
အခြားစိတ်ဝင်စားဖွယ်အသစ်များ
အထက်ပါအကြောင်းအရာတို့ကို အချိန်နှင့်တပြေးညီ နေ့စဉ် အခမဲ့ရရှိနိုင်ပါသည်။
လိုတရ အသုံးပြုပုံ
lotayamm.com
1. သင့် ဖုန်းအတွင်းမှ Internet Browser ကိုဖွင့်ပါ။
2. Lotayamm.com ဟု ရိုက်နှိပ်ပြီး ရှာဖွေနိုင်ပါသည်။
[သို့]
"7000" သို့ "LTY" ဟု SMS အခမဲ့ ပေးပို့လိုက်ပါ
1. သင့်ဖုန်းအတွင်းမှ Message ကိုဖွင့်ပါ။
2. 7000 သို့ LTY ဟု ရိုက်နှိပ်ပေးပို့လျှင် Lotaya သို့ဝင်ရောက်ရန် Link ရရှိမည်ဖြစ်သည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

# GUSTO International College

UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာ
**July Intake** အတွက်လျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင် စာမေးပွဲ (သို့) IGCSE အောင်မြင်ပြီးသူတိုင်း စတင်လျှောက်ထားနိုင်သည်။
- စာသင်ကာလ ၂နှစ်အတွင်း ဘာသာရပ် ၁၆ခုကို စာတွေလက်တွေ့ သင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များ ဆက်လက်တက်ရောက်ရာတွင် အဆင်သင့်ဖြစ်စေရန် English (4 skills) ကိုပါ သင်ယူရမည်ဖြစ်သည်။
- လက်တွေ့လုပ်ကိုင်တတ်စေရန် Assignment များတင်သွင်းရမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးဆုံးပညာရေးအဖွဲ့အစည်းဖြစ်သော Edexcel မှ ချီးမြှင့်သည့် Level 5 အဆင့်ရှိ Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက UK, USA, Australia, Singapore စသည့်နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၌ ဖြစ်စေ၊ ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ နောက်ဆုံးနှစ် (၁)နှစ် တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
  (နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်သင်ယူသည့် GUSTO ကျောင်းသားတိုင်းအတွက် အထူးအခွင့်အရေး Scholarship များရရှိမည်ဖြစ်သည်။)
- ၂၀၁၆ ဇူလိုင်တန်းခွဲသစ် တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ ယနေ့မှစ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

*နယ်မှ ကျောင်းသူ/ သားများအတွက် အဆောင်စီစဉ်ပေးသည်။*

(09) 862 8806, (09) 789 888 222, (01) 504632

အမှတ် (၂၈၉/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ဧည့်ရိပ်သာ / နေ့ချင်းပြန်
Ph: 01 707062, 09 799100100
01 703790, 09 797100100

ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ် အထူးခရီးစဉ်
ကယား - လွိုင်ကော် နှင့် ရှမ်း - ဝင်ခွန်
၁၆ - ၇ - ၂၀၁၆ မှ ၁၉ - ၇ - ၂၀၁၆ အထိ
သုခမိန်ဇာဒေး 09 51 55654 / 09 965155654 / 01 253079

## ဂျပန်နိုင်ငံရဲ့ အင်ဂျင်နီယာနည်းပညာတွေ သင်ယူချင်ပါသလား?

- Okayama နည်းပညာတက္ကသိုလ်မှာ အဆင့်မြင့် အင်ဂျင်နီယာနည်းပညာတွေသင်ယူနိုင်ပါတယ်။ ကျောင်းတက်ရင်း Part Time အလုပ်လုပ်ရင်း ဝင်ငွေရှာနိုင်ပါတယ်။
- သင်တန်းအောင်မြင်ပြီး ဂျပန်စာအခြေခံရှိသူတိုင်း (အမှတ်စာရင်းမလို) Automotive Eng, Electrical Eng, Civil and Surveying, Archilture, Manufacturing, Information System, Bioscience, Audio & Visual တဲ့ Major တွေကို နှစ်သက်ရာ ရွေးချယ်နိုင်တက်ရောက်နိုင်ပါတယ်။
- လိုအပ်တဲ့ ဂျပန်စာအခြေခံကို GLORY မှာသင်ယူပြီး ဂျပန်ကျောင်းဝင်ခွင့်နဲ့ ကျောင်းတက်ရန် ဗီဇာလုပ်ငန်းများအတွက် ဝန်ဆောင်ခ မယူဘဲ အခမဲ့ GLORY မှ ကူညီ ဆောင်ရွက်ပေးပါတယ်။

ဂျပန်စာ တန်းခွဲသစ် (17.7.2016) စဖွင့်

GLORY No.138 / 140 ၊ ဒုတိယ ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
www.glory-education.com ☎ 09-73121717, 09-5197817

သင်ကြားရေးသင်ထောက်ကူ လေ့ကျင့်ခန်းနှင့်အဖြေများ
*Student's Review*

**English** Work Book
(Grade 1 to Grade 10)
ကိုကောင်းရိပ်စာတည်းအဖွဲ့
ဦးတင်ထွန်း (B.A- English)

**Mathematics** Work Book
(Grade 1 to Grade 10)
ဦးမြင့်သန်း (တွဲဖက်ပါမောက္ခ-ငြိမ်း)
ဦးအောင်မျိုး (M.Sc-Maths.)

*Student's Review* ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်
အဋ္ဌမတန်း အင်္ဂလိပ်စာ မေးခွန်းဟောင်းနှင့်အဖြေများ
ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်စစ်မေးခဲ့သော မေးခွန်းဟောင်းများကို မေးခွန်းပုံစံအတိုင်း အမှတ်ပေး စည်းမျဉ်းနှင့်အညီ ဖြေဆိုထားပါသည်။
(၃၄) စုံ
UTA (ရန်ကုန်တက္ကသိုလ်)

ကောရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ဗဟန်းတောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉၇၃၀၅၁၁၁၆၊ ၀၉၅၀၂၆၆၇၀၊ ၀၉၅၅၀၁၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

Singapore - Cambridge GCE 'O' / 'A' Level တက်ရောက်လိုသူများအတွက်
F.I.S (Singapore) မှ ချီးမြှင့်ပေးမည့် Scholarship အစီအစဉ်နှင့် ပညာရေးဆွေးနွေးပွဲ



Scholarship ကို ကျောင်းသား/သူ (၅) ဦး အားရွေးချယ် ချီးမြှင့်ပါမည်
၁၀၀% Scholarship (ကျောင်းစရိတ် + နေထိုင်စရိတ် အပြီး) အတွက် ကျောင်းသား / သူ (၁) ဦး
Partial Scholarship (ကျောင်းစရိတ်) အတွက် ကျောင်းသား / သူ (၄) ဦး အား ရွေးချယ်ပေးမည့် အစီအစဉ် အပြင်
F.I.S ၏ Vice Principal ဖြစ်သူ Mr Terry Robert Kisling မှ စင်ကာပူရှိ NUS, NTU, SMU စသည့် ထိပ်တန်းတက္ကသိုလ်များသို့ တက်ရောက်နိုင်ရန်အတွက် ဝင်ခွင့်လိုအပ်ချက်များကိုလည်း ဆွေးနွေးပေးသွားပါမည်။
ပညာရေးဆွေးနွေးပွဲသို့ (အခမဲ့) တက်ရောက်နိုင်ပြီး ထိုင်ခုံအရေအတွက်ကန့်သတ်ထားပါဖြင့် တက်ရောက်လိုပါက ကြိုတင်၍ နာမည်စာရင်းပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။
10th July (Sun)
2 PM - 4 PM
Parkroyal Hotel
www.facebook.com/MTEC
Myanmar Telesis 01 - 527 168 09 - 452 777 507


## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MAKASSAR HIGHWAY V. 166Aသင်္ဘောသည် ၉-၇-၂၀၁၆ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**


ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ဆွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

အောင်နိုင်သူ ပဟာဇိန် ကုမ္ပဏီလီမိတက်
Winner Super Diamond Pile Co., Ltd.
W.S.D Group



# W.S.D Pile

Licence No.PL-12

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ဖိုက်ခြင်း၊ Bored Pile, လှုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph: 01-381964, 09-73131288, 09-73150482, 09-250499988
Off: Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊ (၃၃)လမ်း၊ (၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507

မျာပိုဒ်သား ထူးထူးခြားခြားဒါနခရီးစဉ်များ
၁၅၀၀၀
၃၅၀၀၀
Ph:09425334456,0949323965,0949578205

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ရွှေသင်္ဘော (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ပုဂံ ပုပ္ပါး ပုဂ္ဂိုလ် ခရီးစဉ်
420144148, 421153797

NEW MOTION Travels & Tours
Find Us On Facebook
Aug 16 - သီရိလင်္ကာဗုဒ္ဓဘာသာ ခရီးစဉ်
Aug 15 - ဥရောပခရီးစဉ်
July 22 - စင်္ကာပူ-ဘာတန်ခရီးစဉ်
Aug 19 - ကိုရီးယားခရီးစဉ်
သန်လျက်-ပတ္တရားခရီးစဉ် - July 15
ဂျပန်-ဟိုကိုင်းဒိုးခရီးစဉ် - July 23
ဗီယက်နမ်ခရီးစဉ် - July 23
ဂျပန်ခရီးစဉ် - July 24
Yangon Office: No.20, Kyuntaw Rd, Sanchaung Tsp. Tel: 01-508124, 523253, 09-73140933~44~55~66
Mandalay Office: No.234, 33rd St, Bt 81 & 82 St. Tel: 09-43147879, 259033443, 797522254

စျေးပေါပေါနဲ့ခရီးသွားချင်ပါသလား?
BUDGET AIRLINES SPECIALIST ကို
ဆက်သွယ်လိုက်ပါ
SL, AK, FD, DD, TR, 3K, VJ အစရှိသည့် လေယာဉ်လက်မှတ်များ ဝယ်ယူရရှိနိုင်ပါပြီ
လေယာဉ်ပျံလက်မှတ် ကိုလံဘတ်(စ်)
Columbus Travels & Tours
T: 01-229245, 01-378535
T: 09-792323561~62, 09-977808930





ဆက်သွယ်ရန် -
Ph: +95 9 453955501 +95 9 453955502
Email: myanmar.fortis@gmail.com fortis hospital, myanmar representative office

Fortis
အိန္ဒိယနိုင်ငံရှိ Fortis ဆေးရုံအား မိတ်ဆက်ခြင်း နှင့် ကျန်းမာရေး ဟောပြောပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခြင်း

| ဆရာဝန်အမည် | ဟောပြောမည့်အကြောင်းအရာ |
|---|---|
| Dr.Sanjay Gogoi | ကျောက်ကပ်အစားထိုးခြင်းအကြောင်း သိကောင်းစရာ |
| Dr.Manav Wadhawan | အသည်းအစားထိုးခြင်းအကြောင်း သိကောင်းစရာ |
| Dr.K M Mandana | နှလုံးရောဂါအကြောင်း သိကောင်းစရာ |
| Dr.Anusheel Munshi | ဓါတ်ရောင်ခြည် ကင်ဆာကုထုံးအကြောင်း သိကောင်းစရာ |

ဓနေ့ရက် - ၉.၇.၂၀၁၆ (စနေနေ့) အချိန် - မွန်းလွဲ (၁) နာရီ မှ (၅) နာရီထိ
နေရာ - Grand United Hotel အမှတ် (၃၅)၊ ဗဟိုလမ်း (ဗဟိုအမျိုးသမီးဆေးရုံရှေ့)၊ ရန်ကုန်မြို့။




# 5TH MYANMAR PLAS PRINT PACK

မြန်မာနိုင်ငံ၏ ပလတ်စတစ်၊ပုံနှိပ်၊ ကုန်ထုပ်ပိုးမှုစိုက်ပျိုးရေးနှင့်စားသောက်ကုန် အစရှိသည့်စက်မှုလုပ်ငန်းပြပွဲကြီး

ကုန်စည်ပြပွဲကိုလာရောက်ပါက ဒိုင်နှင့် တိုက်ရိုက်ဆွေးနွေးမေးမြန်းညှိနှိုင်းနိုင်ပါသည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၊
၁၅ရက်နေ့ မှ ၁၈ ရက်နေ့ထိ

MEP Myanmar Event Park
Shin Saw Pu Rd, Yangon, Myanmar

• ၁၅ ရက်နေ့ မှ ၁၇ ရက်နေ့ ၊ နံနက် ၁၀နာရီ မှ ညနေ ၄း၃၀ ထိ ။ • ၁၈ ရက်နေ့ ။ နံနက် ၁၀နာရီ မှ ၂ နာရီ ထိ။

www.myanmar-expo.com/plasprintpack myokyiphyutun25@gmail.com 01-9010753 / 01-9010754

Organizer Yorkers Trade & Marketing Service Co., Ltd.
Co-Organizer Myanmar Plastics Industry Association (MPIA)
Official Supporter Republic of the Union of Myanmar Federation of Chambers of Commerce & Industry (U.M.F.C.C.I.)
Myanmar Printers & Publishers Association (MPPA)
Myanmar Food Processors and Exporters Association (MFPEA)
Event Management Chan Chao International Co., Ltd.



မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ( FDA ) မှ ပထမဦးဆုံးအသိအမှတ်ပြု အရပ်ရှည်ဖြည့်စွက်အာဟာရ



# အရပ်ပုလို့ စိတ်ညစ်နေတာလား?

" ၃လမှ ၆လအတွင်း
သိသိသာသာ
အရပ်မြင့်လာရစေဖို့
အာမခံပါတယ် "

အသက်၁၃နှစ်မှ၃၀အထိကျား၊မ မရွေးသောက်သုံးခြင်းဖြင့်
မြင့်မားသောအရပ်အမောင်းကို အမှန်တကယ်ရရှိပိုင်ဆိုင်စေမှာဖြစ်ပါတယ်။

စိန်ဂေဟာ နှင့် Capital ဆိုင်တိုင်းတွင်လည်းဝယ်ယူရရှိနိုင်ပါသည်။

တစ်ဆင့်ပြန်လည်ရောင်းချလိုသော
အမြို့မြို့ အနယ်နယ်မှ အရောင်းကိုယ်စားလှယ်တော်များ
ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Height your LIFE UP !
HEIGHT XL
HEIGHT ENHANCEMENT FORMULA
Made in USA

Proudly Distributed by
Htut Myat Co.,Ltd



GMP FDA

ဆက်သွယ်ရန်လိပ်စာ
Height XL Office
အမှတ်-၆၀၊ ပထမထပ်၊ စံရိပ်ငြိမ် ၅လမ်းထိပ်၊ အင်းစိန်လမ်းမကြီး၊
လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 09-5192607, 09-5156033, 09-422493268, 09-254067198

HEIGHT XL ကိုတစ်နေ့ ၂လုံးပုံမှန်သောက်သုံးလိုက်ပါ



ရွှေနဂါး

လူကြီးမင်းတို့၏ အဆောက်အဦးများ၊ စက်ရုံများတွင် အပူရှိန်မြင့်မားမှုကြောင့် စိတ်ညစ်နေပါသလား ?

မိုးသံဆူညံသံကြောင့် အဆောက်အဦးအတွင်း ဆူညံမှုများဖြစ်ပေါ်နေပါသလား ?

ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊စက်ရုံများ၊စားသောက်ဆိုင်များအတွက်

အပူခံ၊အသံထိန်း (Insulation)
အမိုးသွပ်ပြား နှင့် အကာပြား



Please Call US
Ph:01-685985, 685990

ဝန်ထမ်းများ နေထိုင်ရန် အဆောင်များ နှင့် ဂိုဒေါင်များ၊ယာယီရုံးခန်းများ၊
လုံခြုံရေးဂိတ်များ ဆောက်လုပ်ရန် Mobile House များကို လည်း
ရွှေနဂါး အပူခံ အသံထိန်း ( Insulation) အမိုးသွပ်ပြားနှင့် အကာပြားများကို
အသုံးပြု၍လျင်မြန်စွာပြီးစီးအောင် ဆောင်ရွက်ပေးလျက် ရှိပါသည်။

မိုးရာသီအထူးလျှော့ဈေး



ဆက်သွယ်ရန်။ ။အမှတ်(၂၂)၊ပန်းတင်းဝန်ဦးရွှေဘင်လမ်း၊စက်မှုဇုန်(၁)၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။

မနက်ဖြန်စမည်

# 8, 9 & 10, JULY 2016

TATMADAW HALL | YANGON | MYANMAR

လှမ်းလာခဲ့ပါ

INTERNATIONAL EXHIBITIONS | နိုင်ငံတကာကုန်စည်ပြပွဲ

PLASTICS & PACKAGING | ပလတ်စတစ်နှင့် ထုပ်ပိုးမှုပစ္စည်းများ

2nd Edition

PLASTICS MYANMAR
DRIVING GROWTH
INTERNATIONAL PLASTICS EXHIBITION

ALL UNDER ONE ROOF

2nd Edition

compack Myanmar
COMPLETE PACKAGING EXPO

FOR COMPLETE PACKAGING SOLUTIONS

START A PLASTICS INDUSTRY TODAY
ယနေ့ပဲပလတ်စတစ် လုပ်ငန်းတစ်ခုစတင်လိုက်ပါ

9th July 1:30 pm နေ့တွင် ပလတ်စတစ်လုပ်ငန်းဆိုင်ရာ အခမဲ့ ဆွေးနွေးအကြံပေးချက်များ ရယူရန်အတွက် MPIA ဌာနတွင် စာရင်းပေးသွင်းပါ

90+ EXHIBITORS

COUNTRIES 10

LIVE DEMO OF MACHINES

FREE GUIDANCE

REPRESENT FOREIGN MACHINERY SUPPLIERS

BUY MACHINES

TRADE IMPORT AND SELL MATERIALS & PRODUCTS

Organised by
ENTERPRISING FAIRS INDIA
Creating opportunities | Delivering value

Co-Organised by
MPIA Myanmar Plastic Industry Association
Myanmar Industries Association

Supported by
NSIC ISO 9001 : 2008
The Plastics Export Promotion Council


ENTRY FREE
9.30 AM – 5.30 PM
ဝင်ကြေးအခမဲ့
နံနက် 9:30 မှ ညနေ 5:30 ထိ

Home Since 1996
think of house, think of Home

ဈေးနှုန်း အသက်သာဆုံး

Kitchen Cabinets
မီးဖိုခန်းသုံး နံရံကပ် ဗီရိုများ





** စိတ်တိုင်းကျ ဒီဇိုင်းမျိုးစုံ ရရှိပါသည်

Home Since 1996
think of house, think of Home




Grade A, B, C, D
အစစ်များသာ ရောင်းပါသည်။

ဈေးနှုန်းအနိမ့်ဆုံး
အမြင့်ဆုံးထိရှိပါသည်။

ကျွမ်းကျင်ပြုလုပ်ပေးသည်။ ကျင်းပြုပ်နှင့် Skirting အပြီးအစီး။

(Stock Limited အတွင်းသာ)

Branch Showroom > အမှတ် E 11-A၊ လေးထောင့်ကန်လမ်း၊ ဘီအိုစီမှတ်တိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 79 700 7073, 09 79 700 7083

ဒဂုံမြို့သစ်
အထူး
အိမ်တစ်ပြဿနာ
တောင်ပိုင်း မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

သိန်းသန်းဆက်
အိမ်ပြောင်း/ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
ကားနှင့် လုပ်သားအပါ
Ph: 09-440390558
09-784109116




CREATE YOUR OWN
UNIQUE WORK PLACE

ရုံးခန်းအကျယ် 767 Sqft မှ 6000 Sqft အထိ အထပ်တိုင်းတွင် ရရှိနိုင်သည့်အပြင် Ground Floor နှင့် River View Rooftop တွင် Bar, Restaurant, Coffee Shop ဖွင့်လှစ်ရန်သူများအတွက် စတင်စုံစမ်းနိုင်ပါပြီ။

အမှတ် (၄၂၂)၊ ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

NEXLAND Details call: +95(1)202050, 202057
Email: marketing@nexland.co
www.nexland.co


telenor
အကြီးမားဆုံးအင်တာနက်ကွန်ရက်၏
4G ဝန်ဆောင်မှု
နေပြည်တော် တွင် စတင်ပါပြီ။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးအင်တာနက်ကွန်ရက်
အသေးစိတ်အချက်အလက်များကို www.facebook.com/TelenorMyanmar
(သို့) www.telenor.com.mm တို့တွင် ကြည့်ရှုနိုင်ပါသည်။

သင်ရိုးကုန် ၅ တန်း၊ စတုတ္ထတန်း ဘာသာစုံ ပညာချွန်
မြန်မာစာ အင်္ဂလိပ်စာ သင်္ချာ အခြေခံသိပ္ပံ သမိုင်း ပထဝီဝင် စာရိတ္တနှင့်ပြည်သူ့နီတိ ဘဝတွက်တာ
ပညာဗိမာန် (ပညာချွန်) စာအုပ်တိုက်
အမှတ် (၂၅၃)၊ ဓမ္မဇေတီ(၂၅) လမ်း... Ph: 01 253 143, 09 730 29336

STARFISH Education
KAPLAN Certified Education Provider
World Class Training for
IELTS® | TOEFL® | SAT® | ACT® | GRE® | GMAT®
NOW IN MYANMAR
GET HIGH SCORE AND GET INTO YOUR TOP COLLEGE AND UNIVERSITY CHOICES
100% GUARANTEED
No. (3-B), Power Condo, Insein Road, Hledan, Kamaryut Township, Yangon, Myanmar
Ph: 09777264230, 09777264231 Website: www.starfishkcep.com.mm
General English Courses
Weekday တန်းခွဲသစ်များ July 11, 14, 18 စမည်။
Weekend တန်းခွဲသစ်များ July 23 စမည်။
Weekday Evening တန်းခွဲသစ်များ July 25 စမည်။
Call Today
09 799905715
09 253179825

ပန်းချီဆေးသုတ်အဖွဲ့
Unitex Orient Premier ICI Nippon
www.myanmarpaintgroup.com
09-799901512, 09-73174830, 09-5131799

မီးဘေးရှောင်
မလောင်ခင်တား

အမှတ်ပြည့်ရအောင် ဘယ်လိုဖြေကြမှာလည်း?
-ပြောင်းလဲလာတဲ့ မေးခွန်းတွေနဲ့ ထိတွေ့စေချင်တယ်၊
-ဆန်းသစ်လာတဲ့ အတွေးယုက်တွေနဲ့လည်း နီးစပ်စေချင်ပါတယ်။
'မဟာရန်ကုန်ရဲ့ ဓာတုဗေဒ သရဖူ'
ဆရာ သိန်းသိန်း ဓာတုဗေဒ
AN EASY GUIDE TO CHEMISTRY
တက္ကသိုလ်ဝင် စာမေးပွဲ ၂၀၁၆၊ ၂၀၁၅ (ပြည်တွင်း၊ နိုင်ငံခြား) ရှင်းလင်းချက်များအပြည့်အစုံ အမှတ်ပေးစည်းမျဉ်းနှင့် အညီရေးသားပြုစုထားသည်။
တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
ဖြန့်ချိရေး... ပြည့်ဝေကျော် စာပေ
အမှတ် ၄၅၆၊ ရွှေဘုံသာလမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၁ ၃၀၅၁၁၉၆၊ ၀၉ ၇၃၀ ၂၅၉၂၉
ထွက်နေပြီ

ကွန်ဒိုတိုက်ခန်းငှားမည်
နှင်းဆီကုန်းလမ်း၊ ကင်းတာဝါ(၅)လွှာ၊ နိနိဓာတ်ခွဲခန်းအပေါ်ထပ်၊ ၄၀'×၈၀'၊ Master BedRoom 3ခန်း၊ Aircon (6)လုံးပါ၊ ဓာတ်လှေကား နှစ်စင်း၊ ကားပါကင်(၁)နေရာ
ဖုန်း-၀၁-၂၅၂၀၃၀၊ ၀၁-၂၅၄၇၈၀

စက်မှုဇုန်မြေ၊ ဂိုဒေါင်ရောင်းမည်/နှစ်ရှည်ငှားမည်
ဒဂုံဆိပ်ကမ်း၊ စက်မှုဇုန်(၂)တွင်ရှိ မြေ(၁)ဧကကျော်နှင့် ဂိုဒေါင် (၂၅၀၀၀)စတုရန်းပေ၊ ရေ၊ မီး(315)KVA အပါအဝင်ကို ရောင်းမည်/ နှစ်ရှည်ငှားမည်။ ဈေးနှုန်း(ညှိနှိုင်း)
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၂၀၄၀၂၊ ၀၁-၂၉၅၄၉၄၊ ၀၁-၃၉၇၈၈၃

LCCI - EDI (UK) မှ ဦးဖြင့်သာဆုရားချွန်သင်တန်းကျောင်းဘုရ
မီးမျှားပန်းခင်း
ပညာရေးဝန်ဆောင်မှုလုပ်ငန်း
LCCI စာရင်းကိုင်သင်တန်း Level 1-2-3
AutoCount Computerised Accounting
2016-December Series (July)တန်းခွဲသစ်များ(9.7.2016)စပြီ။
(15.7.2016) အတွင်းအပ်နှံသူများ 10% Discounts ရမည်။
09-5118647-73009869-73013432-73028433

"မွှေးစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ပို့ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029, 09-4615420

တတ္ထသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများ
Speaking Competence Course အပ်နှံနိုင်ပါပြီ။
at Think in English
Registering now
Tel: 09425026102 3 U Weik Zar Street, Pazundaung, Yangon

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

မိုးရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
DYNA 15', 16'
09 5024774
09 73179228
09 49155515
09 49225338

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123



ထူးချွန်သော ကွန်ပျူတာပညာရှင်ဖြစ်ပြီး အလုပ်အကိုင်ပါတစ်ပါတည်းရလိုသူများအတွက်
ကွန်ပျူတာ ဒီပလိုမာ နှင့် ကွန်ပျူတာ ဘွဲ့သင်တန်းများ
B.Sc (Hons) Business IT, University of Greenwich, UK
■ Full - Time (Mon-Fri)
■ Part - Time (Sat-Sun) (Part - Time)
Enroll Now!
f www.facebook.com/mcc.institute
Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 09-402671562, 011-202113
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132
MCC Polytechnic (Monywa) Ph - 09-965676777, 09-265333120
MCC Polytechnic (Pathein) Ph - 09-420179306, 09-782597298


## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၈) လမ်း၊ အမှတ်- ၄၈ နေ ဦးအောင်မင်းဦး (၁၂/လသန (နိုင်) ၀၀၀၇၅၄) ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

LUCK®

မှတ်ပုံတင်အမှတ်- ၄/၉၄၄၈/၂၀၁၄

GOOD®

မှတ်ပုံတင်အမှတ်- ၄/၉၄၄၉/၂၀၁၄

အထက်ပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများကို ကျွန်ုပ်၏မိတ်ဆွေမှ ၂၀၁၄ ခုနှစ်ကပင် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်၍ တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲလျက်ရှိရာ အဆိုပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများဖြင့် ခဲတံ၊ ဘောပင်၊ ခဲသားဘောပင်၊ Colour Pen၊ Correction Pen၊ Highlight Pen၊ ခဲဖျက်၊ ပေတံ၊ ကွန်ပါဘူး၊ ဗလာစာအုပ်၊ လက်ရေးစာအုပ်၊ ပုံဆွဲစာအုပ်၊ ဘောက်ချာစာအုပ်၊ ဖိုင်အမျိုးမျိုး၊ Stapler၊ Clip၊ Paper စသည့် ကျောင်းသုံး၊ ရုံးသုံးဆိုင်ရာ စာရေးကိရိယာအမျိုးမျိုးတို့ကို ထုတ်လုပ်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့ များအပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများအား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှသော်လည်းကောင်း (သို့မဟုတ်) လူအများမှသော်လည်းကောင်း (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုမှသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထပ်တူထပ်မျှ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား သံတူကြောင်းကွဲတုပသုံးစွဲခြင်း (သို့တည်းမဟုတ်) တုပမှတ်ပုံတင်ခြင်းတို့မပြုလုပ်ပါရန်နှင့် အကယ်၍တုပပြုလုပ်သုံးစွဲခဲ့ပါလျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာတရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန်သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

**ခင်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၇၃၁-၂၀၃၀၁

# ယူရို ၅၃၃ သန်းကျော် ရောင်းချခဲ့ရသည့် (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ




**နေပြည်တော် ဇူလိုင် ၆**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ ပြသရောင်းချရာ ပုလဲ၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများ ရောင်းချမှုစုစုပေါင်းမှာ ယူရို ၅၃၃ ဒသမ ၄၉ သန်းဖြစ်ကြောင်း ယနေ့ ညနေပိုင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ပုလဲအတွဲပေါင်း ၃၆၅ တွဲကို ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရောင်းချရာ ပုလဲ ၃၁၂ တွဲအား ယူရို ၃ ဒသမ ၁၂ သန်းဖြင့်လည်းကောင်း၊ ဇွန် ၂၇ ရက်က ကျောက်မျက်အတွဲပေါင်း ၅၁၂ တွဲကို တင်ပြရောင်းချရာ ၆၃ တွဲကို ယူရို ၃ ဒသမ ၂၉ သန်းဖြင့် လည်းကောင်း၊ ဇွန် ၂၈ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၆၀၆၂ တွဲကို တင်ပြရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၃၉၄၇ တွဲကို ယူရိုငွေ ၅၂၇ ဒသမ ၀၈ သန်းဖြင့်လည်းကောင်း ရောင်းချခဲ့ရသဖြင့် ပြပွဲ၏စုစုပေါင်း ရောင်းချမှုမှာ ယူရို ၅၃၃ ဒသမ ၄၉ သန်းဖြစ်ကြောင်း ပြပွဲနောက်ဆုံးနေ့ စာရင်းများအရ သိရသည်။

ယခုနှစ်ပြပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကုမ္ပဏီ ၈၁၃ ခုမှ ရတနာကုန်သည် ၁၈၆၆ ဦးနှင့် ဟောင်ကောင်ရှိ ကုမ္ပဏီ ၈၂ ခုမှ ကုန်သည် ၁၅၁ ဦးအပါအဝင် ဩစတြေးလျနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် ပြည်ပနိုင်ငံများမှ ကုမ္ပဏီပေါင်း ၉၁၉ ခုမှ ကုန်သည် ၂၀၆၉ ဦး၊ ပြည်တွင်းကုန်သည် ၂၁၀၈ ဦးဖြစ်၍ စုစုပေါင်း ၄၁၇၇ ဦး တက်ရောက်ခဲ့ကြောင်းနှင့် ယခင်နှစ်က ပြည်ပကုန်သည် ၂၃၀၀ ခန့်တက်ရောက်ခဲ့ပြီး ယခုနှစ်တွင် ပြည်ပကုန်သည် လာရောက်မှု ၂၅၀ ခန့် နည်းပါးကြောင်း သိရသည်။

ယခုနှစ်ပြပွဲတွင် ဝယ်ယူသူများက ရက်ပေါင်း ၉၀ အတွင်း ငွေအကျေပေးချေပြီးမှသာ ရောင်းချပြီး ကျောက်အတွဲများကို သယ်ဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ပြောသည်။

(၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲ ၁၂၆ တွဲအား ယူရိုငွေ ၅ ဒသမ ၄၉ သန်းဖြင့် ရောင်းချပေးချေခဲ့ပြီး ကျောက်စိမ်းအတွဲ ၅၈၄၃ တွဲအား ၉၃၈ ဒသမ ၅၈ သန်းဖြင့် ရောင်းချခဲ့သည့်အနက် ကျောက်စိမ်းအတွဲ ၁၄၆၈ တွဲမှာ လာရောက်မရွေးသဖြင့်

**စာမျက်နှာ ၉ ကော်လံ ၃ သို့** ❐

# အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ထိုင်းအသင်းဗိုလ်စွဲ

**နေပြည်တော် ဇူလိုင် ၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့မွန်းတည့် ၁၂ နာရီမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ ထိုင်းအသင်း ချန်ပီယံဆုရရှိသွားသည်။

ဗိုလ်လုပွဲအဖြစ် ထိုင်းအသင်းနှင့် မြန်မာ(က)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ထိုင်းအသင်းက သုံးပွဲပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ(က)အသင်းသည် ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တို့တွင် အနိုင်ရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ပထမပွဲငယ်တွင် မြန်မာအသင်းသည် အမှတ်အသာဖြင့် အကြိမ်ကြိမ် ဦးဆောင်နိုင်ခဲ့သော်

**စာမျက်နှာ ၉ ကော်လံ ၂ သို့** ○



ထိုင်းလူငယ်အသင်းနှင့် အိမ်ရှင်မြန်မာလူငယ် (က)အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# ရှုံးထွက်ပြိုင်ပွဲ သုံးကြိမ်ဆက်ချန်ပီယံရောဝတီ ပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရ

၂၀၁၆ ရာသီ ဗိုလ်ချုပ်ဆောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**

| | | |
|---|---|---|
| **ရခိုင်** | - | **တစ်ဂိုး** |
| **ရောဝတီ** | - | **ဂိုးမရှိ** |

ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဆု သုံးကြိမ်ဆက်တိုက်ရယူပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည့် ရောဝတီအသင်းသည် ရခိုင်အသင်းကို မထင်မှတ်ဘဲ ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရပြီဖြစ်သည်။ ရခိုင်အသင်းသည် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ဒွေးကိုကိုချစ်၏ တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ ရောဝတီအသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ပထမပိုင်းတွင် ကစားကွက်တည်မရခဲ့ဘဲ ရုန်းကန်ခဲ့ရသည်။ ရခိုင်အသင်းသည် ပွဲစကတည်းက ကစားကွက်မိမိဖြင့် ကစားနိုင်ခဲ့ပြီး ရောဝတီဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ မိနစ် ၂၀ တွင် ရခိုင်အသင်းတစ်လုံးတည်းသော အနိုင်ဂိုးရရှိခဲ့ပြီး တိုက်စစ်မှူး ဒွေးကိုကိုချစ်က ပယ်နယ်တီဧရိယာထိပ်မှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် ရောဝတီအသင်း

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

